# မြဝတီ

*The Mirror Daily*

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ပွားစီးတိုးအောင် အားထုတ်**

သူတစ်ပါး၏ အကျိုးစီးပွားအတွက် မိမိ၏ အကျိုးစီးပွား ဆုတ်ယုတ်အောင် မပြုသင့်ပေ။ ဤသို့ပြုသော် မိမိအား အကျိုးဖြစ်ထွန်းစေအံ့ဟု မိမိအကျိုးကို သိသောသူသည် မိမိအကျိုးစီးပွား တိုးပွားအောင် အားထုတ်ရာ၏။ (မိမိသည်သာ အားကိုးရာဖြစ်၍ အများ၏အကျိုးစီးပွားနှင့် မိမိ၏ အကျိုးစီးပွား ကြုံဆုံပေါ်ပေါက်လာသောအခါ မိမိစီးပွား ဆုတ်ယုတ်မခံဘဲ အားထုတ်သင့်၏။)

အတ္တဝဂ်(ဓမ္မပဒ-၁၆၆)


၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 3 June 2020 ၁၀၀၃၂


# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

## ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ ပါဝင်စီမံဆောင်ရွက်ခဲ့သည့် သံအမတ်ကြီးများနှင့် အပြန်အလှန်ဆွေးနွေး






Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ ပါဝင်စီမံဆောင်ရွက်ခဲ့သည့် သံအမတ်ကြီးများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဇွန် ၂

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ပရောက် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးတို့နှင့် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ အပြန်အလှန်ဆွေးနွေးသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆


☆ **မိမိတို့ ပြည်သူပြည်သားများအနေဖြင့် မည်သည့်နေရာရောက်၍ မည်သည့်ပြဿနာဖြစ်ဖြစ် အားကိုးရာသည် မိမိတို့၏ သံရုံးများဖြစ်**

☆ **အရေးအကြီးဆုံးမှာ အိမ်ရှင်နိုင်ငံအစိုးရသာမက ယင်းနိုင်ငံမှ ပြည်သူ ပြည်သားများနှင့်ပါ မိတ်ဆွေဖွဲ့နိုင်ရန်နှင့် မိမိတို့နိုင်ငံကို ချစ်ခင်လေးစားအောင် လုပ်ဆောင်ပေးရန်မှာ သံတမန်များ၏ အဓိက တာဝန်တစ်ခုဖြစ်**


မြဝတီ ယနေ့ ဖတ်စရာ

ကိုဗစ်- ၁၉ ရောဂါနှင့် အိမ်မွေးကြောင်များ

ဆောင်းပါး စာမျက်နှာ » ၆

ချေးငွေလျှော့ချထားသည့် လုပ်ငန်း ၂၉၀ သို့ ခွင့်ပြုငွေ ကျပ် ၈ ဒသမ ၇၃၃၅ ဘီလီယံကို COVID-19 Fund မှ ချေးငွေထုတ်ယူခွင့်ပြု

စာမျက်နှာ » ၈

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

# ကြေးမုံ

## နိုင်ငံတော်တည်ငြိမ်အေးချမ်းသာယာရေး နှောင့်ယှက်ဖျက်ဆီးမှုများကို ဝိုင်းဝန်းတိုက်ဖျက်

မူးယစ်ဆေးဝါးအန္တရာယ်သည် လူသားများကို လူညွန့်တုံးပျက်စီးစေသည် သာမက လူသားများကျန်းမာရေးနှင့် လူမှုဘဝများကိုပါ ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်ငြိမ်းချမ်းရေးကို ထိခိုက်မှုဖြစ်စေသည်။ အန္တရာယ်ကြီးမားသော မူးယစ်ဆေးဝါးပြဿနာကို ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတော်အစိုးရသည် ၂၀၁၆ ခုနှစ်တွင် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်ကို ရေးဆွဲပြဋ္ဌာန်းခဲ့ရာ နိုင်ငံတော်တည်ငြိမ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်ရာတွင် များစွာအထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင် ဘိန်းစိုက်ဧရိယာများရှိခြင်း၊ ဓာတုပစ္စည်းများ နယ်စပ်ဖြတ်ကျော်မှုရှိခြင်း၊ မူးယစ်ဆေးဝါးထုတ်လုပ်မှု၊ သယ်ဆောင်ရောင်းဝယ်မှုများ မြင့်မားနေခြင်း၊ သုံးစွဲမှုနှင့်နောက်ဆက်တွဲအန္တရာယ်များရှိနေခြင်းတို့သည် ကြီးမားသောစိန်ခေါ်မှုများဖြစ်သည်။ မည်သို့ပင်ဖြစ်စေ မြန်မာနိုင်ငံတွင် လက်ရှိကြုံတွေ့နေရသော ကပ်ရောဂါဘေးမှ ကာကွယ်ရေး၊ ပြည်တွင်းတည်ငြိမ်အေးချမ်းရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း မူးယစ်ဆေးဝါးအန္တရာယ်ကို အစွမ်းကုန်တိုက်ဖျက်နေကြသည်ကို အသိအမှတ်ပြုကြရမည်ဖြစ်သည်။

မကြာသေးမီရက်ပိုင်းက မြန်မာနိုင်ငံနယ်စပ်နှင့်မြို့နယ်များတွင် မူးယစ်ဆေးဝါးများ အမြောက်အမြား ဖမ်းဆီးရမိသည့်ဖြစ်စဉ်များကို တွေ့ရသည်။ အစောပိုင်းတွင် မူးယစ်ဆေးဝါး ထုတ်လုပ်၊ သယ်ဆောင်၊ ရောင်းဝယ်ဖြန့်ဖြူးမှုများနှင့်စပ်လျဉ်း၍ လက်နက်ကိုင်အကြမ်းဖက်များနှင့် ဆက်စပ်ပြောဆိုမှုများရှိခဲ့ပြီး ယခုအခါ ရခိုင်ပြည်နယ် မောင်တောမြို့နယ်အတွင်း AA အကြမ်းဖက်အဖွဲ့နှင့်ဆက်စပ်ပတ်သက်သည့် စိတ်ကြွဆေးပြားများ ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီးနောက် စိစစ်ထုတ်ဖော်ချက်များအရ AA နှင့် ARSA အကြမ်းဖက်အဖွဲ့များပူးပေါင်း၍ တရားမဝင်မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများမှာ ယခုအခါ ရုပ်လုံးပေါ်လာခဲ့ပြီဖြစ်သည်။

မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ ဓာတုဗေဒပစ္စည်းထုတ်လုပ်သည့် လမ်းကြောင်းပေါ်တွင် အဓိကတည်ရှိပြီး ကြီးမားသော နိုင်ငံတကာမူးယစ်ဈေးကွက်တစ်ခုဖြစ်သည့် အရှေ့နှင့် အရှေ့တောင်အာရှဒေသအတွင်းတည်ရှိနေခြင်းမှာ မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးပြဿနာကို ပိုမိုကြီးမားရှုပ်ထွေးစေသည်။ စိတ်ကြွရူးသွပ်ဆေးဝါးများ သယ်ဆောင်ရောင်းဝယ်မှုသည် သိသာထင်ရှားသောပြဿနာများအဖြစ် တည်ရှိနေပြီး မြန်မာနိုင်ငံ၏အနောက်ဘက်နယ်စပ်ဒေသတွင် စိတ်ကြွရူးသွပ်ဆေးဝါးများ အမြောက်အမြားဖမ်းဆီးရမိခဲ့ခြင်းမှာ တောင်အာရှဈေးကွက်၏ အရေးပါမှုကို မီးမောင်းထိုးပြနေသည်။

ဖမ်းဆီးရမိမှုနှင့်စိစစ်ဖော်ထုတ်ချက်များအရ AA အကြမ်းဖက်အဖွဲ့နှင့် ARSA အကြမ်းဖက်အဖွဲ့တို့ ချိတ်ဆက်ပူးပေါင်း၍ တရားမဝင် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုမှရရှိသော အကျိုးအမြတ်များဖြင့် ၎င်းတို့အဖွဲ့များ ရပ်တည်ရေးနှင့် တရားမဝင်လက်နက်ခဲယမ်းများ ဝယ်ယူရရှိရေးတို့ကို ဆောင်ရွက်ပြီး ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေး၊ အလစ်အငိုက်တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ရေးအတွက် လက်နက်စွဲကိုင် အကြမ်းဖက်တိုက်ခိုက်မှုများ ပြုလုပ်နေကြောင်း အထင်အရှားမြင်တွေ့ရပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြီး ငြိမ်းချမ်းရေး၊ ဒေသတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တစ်နိုင်ငံလုံး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုမရှိစေရေးအတွက် နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူအားလုံး အားသွန်ခွန်စိုက် တက်ညီလက်ညီ ကြိုးပမ်းလုပ်ဆောင်နေချိန်တွင် ဒေသတည်ငြိမ်အေးချမ်းမှုများကို ဖျက်လိုဖျက်ဆီးလုပ်မှုများ၊ တိုင်းရင်းသားပြည်သူများ ဒုက္ခဆင်းရဲရောက်စေရန် လုပ်ဆောင်မှုများကို ဖန်တီးနေသည့် မူးယစ်ဆေးဝါးများဖြင့် အကျိုးအမြတ်ရှာပြီး အဖျက်လုပ်ရပ်လုပ်ကိုင်နေကြသော အကြမ်းဖက်သမားများနှင့် မသမာသူများအား ဝိုင်းဝန်းဖော်ထုတ် တိုက်ဖျက်ကြရမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## မန္တလေးမြို့ရှိ စောမွန်လှ ပေါ်တော်မူဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ တရုတ်ယူနန်ဘုံကျောင်းမှ ဆန်အိတ်များနှင့် နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇွန် ၂**

မန္တလေးမြို့ လမ်း ၈၀ ရှိ တရုတ်ယူနန်ဘုံကျောင်းမှ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ် ဆုတောင်းပြည့်၊ မြတဘက် နဂါးကိုးကောင်ဘုရား၊ စောမွန်လှပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိ ဆရာတော်၊ သံဃာတော်များ၊ ရှင်သာမဏေများနှင့် သီလရှင် ဆရာလေးများအတွက် ဆန်အိတ် ၁၀၀ နှင့် ကျောင်းတိုက်အနီး ပတ်ဝန်းကျင်ရှိ ကျောင်းသားမိဘပြည်သူများအား ဆန်အိတ် ၃၀၀ နှင့် နှာခေါင်းစည်းများကို မေ ၃၁ ရက်က လာရောက် ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ထိုသို့ လှူဒါန်းရာတွင် တရုတ်ယူနန်ဘုံကျောင်းဥက္ကဋ္ဌ ဦးတင်ထွန်း၊ ဒုတိယဥက္ကဋ္ဌများ၊ တရုတ်ဘာသာသင်ကျောင်းမှ ကျောင်းအုပ်ကြီးနှင့် အဖွဲ့ဝင်များလိုက်ပါ၍ ကိုယ်တိုင်လာရောက် ပေးဝေလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

အဆိုပါ လှူဒါန်းမှုအတွက် စောမွန်လှ ပေါ်တော်မူ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ပဓာနနာယက ကျောင်းအုပ် နဂါးကိုးကောင်ဆရာတော် ဘဒ္ဒန္တရာဇိန္ဒက ယခုကဲ့သို့ ကိုဗစ်- ၁၉ ရောဂါ ကာလတွင် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်ဆရာလေးများ ဆွမ်းနှင့် ဆွမ်းဆန်ခံ မထွက်ကြရသဖြင့် စားနပ်ရိက္ခာအတွက် အခက်အခဲရှိနေကြသည့်အချိန်တွင် ကာလဒါနအဖြစ် လှူဒါန်းမှုပြုသည်မှာ မွန်မြတ်လှကြောင်း မိန့်ကြားခဲ့သည်။

မကြာမီကာလအတွင်း စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါကျောင်းအနေဖြင့် ကျောင်းသား ကျောင်းသူများအတွက် ကျန်းမာရေး လမ်းညွှန်ချက်များနှင့်အညီ လက်ဆေးကန်များ၊ ဆပ်ပြာများ၊ နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်များ လုံလောက်စွာ ထားရှိနိုင်ရန်နှင့် စာသင်ခုံများ၊ ပရိဘောဂများ ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းများအတွက် ကာလဒါနအဖြစ် ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။



**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂-၆-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁,၀၀၀ | ၁၀,၅၀၀ | ၈,၂၉၀ | ၈၇,၁၉၁,၅၀၀ |
| MTSH | ၃,၈၅၀ | ၃,၈၀၀ | ၁,၀၀၆ | ၃,၈၁၈,၁၅၀ |
| MCB | ၈,၁၀၀ | ၈,၁၀၀ | ၁၂ | ၉၇,၂၀၀ |
| FPB | ၂၃,၅၀၀ | ၂၃,၅၀၀ | ၅၅ | ၁,၂၉၂,၅၀၀ |
| TMH | ၂,၈၅၀ | ၂,၇၅၀ | ၂၀၁ | ၅၅၂,၈၅၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၄,၀၁၈ | ၁၀,၈၄၈,၆၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇွန် ၂

ရန်ကုန်(ရွှေဈေး) ၁၂၁၅၅၀၀ မန္တလေး(ရွှေဈေး) ၁၂၁၅၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၉၀/၅၂၀ ကျပ် | ၅၁၅/၅၄၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၄၀/၅၆၅ ကျပ် | ၆၁၅/၆၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀/၄၆၀ ကျပ် | ၄၈၀/၄၉၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၀၀/၅၃၅ ကျပ် | ၅၃၀/၅၅၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၄၅/၄၆၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၆၀/၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၁၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၉၆.၈ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၆၁.၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၆.၆၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄.၃၁၅ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၆.၃၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၆၀ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၆.၂၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၉၆.၈၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၉၆.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၃၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

## COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်း၊ ဦးချစ်ဇေယျာထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဒေါ်ဇာရည်မွန်၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်ပရောက် မြန်မာနိုင်ငံသားများ ပြန်လည်ခေါ်ယူရေးကိစ္စနှင့်စပ်လျဉ်း၍ ပါဝင်စီမံဆောင်ရွက်ခဲ့သည့် သံအမတ်ကြီးများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

☆ COVID–19 နှင့်ပတ်သက်သည့် ကန့်သတ်မှုများပြီးသွားပါက မိမိတို့၏ ရွှေ့ပြောင်းအလုပ်သမားအရေးအတွက် မည်မျှပြန်လည်အလုပ်ရနိုင်မည်ကိုလည်း ရေရှည်စဉ်းစားရ

☆ ထိုသို့စဉ်းစားသည့်အခါ သက်ဆိုင်ရာသံရုံးများက မိမိတို့၏ အလုပ်သမားများ၏ စားဝတ်နေရေးကအစ ကူညီရန်လိုအပ်ပါက ကူညီနိုင်သည့် အခြေအနေဖြစ်ရန်လည်း ဖြည့်ဆည်းထား

☆ မိမိတို့ သံရုံးအသီးသီးအနေဖြင့် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံက COVID-19 ကို မည်သို့ကိုင်တွယ်နေကြောင်း တင်ပြချက်များသည် မိမိတို့အတွက် များစွာအထောက်အကူဖြစ်

☆ သံရုံးများသည် မိမိတို့နိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြားတွင် အဓိကဆက်သွယ်ပေးသည့် အဖွဲ့များဖြစ်

☆ ဆက်သွယ်မှုကို ရေတိုအတွက်သာမဟုတ်ဘဲ ရေရှည်အတွက်ပါကောင်းရန် မိမိတို့အမြဲကြိုးစားမျှော်မှန်းရ

☆ ရှေ့ဖုံးမှ

ရှေးဦးစွာ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးသန့်ဖေက တရုတ်နိုင်ငံ ဝူဟန်မြို့တွင် ပိတ်မိနေသော မြန်မာနိုင်ငံသား ပညာတော်သင် ကျောင်းသား ကျောင်းသူများ ပြန်လည်ပို့ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေကိုလည်းကောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမျိုးမြင့်သန်းက ထိုင်းနိုင်ငံလေဆိပ်၊ နယ်စပ်ဂိတ်နှင့် ထိုင်းနိုင်ငံအတွင်း ပိတ်မိနေသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများအား စနစ်တကျစာရင်းကောက်ယူပြီး မြန်မာနိုင်ငံသို့ ဘေးကင်းလုံခြုံစွာ ပြန်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ခဲ့မှုအခြေအနေကိုလည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးသန့်စင်က ကိုရီးယားနိုင်ငံတွင် အခက်အခဲ ကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ပို့ဆောင်နိုင်ရေး သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခဲ့မှု အခြေအနေနှင့် ပြည်ပနိုင်ငံအသီးသီးရှိ မြန်မာနိုင်ငံသားများ မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် ကယ်ဆယ်ရေးလေယာဉ်များ ပျံသန်းပြေးဆွဲရေး ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

## မှန်ကန်စွာ အကောင်အထည်ဖော်

ဆွေးနွေးတင်ပြချက်များအပေါ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့ ပြည်သူပြည်သားများအနေဖြင့် မည်သည့်နေရာရောက်၍ မည်သည့်ပြဿနာဖြစ်ဖြစ် အားကိုးရာသည် မိမိတို့၏ သံရုံးများဖြစ်ပါကြောင်း၊ ယင်းသို့ ဖြစ်စေရန်မှာ မိမိတို့နိုင်ငံခြားရေးဝန်ကြီးဌာန၏ တာဝန်ဖြစ်ပါကြောင်း၊ ဗဟိုက ချမှတ်လိုက်သည့် မူဝါဒနှင့်သတ်မှတ်လိုက်သည့် ညွှန်ကြားချက်များကို သက်ဆိုင်ရာ သံရုံးအသီးသီးက အကောင်အထည်ဖော်ရာတွင် မှန်ကန်စွာ အကောင်အထည်ဖော်နိုင်ရေးသည် များစွာအရေးကြီးပါကြောင်း။

အရေးအကြီးဆုံးမှာ အိမ်ရှင်နိုင်ငံအစိုးရသာမက ယင်းနိုင်ငံမှ ပြည်သူပြည်သားများနှင့်ပါ မိတ်ဆွေဖွဲ့နိုင်ရန်နှင့် မိမိတို့နိုင်ငံကို ချစ်ခင်လေးစားအောင် လုပ်ဆောင်ပေးရန်မှာ သံတမန်များ၏ အဓိကတာဝန်တစ်ခုဖြစ်ပါကြောင်း၊ ယင်းမှာ မိမိတို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းများ၏ တာဝန်တစ်ခုဖြစ်ပြီး ယင်းတာဝန်များကို မည်သို့ထမ်းဆောင်နေကြောင်း ယခုဆွေးနွေးပွဲမှတစ်ဆင့် ပြည်သူများကို အသိပေးသွားသည့် သဘောဖြစ်သွားပါကြောင်း။

ယခု COVID–19 နှင့်ပတ်သက်သည့် ကန့်သတ်မှုများပြီးသွားပါက မိမိတို့၏ ရွှေ့ပြောင်းအလုပ်သမားအရေးအတွက် မည်မျှပြန်လည်အလုပ်ရနိုင်မည်ကိုလည်း ရေရှည်စဉ်းစားရပါကြောင်း၊ ထိုသို့စဉ်းစားသည့်အခါ သက်ဆိုင်ရာသံရုံးများက မိမိတို့၏ အလုပ်သမားများ၏ စားဝတ်နေရေးကအစ ကူညီရန်လိုအပ်ပါက ကူညီနိုင်သည့် အခြေအနေဖြစ်ရန်လည်း ဖြည့်ဆည်းထားပါကြောင်း။

တရုတ်နိုင်ငံတွင်လည်း မိမိတို့ပြည်သူပြည်သားများ အလုပ်လုပ်ကိုင်နေကြပါကြောင်း၊ နယ်စပ်တွင် အသွားအလာများပြားပါကြောင်း၊ COVID–19 ကာလတွင် ပိုမိုသတိထားရပါကြောင်း၊ သို့သော် စီးပွားရေးအရ အသွားအလာကို ရပ်တန့်ရန် မလွယ်ကူပါကြောင်း၊ အထူးသဖြင့် ရပ်တန့်သကဲ့သို့ ဖြစ်သွားသည်မှာ နှစ်လ၊ သုံးလခန့် ရှိပြီဖြစ်သည့်အတွက် ပြန်လည်လှုပ်ရှားရန်မှာ များစွာအရေးကြီးလာပါကြောင်း၊ ကိုရီးယားနိုင်ငံသည်လည်း ယင်းအတိုင်းပင် ဖြစ်ပါကြောင်း၊ ယခင်လတွင် နှစ်နိုင်ငံအကြား ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆိုင်းငံ့ခဲ့ရသည့် အခြေအနေများရှိခဲ့သည့်အတွက် ကိုရီးယားနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက Relief Flight များကို ပိုမိုလုပ်ပေးစေလိုကြောင်းကို တင်ပြထားပါကြောင်း၊ အပြန်အလှန်ကူးသန်း၍ ရနိုင်ရန်အတွက်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် ဆောင်ရွက်နေသည့် စီမံကိန်းများအား အကောင်အထည်ဖော်ရန် လာရောက်လိုသည့် ကိုရီးယားသမ္မတနိုင်ငံမှ ပုဂ္ဂိုလ်များရှိသကဲ့သို့ မိမိတို့ဘက်မှလည်း ကိုရီးယားနိုင်ငံသို့ သွားရောက်ရန် လိုအပ်သည့် ပုဂ္ဂိုလ်များလည်းရှိပါကြောင်း၊ ထို့ကြောင့် Relief Flight များကို တစ်ပတ်တစ်ခါလုပ်မည်ဟု ဆုံးဖြတ်ခြင်းဖြစ်ပါကြောင်း။

## များစွာအထောက်အကူဖြစ်

အခြားနိုင်ငံများနှင့်လည်း ပုံမှန်အသွားအလာဖြစ်နိုင်သည့် အခြေအနေကို မိမိတို့ဦးတည်ပါကြောင်း၊ အမြန်ဆုံးဖြစ်စေလိုပါကြောင်း၊ အလျင်လိုပြီး COVID–19 အတွက် ကန့်သတ်သင့်သည့်ကိစ္စရပ်များ မကန့်သတ်ထားပါက ပြန်လည်ပြဿနာဖြစ်မည်ကိုလည်း များစွာစိုးရိမ်ရပါကြောင်း၊ မိမိတို့ သံရုံးအသီးသီးအနေဖြင့် သက်ဆိုင်ရာအိမ်ရှင်နိုင်ငံက COVID–19 ကို မည်သို့ ကိုင်တွယ်နေကြောင်း တင်ပြချက်များသည် မိမိတို့အတွက် များစွာအထောက်အကူဖြစ်ပါကြောင်း၊ ယင်းတင်ပြချက်များကိုကြည့်ပြီး အကြံဉာဏ်သစ်များ ထုတ်နိုင်မည်လားဆိုသည်ကို စဉ်းစားရပါကြောင်း။

သံရုံးများသည် မိမိတို့နိုင်ငံနှင့် အိမ်ရှင်နိုင်ငံအကြားတွင် အဓိက ဆက်သွယ်ပေးသည့် အဖွဲ့များဖြစ်ပါကြောင်း၊ ဆက်သွယ်မှုကို ရေတိုအတွက်သာမဟုတ်ဘဲ ရေရှည်အတွက်ပါ ကောင်းရန် မိမိတို့အမြဲကြိုးစားမျှော်မှန်းရပါကြောင်း၊ ယခုလောလောဆယ်တွင် ထိုင်းနိုင်ငံနယ်စပ်မှ ပြန်လည်ဝင်ရောက်ကြသည့် ပြည်သူများသည် တစ်နေ့လျှင် လူဦးရေထောင်နှင့်ချီရှိသည့်အတွက် ထိုင်းနိုင်ငံဘက်မှလည်း ဂရုစိုက်ရသကဲ့သို့ မိမိတို့ဘက်ကလည်း ဂရုစိုက်ရပါကြောင်း၊ ယင်းအခြေအနေတွင် နှစ်နိုင်ငံဆက်ဆံရေးကို ပိုမိုခိုင်မာကောင်းမွန်အောင် လုပ်ဆောင်နိုင်ပါကြောင်း၊ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးက တရုတ်မိတ်ဆွေများနှင့် သက်ဆိုင်ရာအစိုးရဌာနများက ကူညီသည်ဟု ပြောကြားသွားပါကြောင်း၊ ယင်းသို့ကူညီခဲ့ခြင်းသည် ယခုအတွက်တင်သာမက နောင်အတွက်ပါ မိတ်ဆွေဖြစ်ရန်အတွက် အခြေခံကို ခိုင်မာစေအောင် လုပ်ဆောင်သည့် သဘောဖြစ်ပါကြောင်း။

## တာဝန် များစွာကြီး

ကိုရီးယားနိုင်ငံနှင့်လည်း ၎င်းတို့ဘက်မှလာချင်သည့် ပုဂ္ဂိုလ်များရှိသကဲ့သို့ မိမိတို့ဘက်မှ သွားချင်သည့် ပုဂ္ဂိုလ်များရှိပါကြောင်း၊ သံရုံးများအနေဖြင့် တစ်ဖက်နှင့်တစ်ဖက် ညှိနှိုင်းပေးရပါကြောင်း၊ သံတမန်များ၏ တာဝန်သည် များစွာကြီးပါကြောင်း၊ ယခုတက်ရောက်ဆွေးနွေးသည့် သံအမတ်ကြီးသုံးဦးနှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်းနှင့် အားလုံးက တက်တက်ကြွကြွ လိုလိုလားလားဖြင့် အလုပ်လုပ်ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ သံရုံးမိသားစုများအားလုံးကို နှုတ်ဆက်လိုက်ပါကြောင်းနှင့် သံအမတ်ကြီးများအားလုံး နေကောင်းကြပါစေကြောင်း ပြောကြားသည်။

သတင်းစဉ်

❖ ကျောဖုံးမှ

ယခုအချိန်ကာလသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားနေသည့်အချိန်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် လက်ရှိအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ တတိယအကြိမ် လွှတ်တော်သက်တမ်းအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နှောင်းပိုင်းကာလတွင် ကျင်းပပေးရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအရ ဆောင်ရွက်သင့်သည့် လုပ်ငန်းများကို ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### စနစ်တကျ စိစစ်ဆောင်ရွက်

ရွေးကောက်ပွဲကျင်းပမည့်ရက်နှင့်စပ်လျဉ်း၍ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲမကျင်းပမီ နှစ်လနှင့် ၂၄ ရက်အလိုတွင် ကြိုတင်ကြေညာပေးခဲ့ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကိုလည်း လေးလ ကြိုတင်ကြေညာပေးခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ရက်ကို လက်ရှိဖြစ်ပေါ်နေသည့် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်နိုင်မှုအပေါ်မူတည်ပြီး သတ်မှတ်ကြေညာသွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေများနှင့်အညီ မဲဆန္ဒနယ်များ လျာထားသတ်မှတ်နိုင်ရန် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှရရှိသည့် လူဦးရေစာရင်းများကို ကော်မရှင်က ပေးပို့ထား၍ ကြိုတင်ပြင်ဆင်ထားရန် မှာကြားထားပြီး ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများက တင်ပြသည့် လျာထားမဲဆန္ဒနယ်များကို ကော်မရှင်က စိစစ်ပြီး သက်ဆိုင်ရာ လွှတ်တော်အလိုက် မဲဆန္ဒနယ်များ အတည်ပြုပေးမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်များ သတ်မှတ်နိုင်ရန်အတွက်လည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းဖြစ်စေရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရရှိပြီးဖြစ်သည့် အခြေခံမဲဆန္ဒရှင်စာရင်းများကို လစဉ် စိစစ်ပြင်ဆင်ရာတွင် မဲစာရင်းများ ထပ်နေခြင်း၊ မှားယွင်းခြင်းများမရှိစေရေး စနစ်တကျ စိစစ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

### မဲပေးခွင့်ရှိသည့် နိုင်ငံသားအားလုံး မဲပေးပိုင်ခွင့်ရရှိအောင်

လက်ရှိအချိန်တွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်စဉ်ကြောင့် ပြည်ပနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများမှ မြန်မာနိုင်ငံသားများနှင့် ရွှေ့ပြောင်းအလုပ်သမားများသည် ၎င်းတို့၏ နေရာဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်လျက်ရှိပြီး ၎င်းမဲဆန္ဒရှင်များကို အခြေခံ မဲဆန္ဒရှင်စာရင်းတွင် စိစစ်ထည့်သွင်းသွားရန် လိုအပ်ပါကြောင်း၊ တပ်မတော်သားများနှင့် အတူနေအိမ်ထောင်စုဝင်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းရရှိရေးအတွက်ကိုလည်း ညှိနှိုင်းဆောင်ရွက်ထားပြီး ဖြစ်ပါကြောင်း၊ ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းများရရှိထားမှသာ မဲရုံအရေအတွက်လျာထားသတ်မှတ်ရာတွင် မှန်ကန်မှုရှိမည်ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ အဆင်ပြေစွာဆောင်ရွက်နိုင်ရန် ကော်မရှင်အဖွဲ့ခွဲရုံးများအတွက် ရုံးသုံးစက်ကိရိယာပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုမည့် မဲရုံသုံးပစ္စည်းများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲများသို့ အချိန်မီရောက်ရှိစေရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုကာလမှစ၍ ရွေးကောက်ပွဲလုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်ရှိနေမည် ဖြစ်သည့်အတွက် လုပ်ငန်းများအဆင်ပြေချောမွေ့စေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရန် လိုအပ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကို ချမှတ်ထားသည့် စံ (၅) ချက်နှင့်အညီ ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ပြည့်စုံမှန်ကန်သည့် မဲဆန္ဒရှင်စာရင်းရရှိရေးနှင့် မဲပေးခွင့်ရှိသည့် နိုင်ငံသားအားလုံး မဲပေးပိုင်ခွင့်ရရှိအောင် မဲစာရင်းတွင်ပါဝင်စေရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလွှတ်တော်အလိုက် မဲဆန္ဒနယ်များ၊ မဲရုံများ လျာထားသတ်မှတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ကြသည်။

ယင်းအစည်းအဝေးကို ဇွန် ၄ ရက်ထိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသော ထာဝရငြိမ်းချမ်းရေးစေတီတော် ဘက်စုံမွမ်းမံတည်ဆောက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

### ကျင်းပခဲ့ပြီးဖြစ်

အစည်းအဝေးတွင် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးနာယက ဦးစီးကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက ထာဝရငြိမ်းချမ်းရေးစေတီတော်ကြီးကို ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့ဝင် ၁၀ ပါး၊ နာယကအဖွဲ့၊ စေတီတော်တည်ဆောက်ရေးဦးစီးကော်မတီ၊ စေတီတော်တည်ဆောက်ရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီတို့ကို လုပ်ငန်းတာဝန်များသတ်မှတ်၍ ၂၀၁၈ ခုနှစ် မေ ၁၅ ရက်တွင် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ ဦးစီးကော်မတီအနေဖြင့် ထာဝရငြိမ်းချမ်းရေးစေတီတော်ဆိုင်ရာ မြေသန့်မဟာမင်္ဂလာအခမ်းအနား၊ ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနား၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခမ်းအနား၊ သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား၊ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား၊ ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား၊ အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား၊ ရတနာစိန်ဖူးတော်နှင့် ရတနာငှက်မြတ်နားတော်တင်လှူခြင်း မဟာမင်္ဂလာအခမ်းအနားနှင့် မြသပိတ်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခမ်းအနားများကို ကျင်းပခဲ့ပြီးဖြစ်ပါကြောင်း။

ယခုအခါ ထာဝရငြိမ်းချမ်းရေးစေတီတော် အာရုံခံတန်ဆောင်းများ၊ ကြေးခေါင်းလောင်းနှစ်လုံးထားရှိမည့် အဆောင်များ၊ နတ်မင်းကြီးလေးပါးနှင့် ကြေးမောင်းထားရှိမည့်နေရာများ သတ်မှတ်ဆောက်လုပ်ပြီးဖြစ်သည့်အပြင် ရင်ပြင်တော်တစ်ခုလုံး ကွန်ကရစ်ခင်းကျင်းထားပြီးဖြစ်ပါကြောင်း၊ ထို့အတူ ခြံစည်းရိုး မဟာတံတိုင်းတည်ဆောက်ခြင်းမှာ ၉၀ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ပြီး ကားရပ်နားရန်နေရာကွန်ကရစ်ခင်းခြင်း၊ မီးတိုင်များတပ်ဆင်ခြင်း၊ သန့်စင်ခန်းများ တည်ဆောက်ခြင်း စသည့်လုပ်ငန်းများတည်ဆောက်ပြီးစီးနေပြီဖြစ်ပါကြောင်း၊ ဂန္ဓကုဋိတိုက်အတွင်းရှိ စကျင်ထိုင်တော်မူရုပ်ပွားတော် နှစ်ဆူမှာ အချောသပ်လုပ်ငန်းလုပ်ကိုင်ရန် ကျန်ရှိနေပါကြောင်း၊ အလားတူ ဂန္ဓကုဋိတိုက်အတွင်း ရင်ပြင်တော် စကျင်တာရာဇိုခင်းခြင်းလုပ်ငန်းများ၊ သာသနာ့ဗိမာန်တော်အတွင်း ပါကေးခင်းခြင်းလုပ်ငန်းနှင့် ရေဂါလန် ၂၅၀၀၀ ဆံ့ ရေလှောင်ကန် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ ဂန္ဓကုဋိတိုက်အတွင်း လေဝင်လေထွက်ကောင်းရန်၊ အလင်းရောင်ရရှိရန်နှင့် ရေမတင်စေရေးတို့အတွက် သေချာစွာ စဉ်းစားဆောင်ရွက်ကြစေလိုပါကြောင်း၊ ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည့်လုပ်ငန်းများတွင် လစ်ဟာမှုမရှိအောင် ကုသိုလ်ယူဆောင်ရွက်ကြစေလိုပါကြောင်း၊ စေတီတော်ကြီး ရေရှည်အဓွန့်ရှည်တည်တံ့ရေးအတွက် တစ်ဦးတစ်ယောက်ချင်း၊ အဖွဲ့အစည်းများအချင်းချင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကြည်မင်းက ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ လည်းကောင်း၊ စေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဦးက စေတီတော်တည်ဆောက်ရေး အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် ဘဏ္ဍာငွေရှာဖွေရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ သာသနာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းညွန့်၊ ပြန်ကြားရေးနှင့် မှတ်တမ်းတင်ရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းအုံ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ စေပိုင်ဖွံ့ဖြိုးမှု ကုမ္ပဏီလီမိတက်ဥက္ကဋ္ဌ ဦးမောင်ဝိတ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ထာဝရငြိမ်းချမ်းရေးစေတီတော် တည်ဆောက်ရေးနာယက ဦးစီးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် ဇွန် ၂**

မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် လူထုအခြေပြုဖဟိုဌာန(ဗဟန်း)၌ ကျင်းပရာ စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းဖေနှင့် ဆပ်ကော်မတီအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ဆပ်ကော်မတီဥက္ကဋ္ဌ ဦးမြင့်သိန်းဖေက စာတမ်းဖတ်ပွဲများနှင့်ပတ်သက်၍ စာတမ်းများရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေး၊ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး၊ စာတမ်းဖတ်ကြားမည့် အချိန်ကာလ သတ်မှတ်နိုင်ရေး၊ စာတမ်းဖတ်ပွဲများတွင် ဖတ်ကြားခဲ့သည့် စာတမ်းများကို စာအုပ်အဖြစ် ပြန်လည်ပုံနှိပ်ထုတ်ဝေနိုင်ရေး၊ သုံးစွဲကုန်ကျမည့် ကုန်ကျစရိတ်များကို လုပ်ငန်းစီမံချက်ရေးဆွဲ၍ ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးသည်။

ယင်းနောက် ဆပ်ကော်မတီအဖွဲ့ဝင်များက နိုင်ငံတကာမှ ကမ္ဘာ့ရုပ်ရှင်အတွေ့အကြုံ မျှဝေခွင့်အတွက် လာရောက်ဖတ်ကြားနိုင်မည့်စာတမ်းများ ပါရှိနိုင်ရေး၊ ပြည်တွင်းစာတမ်းများတွင် ရုပ်ရှင်ကဏ္ဍစုံမှ စာတမ်းများ ထွက်ပေါ်လာနိုင်စေရေး၊ ကောင်းမွန်သော စာတမ်းများ ရွေးချယ်နိုင်စေရေးအတွက် စာတမ်းရွေးချယ်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ရေးတို့ကို ဆွေးနွေးကြကြောင်း သိရသည်။

**ကျော်စွာ(FDC)**



မြန်မာ့ရုပ်ရှင်ရာပြည့်အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေး စာတမ်းဖတ်ပွဲများ ကျင်းပရေးဆပ်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်။

# ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကျင်းပ



**နေပြည်တော်  ဇွန်  ၂**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီအထောက်အပံ့ပေးရေး ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း UEHRD ကော်မတီ၏ စတုတ္ထအကြိမ်မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Zoom Video Conferencing System ဖြင့် Online Meeting ကျင်းပရာ UEHRD ကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက UEHRD ကော်မတီအနေဖြင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီပေးခြင်း၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ Task Force များ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ UEHRD ၏ လုပ်ငန်းစီမံကိန်းများမှာ ကျယ်ပြန့်သည့်အလျောက် ရခိုင်ပြည်နယ်ဆိုင်ရာတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဖွဲ့စည်းထားသည့် ဗဟိုကော်မတီများ၊ လုပ်ငန်းကော်မတီများ၏ လုပ်ငန်းများနှင့် ပတ်သက်ဆက်နွယ်နေပါကြောင်း၊ UEHRD ၏ လုပ်ငန်းများကို အထောက်အကူပေးနိုင်ရေးအတွက် ဖွဲ့စည်းထားသည့် ကော်မတီရုံးအဖွဲ့၏ အသုံးစရိတ်များ၊ ပြည်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းများအတွက် သုံးစွဲခဲ့သည့် အသုံးစရိတ်များကို ပြည်တွင်း/ပြည်ပ အလှူရှင်များ၏ လှူဒါန်းထောက်ပံ့ငွေများဖြင့် ဆောင်ရွက်နေသည့်အတွက် UEHRD ကော်မတီ၏ ရန်ပုံငွေများကို စနစ်တကျသုံးစွဲရေး၊ ပြည်တွင်း၊ ပြည်ပ စာရင်းစစ်ဆေးမှုအဆင့် စာရင်းစစ်ခံနိုင်ရေးအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများအကြား ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ UEHRD ၏ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်အတွင်း လက်ရှိဖြစ်ပွားနေသည့် လက်နက်ကိုင်ပဋိပက္ခများနှင့် ပြည်သူများရင်ဆိုင်နေရသော ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားမှု ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ် အစရှိသည့် အကန့်အသတ်များကြားမှ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ UEHRD ၏ လုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် UEHRD ကော်မတီအနေဖြင့် လုပ်ငန်းအဖွဲ့ Task Forces များနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ကာလနှင့် ကိုဗစ်-၁၉ အလွန် ကာလများတွင် ရင်ဆိုင်ကျော်လွှားရမည့် စီးပွားရေးဆိုင်ရာ ကုစားမှုများကို စနစ်တကျ အကောင်အထည်ဖော်ခြင်း၊ ကြိုတင်စီစဉ်ဆောင်ရွက်ထားခြင်းများဖြင့် UEHRD ၏ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်ကို ထိခိုက်မှုလျော့နည်းသက်သာစေမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် UEHRD ကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က UEHRD ၏ ရန်ပုံငွေ ရရှိ၊ သုံးစွဲ၊ လက်ကျန်စာရင်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာကြသည့် ကော်မတီဝင်အသီးသီးက ဆွေးနွေးရာတွင် မိုးရာသီကာလ သဘာဝဘေးဒဏ် ကြံ့ကြံ့ခံနိုင်ရေးနှင့် ဒေသဆိုင်ရာလုံခြုံရေး၊ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ ရွှေ့ပြောင်းစီမံချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေး၊ UEHRD ၏ လုပ်ငန်းစဉ်များကို ပြည်တွင်း/ပြည်ပက ပွင့်လင်းမြင်သာစွာ အမှန်အတိုင်းသိရှိနိုင်ရေး၊ UEHRD ၏ သတင်းနှင့် ဆက်သွယ်ရေးကဏ္ဍ စွမ်းဆောင်ရည်ပိုမိုတိုးတက်ရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ရခိုင်ပြည်နယ်ရှိ လက်ရှိဆောင်ရွက်လျက်ရှိသော စီမံချက်များအပြင် ကိုဗစ်-၁၉ ကာလ ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP)နှင့် လိုက်လျောညီထွေရှိသော လုပ်ငန်းရှင်များပါဝင်နိုင်မည့် အစီအစဉ်များ ဖော်ဆောင်ရေးတို့ကို အကြံပြုဆွေးနွေးညှိနှိုင်းဆုံးဖြတ်ခဲ့ကြသည်။

အစည်းအဝေးသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး UEHRD ကော်မတီ၏ညှိနှိုင်းရေးမှူးချုပ်ဒေါက်တာအောင်ထွန်းသက်၊ ကော်မတီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဦးတိုးအောင်၊ သတင်းနှင့် ဆက်သွယ်ရေးဒါရိုက်တာ ဦးကျော်မြင့်နှင့် UEHRD ၏ စီမံခန့်ခွဲမှုအရာရှိချုပ် ဦးညီငြိမ်းအေးတို့က Online မှတစ်ဆင့် အသီးသီးဝင်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးကျင်းပ



**နေပြည်တော်  ဇွန်  ၂**


တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုရှေ့နေချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။


အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက အမှာစကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် တရားလွှတ်တော်ရှေ့နေများကောင်စီ အစည်းအဝေးအားအဖွဲ့ဝင်အားလုံး စုံညီစွာ တက်ရောက်၍ အစည်းအဝေးပြုလုပ်မှသာ တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းရန် လျှောက်ထားသူများကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စိစစ်ထောက်ခံတင်ပြပေးနိုင်မည်ဖြစ်ပါကြောင်း၊ အလားတူ တရားလွှတ်တော်ရှေ့နေများ၏ ကျင့်ဝတ်သိက္ခာနှင့်စပ်လျဉ်း၍ သဘောထားမှတ်ချက်များ ပေးပို့နိုင်မည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲ ကျင်းပနိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီ အက်ဥပဒေကို ၂၀၁၉ ခုနှစ် ဇွန် ၁၀ ရက်တွင် ပြင်ဆင်ခဲ့ပါကြောင်း၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်က ၂၀၂၀ ပြည့်နှစ် မေ ၆ ရက်တွင် တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ ပြင်ဆင်သည့် နည်းဥပဒေများကို ထုတ်ပြန်ခဲ့ပါကြောင်း၊ တရားလွှတ်တော်ရှေ့နေများကောင်စီကလည်း ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများကို မေ ၁၈ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး အဆိုပါပြင်ဆင်သည့်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တရားလွှတ်တော်ရှေ့နေများကောင်စီရွေးကောက်ပွဲကို ဩဂုတ်လတွင် ကျင်းပရန် လျာထားပါကြောင်း၊ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများအရ တရားလွှတ်တော်ရှေ့နေများကောင်စီက မဲဆန္ဒနယ် သတ်မှတ်ပေးရမည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ၃၄ နေရာ သတ်မှတ်ထားပါကြောင်း၊ သက်ဆိုင်ရာမဲဆန္ဒနယ်အလိုက် ကြီးကြပ်ဆောင်ရွက်မည့်သူများကို ခန့်အပ်ရန်ရှိပါကြောင်း၊ ယခုအစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီ၏ လုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် ဆွေးနွေးအကြံပြုပေးစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေအဖြစ် စာရင်းတင်သွင်းရန် လျှောက်ထားသူ အထက်တန်းရှေ့နေ ၉၀၉ ဦးကိုလည်းကောင်း၊ အွန်လိုင်းဖြင့် သင်ကြားသောဘွဲ့လွန်ဥပဒေပညာ ဒီပလိုမာသင်တန်း အောင်မြင်သူ အထက်တန်းရှေ့နေ ၁၀ ဦးကိုလည်းကောင်း စိစစ်ထောက်ခံအတည်ပြုနိုင်ခဲ့သည်။

အစည်းအဝေးတွင် တရားလွှတ်တော်ရှေ့နေများကောင်စီဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၁၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**





# ကိုဗစ်- ၁၉ ရောဂါနှင့် အိမ်မွေးကြောင်များ

ဒေါက်တာခင်စန်းမော်

ကိုဗစ်-၁၉ ကပ်ရောဂါကြီးနှင့်ပတ်သက်ပြီး လတ်တလော သတင်းဦး၊ သတင်းထူးများကို အချိန်နှင့်တစ်ပြေးညီ သိရှိခွင့်ရကြသောကြောင့် ယခုအချိန်ထိ ကမ္ဘာပေါ်တွင် ကိုဗစ်- ၁၉ ရောဂါကူးစက်ခံရသူပေါင်း ခြောက်သန်း ကျော်ရှိနေပြီး ရောဂါပိုးကင်းစင်သွားသူပေါင်းမှာ ၂ ဒသမ ၇ သန်း (၄၄ ဒသမ ၄၄ ရာခိုင်နှုန်း) ဖြစ်သည်ဟု မှတ်သား ရပါသည်။

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးအနက် ရုရှားနိုင်ငံ သတင်းတွင် လူပေါင်း ကိုးသန်းကျော်ကို Coronavirus test ပြုလုပ်ခဲ့ရာ မေလ ၂၆ ရက်နေ့အထိ ရောဂါပိုးတွေ့သူပေါင်း ၃ ဒသမ ၆ သိန်း ရှိခဲ့သည်။ ထိုသတင်းများထဲ၌ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သော ကြောင်တစ်ကောင် သတင်း လည်း ပါပါသည်။ ထိုကြောင်သည် ရုရှားနိုင်ငံရှိ အိမ်မွေးတိရစ္ဆာန်များ၌ ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားသည့် ပထမဆုံးတိရစ္ဆာန်လည်း ဖြစ်သည်။

ကြောင်ပိုင်ရှင်သည် နာမကျန်းဖြစ်နေသော အသက် ငါးနှစ်အရွယ် အိမ်မွေးကြောင်ကို တိရစ္ဆာန်ဆေးကု ဆရာဝန်ထံ သွားရောက်ပြသရာမှ ဆရာဝန်၏ ညွှန်ကြား ချက်အတိုင်း နိုဘယ်ကိုရိုနာဗိုင်းရပ်စ် စစ်ဆေးမှု ပြုလုပ် ခဲ့ခြင်းဖြစ်သည်။ ကြောင်၏ နှာခေါင်းတို့ဖတ်နှင့် အာခေါင် တို့ ဖတ်တို့ကို စစ်ဆေးကြည့်ရာ SARS-CoV-2 ရောဂါပိုး အတည်ပြုတိရစ္ဆာန်ဖြစ်နေသဖြင့် ကြောင်ကို သီးခြား ခွဲ ထား စောင့်ကြည့်ခြင်း (quarantine) လုပ်ထားရပါသည်။

ဤကြောင်သည် ရုရှားနိုင်ငံရှိအိမ်မွေးတိရစ္ဆာန်များ ၌ ပထမဆုံး ကိုဗစ်- ၁၉ ရောဂါပိုး တွေ့ရှိခြင်းဖြစ်သော်လည်း တစ်ကမ္ဘာလုံးတွင် တတိယမြောက်တွေ့ရှိခြင်း ဖြစ်ပါသည်။

**ပထမဆုံးဖြစ်ရပ်**

ကမ္ဘာပေါ်တွင် တိရစ္ဆာန်၌ ကိုဗစ်-၁၉ ဗိုင်းရပ်စ် ပိုးတွေ့ရှိခဲ့သည့် ပထမဆုံးဖြစ်ရပ်ကို ၂၀၂၀ ပြည့်နှစ် ဧပြီလ ၅ ရက်နေ့တွင် အမေရိကန်နိုင်ငံရှိ Bronx Zoo ထဲမှ နာဒီယာအမည်ရှိ အသက်လေးနှစ်အရွယ် မလေးရှား ကျားတစ်ကောင်တွင် တွေ့ရှိခဲ့ပါသည်။ အကြောင်းရင်းမှာ ကိုဗစ်- ၁၉ ရောဂါပိုးရှိပြီး ရောဂါ လက္ခဏာမပြသည့် တိရစ္ဆာန်ဥယျာဉ်ဝန်ထမ်းထံမှ ထိုကျားကို ရောဂါကူးစက်သွားခြင်းဖြစ်သည်။ Bronx Zoo ထဲတွင် နာဒီယာ၏သာမက အခြားကျားအချို့နှင့် ခြင်္သေ့အချို့ (အရေအတွက် ရှစ်ကောင်ထက်မက)ကို လည်း ရောဂါပိုးကူးစက်ခဲ့သည်ဟု သိရသည်။

ဒုတိယမြောက် တွေ့ရှိမှုမှာ နယူးယောက်မြို့ရှိ အိမ်မွေးတိရစ္ဆာန်ပိုင်ရှင် နှစ်ဦး၏ အိမ်မွေးကြောင် နှစ် ကောင်၌ ကိုဗစ်- ၁၉ ရောဂါပိုး တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ရောဂါလက္ခဏာများအနေဖြင့် အသက်ရှူလမ်းကြောင်း ဆိုင်ရာ မကျန်းမာသည့် လက္ခဏာခပ်ပျော့ပျော့သာ ဖော်ပြခဲ့သည်ဟု ဆိုပါသည်။

တိရစ္ဆာန်များသို့ ရောဂါကူးစက်ပုံအားလုံးသည် ကိုဗစ်- ၁၉ ရောဂါ ဖြစ်ပွားနေသော၊ ရောဂါပိုး အတည်ပြု လူနာဖြစ်နေသော ပိုင်ရှင် သို့မဟုတ် ကိုင်တွယ်ထိန်း ကျောင်းသူများထံမှ ကူးစက်သွားခြင်းဖြစ်ရာ ထိုတိရစ္ဆာန် များမှ လူကို ရောဂါပြန်လည်ကူးစက်မည်လားဟု တွေးဆကာ အမေရိကန်ပြည်ထောင်စုနှင့် ဂျပန်နိုင်ငံ တို့မှ သုတေသနပညာရှင်များက စမ်းသပ်စစ်ဆေးမှု အမျိုးမျိုးအဖုံဖုံ ပြုလုပ်ပြီး လေ့လာခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် ကြောင်များသည် ဤရောဂါနှင့် ပတ်သက်ပြီး ရောဂါလက္ခဏာ တစ်စုံတစ်ရာမဖော်ပြ သည့် ကြားခံသတ္တဝါဖြစ်နေသောကြောင့် ဖြစ်ပါသည်။

သုတေသနပညာရှင်များသည် ကိုဗစ်- ၁၉ ရောဂါပိုး လူမှကြောင်၊ ကြောင်မှလူသို့ ပြန်လည်၍ ရောဂါကူးစက်ခြင်း ရှိ၊ မရှိ (Human-cat-Human)ကွင်းဆက်သံသရာ ရှိ၊ မရှိ စမ်းသပ်မှုပေါင်းများစွာ ပြုလုပ်ခဲ့ကြသည်။ စမ်းသပ်ချက် တစ်ခုတွင် ကိုဗစ်-၁၉ ရောဂါပိုးကိုယူပြီး ကြောင်သုံးကောင် ၏ အသက်ရှူလမ်းကြောင်းအတွင်း ထည့်သွင်းကာ ရောဂါ ဝင်ရောက်စေသည်။ ထိုကြောင်သုံးကောင်ကို အိမ်တစ်အိမ် စီတွင်ထားပြီး ရောဂါမရှိသေးသည့် ကြောင်တစ်ကောင်စီ နှင့်အတူ ထားလိုက်သည်။ ငါးရက်ကြာပြီးနောက် ဗိုင်းရပ်စ်စစ်ဆေးမှုပြုလုပ်ရာ ကြောင်ခြောက်ကောင်လုံး၌ ကိုဗစ်- ၁၉ ဗိုင်းရပ်စ်ပိုး တွေ့ရှိခဲ့သော်လည်း ရောဂါ လက္ခဏာလုံးဝမပြကြောင်း တွေ့ရှိရပါသည်။

**ဗိုင်းရပ်စ်များကို နှာခေါင်းမှတစ်ဆင့် စွန့်ထုတ်**

သုတေသီများသည် ရောဂါပိုးရှိနေသောကြောင်များ ၏ နှာခေါင်းနှင့် စအိုမှ တို့ဖတ်များကိုယူပြီး ဗိုင်းရပ်စ်များကို ပျိုးကြသောအခါ စအိုလမ်းကြောင်းတို့ဖတ်မှ ဗိုင်းရပ်စ်များ မစွန့်ထုတ်ကြောင်း၊ နှာခေါင်းမှသာ စွန့်ထုတ်ကြောင်း၊ ရောဂါ ပိုးရှိနေသော ကြောင်များသည် ငါးရက်အတွင်း ဗိုင်းရပ်စ် များကို နှာခေါင်းမှတစ်ဆင့် စွန့်ထုတ်ကြောင်း သိရသည်။

နှာခေါင်းတို့ဖတ်၏ အစက်အမှုန်များထဲတွင် ဗိုင်းရပ်စ် ၃၀၀၀၀ မှ ၅၀၀၀၀ အတွင်းပါသည်ဟု ဆိုသော်လည်း လူ တစ်ယောက်ကို ရောဂါကူးစက်နိုင်စွမ်းရှိသည့် ဗိုင်းရပ်စ် ပမာဏက မည်ရွေ့မည်မျှဖြစ်သည်ဟု ရေရာသေချာစွာ မသိနိုင်သေးပေ။

ခတ်ခွဲခန်းသုံးသတ္တဝါများဖြစ်သည့် ပူး၊ ကြွက်တို့ ကဲ့သို့ ကြောင်များကို စမ်းသပ်မှုပြုလုပ်ခဲ့ပြီး ရောဂါကူးစက် နိုင်ကြောင်း တွေ့ရှိခဲ့သော်လည်း သဘာဝပတ်ဝန်းကျင်တွင် ထိုနည်းလမ်းအတိုင်း ကူးစက်မည်ဟု တပ်အပ်သေချာ မပြောနိုင်ပေ။

ယခုအချိန်တွင် ကိုဗစ်- ၁၉ ရောဂါကို ဖြစ်ပေါ်စေသည့် SARS-CoV-2 ဗိုင်းရပ်စ်၏ သဘောသဘာဝကို လေ့လာ နေကြဆဲသာ ရှိပါသေးသည်။ သို့သော် အချို့သော အခြေအနေများတွင် ရောဂါဖြစ်ပွားနေသော လူများထံမှ တိရစ္ဆာန်များကို ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်နိုင်သည့် အကြောင်းအရာက ဦးစွာပေါ်ထွက်လာခဲ့သည်။ ထို့ပြင် ဗိုင်းရပ်စ်ပိုးတွေ့ရှိခဲ့သည့် အိမ်မွေးတိရစ္ဆာန်အချို့ကသာ ရောဂါလက္ခဏာပြကြောင်း၊ အချို့က လက္ခဏာမပြကြောင်း တွေ့ရပါသည်။

ထို အိမ်မွေးတိရစ္ဆာန်များမှ လူကိုရောဂါပြန်လည် ကူးစက်မှု ရှိ၊ မရှိစမ်းသပ်ရာတွင် နမူနာ စစ်တမ်းကောက်ယူမှု (Data sampling)လိုအပ်သည်။ နမူနာ စစ်တမ်းကောက်ယူ ခြင်းသည် လူထု (population)ကို ကိုယ်စားပြုနိုင်ရမည်။

ယခုလို ကပ်ရောဂါနှင့်သက်ဆိုင်သော ပြဿနာ ဖြစ်လျှင် တစ်ကမ္ဘာလုံးနှင့်အကျုံးဝင်သော နမူနာစစ်တမ်း ကောက်ယူမှုဖြစ်ရန် လိုအပ်ပါသည်။ သို့ရာတွင် ယခု အချိန်အထိ ကိုဗစ်- ၁၉ ပိုးတွေ့ရှိခဲ့သော အိမ်မွေးတိရစ္ဆာန်မှ လူကို ပြန်လည်ကူးစက်သော သက်သေအထောက်အထား တစ်ခုမှ မရှိသေးပါ။

ကိုဗစ်- ၁၉ ရောဂါအတွက် ကုသဆေးနှင့် ကာကွယ် ဆေးများအား စမ်းသပ်ရှာဖွေနေဆဲဖြစ်နေသောကြောင့် မိမိတို့ကိုယ်တိုင်သည်လည်းကောင်း၊ မိမိတို့၏ အိမ်မွေး တိရစ္ဆာန်များသည်လည်းကောင်း ရောဂါမကူးစက်အောင် ကြိုတင်ကာကွယ်ထားဖို့လိုပါသည်။

မြန်မာလူမျိုးတို့၏ လူနေမှုဘဝတွင် အချို့သော ပိုင်ရှင်များကသာ ကြောင်များကိုအိမ်တွင် လုံခြုံစွာထားပြီး စနစ်တကျ မွေးမြူကြသည်။ အများစုက အလေ့ကျ ရောက်လာသော ကြောင်များကို သနားကြင်နာစိတ်နှင့် ကျွေးမွေးထားကြခြင်းသာ။ ပျောက်ဆုံးသွားလျှင်လည်း သတ္တဝါတစ်ခု၊ ကံတစ်ခုဟု သဘောထားနိုင်ကြသည်။ ထိုလူများအနေဖြင့် မိမိတို့ထံရောက်လာသော ကြောင် များ၏ ရောဂါရာဇဝင်၊ ကိုဗစ်- ၁၉ လူနာများနှင့် ထိတွေ့မှု ရှိ၊ မရှိ မသိနိုင်ပါ။ မိမိမွေးမြူထားသော ကြောင်များထဲမှာ အပြင်ထွက်လည်တတ်သော ကြောင် များ ရှိနေလျှင်လည်း သတိပြုရန်လိုသည်။ ထို ကြောင် များသည် မြေကြီးပေါ်ကျနေသော ကိုဗစ်- ၁၉ ဗိုင်းရပ်စ် များကိုနင်းမိပြီး ခြေဖဝါးများကို လျှာဖြင့်လျက်ခြင်းမှ ရောဂါကူးစက်နိုင်သည်။ အဓိကအချက်မှာ မိမိ၏အိမ်မွေး တိရစ္ဆာန်သည်ကိုဗစ်-၁၉ ရောဂါကိုသယ်ဆောင်ထားသော ကြားခံသတ္တဝါ မဖြစ်စေရေး၊ လူကို ပြန်လည်မကူးစက် စေရန်အတွက် ကြိုတင်သတိပြုရေးပင် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ရောဂါသည် ရောဂါပိုးရှိသူ လူမှ တစ်ဆင့် ကြောင်နှင့် ကြောင်မျိုးနွယ်ဝင်တို့ကို ကူးစက် စေကြောင်း ပေါ်ထွက်လာပြီဖြစ်ရာ လူမှကြောင်သို့- တစ်ဖန် ကြောင်မှ လူသို့ (Human-cat-Human ) ကွင်းဆက်မဖြစ်ပွားရန် အိမ်မွေးတိရစ္ဆာန်များကို လူအချင်းချင်း ကြိုတင်ကာကွယ်သည့် နည်းလမ်းအတိုင်း စီမံကာကွယ်ထားဖို့ အရေးကြီးသည်။

- # မိမိ၏ အိမ်မွေးတိရစ္ဆာန်များကို ပြင်ပမှ လူများ၊ အခြားတိရစ္ဆာန်များနှင့် မထိတွေ့စေရပါ။
- # အိမ်ထဲမှာသာ လုံခြုံစွာထားပါ။
- # ခွေးနှင့်အတူ လမ်းလျှောက်ထွက်ပါက အခြား လူ (သို့) တိရစ္ဆာန်များနှင့် ခြောက်ပေအကွာ၌ သာနေပါ။
- # လူများသောနေရာသို့ မခေါ်သွားပါနှင့်။
- # အိမ်မှာဖျားနာနေသူ၊ နှာချေသူ၊ ချောင်းဆိုးသူ ရှိနေပါက အိမ်မွေးတိရစ္ဆာန်များနှင့် ဝေးဝေး နေခိုင်းပါ။
- # ခွေး၊ ကြောင်များကို ပွတ်သပ်ခြင်း၊ ပွေ့ချီခြင်း၊ နမ်းရှုပ်ခြင်း မလုပ်ပါနှင့်။ ခွေး၊ ကြောင်တို့က နမ်းရှုပ်ခြင်း၊ လျှာဖြင့်လျက်ခြင်း၊ ပွတ်သီး ပွတ်သပ်လုပ်ခြင်းတို့ကို လက်မခံဘဲ ခပ်ဝေးဝေး နေပါ။
- # သူတို့ကို ကိုင်တွယ်ပြီးတိုင်း၊ အစာကျွေးပြီးတိုင်း၊ အညစ်အကြေးများကို ရှင်းလင်းပေးပြီးတိုင်း စက္ကန့် ၂၀ ကြာအောင် လက်များကို သေချာစွာ ဆေးကြောပါ။
- # သန့်ရှင်းမှု၊ စည်းကမ်းစနစ်ကျမှုကို အလေးထား ပါ။
- # မကျန်းမာသော တိရစ္ဆာန်ကို ဆရာဝန်ထံ ပြသ မည်ဆိုပါက ဖုန်းဆက်ပြီး ကြိုတင်စာရင်း ပေးသွင်းပါ။ ချိန်းဆိုထားသည့်အချိန်အတွင်း ရောက်အောင်သွားပါ။
- # နှာခေါင်းစည်းတပ်သွားပါ။ အခြားလူများနှင့် ထိတွေ့မှု အနည်းဆုံးဖြစ်အောင် ဂရုစိုက်ပါ။
- # မိသားစုထဲမှာ အသက် ငါးနှစ်အောက် ကလေး များ၊ အသက် ၆၅ နှစ်အရွယ် လူကြီးများရှိလျှင် အိမ်မွေးတိရစ္ဆာန်များကို မကိုင်တွယ်ပါစေနှင့်။
- # တိရစ္ဆာန်ဆေးကုဆရာဝန်များအနေဖြင့်လည်း အခြားလူများ၊ တိရစ္ဆာန်များနှင့် အနီးကပ် ထိတွေ့မှု အနည်းဆုံးဖြစ်အောင် သတိပြုရန်၊ လက်အိတ်၊ နှာခေါင်းစည်း၊ မျက်နှာဖုံးအကာ များကို အသုံးပြုရန်၊ လိုအပ်ပါက တစ်ကိုယ်ရေ ကာကွယ်ရေးဝတ်စုံများသုံးရန်၊ တိရစ္ဆာန် တစ်ကောင်ကုပြီးတိုင်း သန့်ရှင်းရေး အသေ အချာလုပ်ရန်၊ အရေးမကြီးသော ကိစ္စများ အတွက် ဖုန်းဖြင့်သာ အကြံပေးရန် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့က လမ်းညွှန်ချက် ပေးထားပါ သည်။ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခြင်းခံထားရ သော တိရစ္ဆာန်မှ လူသို့ပြန်လည်ကူးစက်နိုင် ခြေ အလွန်နည်းနေသေးသော်လည်း သုည ရာခိုင်နှုန်းဟုတော့ မယူဆပါနှင့်၊ ယခုလို ကုသဆေး၊ ကာကွယ်ဆေးများ မပေါ်သေးခင် အချိန်မှာ ပေါ့ပေါ့ဆဆ သဘောမထားဘဲ ကြိုတင်ကာကွယ်ထားကြပါဟု ထပ်မံသတိပေး လိုပါသည်။ ။

**ကိုဗစ်- ၁၉ ရောဂါသည် ရောဂါပိုးရှိသူ လူမှတစ်ဆင့် ကြောင်နှင့် ကြောင်မျိုးနွယ်ဝင်တို့ကို ကူးစက်စေကြောင်း ပေါ်ထွက်လာပြီဖြစ်ရာ လူမှ ကြောင်သို့- တစ်ဖန် ကြောင်မှလူသို့ (Human-cat-Human) ကွင်းဆက်မဖြစ်ပွားရန် အိမ်မွေးတိရစ္ဆာန်များကို လူအချင်းချင်း ကြိုတင် ကာကွယ်သည့် နည်းလမ်းအတိုင်း စီမံကာကွယ်ထားဖို့ အရေးကြီး။**

## ပြည်သူသာလျှင် အဓိက

ဘိုးဘွားအမွေ…မြန်မာပြေ(ပြည်)လျှင်
စိုပြည်စိမ်းလန်း… ရှုခင်းဆန်းဖြင့်
အေးချမ်းသာယာ…စိတ်ချမ်းသာမို့
'လာသူ' 'သွားသူ' 'လှူဒါန်းသူ' နှင့်
ပူပင်မရှိ…အေးချမ်းဘိ…တွင်…
"ကိုဗစ်တစ်ကိုး" … 'ရောဂါပိုးက'
တိုး၍ဝင်လာ …ခဲ့ချေပြီ။
ကူးစက်ရောဂါ… "ကိုရိုနာ" သည်
ကမ္ဘာအနှံ့ … ခြေကိုဆန့်သို့
ပြန့်၍ ပျံ့၍ … ပွားနေပြီ။
ထိုပိုဆိုးလျှင် … စွဲကပ်ဝင်က
ဝန်းကျင်ကိုပါ … ပျံ့နှံ့လာလျက်
မကြာခင်မှာ … သေတတ်ပါ၏
တစ်ကမ္ဘာလုံး… "ကြိမ်မီးအုံး" သို့
အုန်းအုန်းကျွက်ကျွက်… ပူပန်ပြီ။
အိုဘယ့်လူသား… ပြည်သူများငဲ့
ပြည်သူများမှာ … လူများသာတည့်။
ဦးနှောက်ဖွံ့ထွား … ဉာဏ်ကြီးမားသည့်
လူသားတို့တွင် … ရောဂါဝင်က
ဝင်သည့်ရောဂါ… ကင်းစင်ကွာအောင်
လူသားစွမ်းဆောင် … နိုင်သည်ချည်း…။
ထိုနည်းအတူ …ပမာယူပြီး
ပြည်သူများက… ညီညွတ်ကြလျက်
ခဏခဏ… စနစ်ကျဖြင့်
သန့်ကြ ရှင်းကြ … ကာကွယ်ကြ။
လူစု လူဝေး …မပြုရေးနှင့်
"လက်ဆေး" အိမ်နေ…. "ခြောက်ပေ" အကွာ
လိုက်နာပြည်သူ … ညီညွတ်တူဖို့။
ပြည်သူအတွက် … 'ညွှန်ကြားချက်' မို့
မပျက်လိုက်နာ… နေထိုင်ပါလျှင်
မကြာတော့ပါ … "ကိုရိုနာ" သည်
မြန်မာ မက…. "ကမ္ဘာ" မှပင်
ပျောက်ကွယ်စင်လိမ့်…။
"ကိုဗစ်တစ်ကိုး… ရောဂါပိုး" တွင်
ပြည်သူသာလျှင် … အဓိက
"ကိုရိုနာ" သည် …တစ်ခဏ
မြန်မာပြည်မှာ … မကြာရ
ကျိန်းသေ မုချ…ပျောက်မည်ပေ
"ပြည်သူသာလျှင်… အဓိက"။
(ကိုဗစ် – ၁၉ … အမြန်ကင်းစင်
ပပျောက်ရေးသို့။)

**ဦးရဲဆွေ (ကြံခင်း)**

# ပြည်သူသို့ အသိပေးပန်ကြားလွှာ

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ အများပြည်သူနှင့် စက်မှုလက်မှုလုပ်ငန်းများ ဓာတ်အားသုံးစွဲမှုများအတွက် လစဉ်ဓာတ်အားခများကို သက်ဆိုင်ရာမြို့နယ်ရုံးများတွင် ကောက်ခံဆောင်ရွက်လျက်ရှိပါသည်။

၂။ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလအတွက် ကျသင့်သည့် လျှပ်စစ်မီတာခများကို ၂၀၂၀ ပြည့်နှစ်၊ မေလတွင် သတ်မှတ်မြို့နယ်ရုံးများ၌ မီတာခများအား (၁၇-၅-၂၀၂၀)၊ (၁၉-၅-၂၀၂၀)၊ (၂၁-၅-၂၀၂၀)၊ (၂၃-၅-၂၀၂၀) နှင့် (၂၅-၅-၂၀၂၀) ရက်တို့၌ နောက်ဆုံးထား၍ အသီးသီး ပေးသွင်းကြရန် မီတာဘေလ်များပေါ်တွင် ရေးသားဖော်ပြခဲ့ပါသည်။

၃။ လက်ရှိတွင် Coronavirus Disease 2019 (COVID–19) အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားရှိသဖြင့် ကူးစက်မှုအား ထိန်းချုပ်မှုပြုလုပ်နေသည့် ကာလအတွင်း လူစုလူဝေးဖြစ်ပေါ်မှုကို အထိုက်အလျောက် လျော့နည်းစေရန်အတွက် ကျသင့်သည့် မီတာခများအား စာပိုဒ်(၂)ပါ သတ်မှတ်ရက်များအပြင် ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၂၅ ရက် (ကြာသပတေးနေ့) အထိ နောက်ဆုံးထား ပေးသွင်းကြပါရန် အသိပေးပန်ကြားအပ်ပါသည်။

၄။ ထိုသို့ အပိုဒ်(၂)ပါ သတ်မှတ်ရက်များအတိုင်း ပေးသွင်းခြင်းမရှိခဲ့မှုအတွက် နောက်ကျကြေးကောက်ခံခြင်း၊ လျှပ်စစ်မီးဖြတ်တောက်ခြင်းများ ပြုလုပ်မည်မဟုတ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

၅။ ငွေလက်ခံကောင်တာများကို နေ့စဉ် (စနေ၊ တနင်္ဂနွေ) ပိတ်ရက်မရှိ ဖွင့်လှစ်လက်ခံသွားမည်ဖြစ်ပါသဖြင့် တတ်နိုင်သမျှ သတ်မှတ်ရက်များအတိုင်း လာရောက်ပေးသွင်းနိုင်ပါရန်နှင့် ၂၀၂၀ ပြည့်နှစ်၊ မေလအတွက် ကျသင့်သည့် လျှပ်စစ်မီတာခ နောက်ဆုံးပေးသွင်းရမည့်ရက်ကိုလည်း ထပ်မံထုတ်ပြန် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန**

# အမျိုးသားကျန်းမာရေး အာမခံစနစ်ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ခြင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂**

ပြည်သူ့လွှတ်တော်၌ အတည်ပြုထားသော အဆိုဖြစ်သည့် အမျိုးသားကျန်းမာရေးအာမခံစနစ် ပေါ်ပေါက်လာရေးအတွက် ဆောင်ရွက်ထားရှိမှုများ၊ ရှေ့လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ သုံးသပ်ခြင်း အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



**ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ်**

အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုအခါတွင် လူဦးရေတိုးပွားလာခြင်း၊ ရောဂါအသစ်အဆန်းများ ပေါ်ပေါက်ဖြစ်ပွားလာခြင်း၊ ကျန်းမာရေးနှင့်မညီညွတ်သော နေထိုင်စားသောက်မှုပုံစံများကြောင့် မကူးစက်တတ်သော ရောဂါများဖြစ်ပွားမှု ပိုမိုများပြားလာခြင်း၊ ခေတ်မီဆန်းပြားသည့် ဆေးကုသရေးနည်းစနစ်များနှင့် အဆင့်မြင့်ခေတ်ပေါ်ဓာတ်ခွဲစစ်ဆေးသည့် ရောဂါရှာဖွေရေး စက်ပစ္စည်းကိရိယာများ ပေါ်ပေါက်လာခြင်းကြောင့် ဆေးကုသရာ၌ ငွေကြေးကုန်ကျမှု ပိုမိုများပြားလာခြင်း၊ ပဋိဇီဝဆေးယဉ်ပါးသည့် ရောဂါများပေါ်ပေါက်လာခြင်း စသည့် အမျိုးမျိုးသော အကြောင်းအရာများကြောင့် နိုင်ငံတော်မှ ကျန်းမာရေးစောင့်ရှောက်မှု ကုန်ကျစရိတ် အားလုံးကို စိုက်ထုတ်ကျခံရန် အလွန်ခက်ခဲလာပါကြောင်း။

သို့ဖြစ်၍ မိမိတို့နိုင်ငံတွင် နိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့် သင့်တော်ကိုက်ညီသည့် ကျန်းမာရေးအာမခံစနစ် ကောင်းတစ်ရပ် ပေါ်ပေါက်လာရေးကို ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ကျန်းမာရေးအာမခံစနစ် ကောင်းတစ်ရပ် ပေါ်ပေါက်လာရန်မှာ ချက်ချင်းဆောင်ရွက်၍ရသည့် ကိစ္စရပ်မျိုးမဟုတ်ဘဲ အချိန်ယူဆောင်ရွက်ရသည့် ကိစ္စဖြစ်သည်ကို ကမ္ဘာအရပ်ရပ်ရှိ နိုင်ငံများမှ ကျန်းမာရေး အာမခံစနစ်များကို လေ့လာကာသိရှိနိုင်ပါကြောင်း။

မိမိတို့နိုင်ငံတွင် အမျိုးသားကျန်းမာရေးအာမခံစနစ် တစ်ခု ပေါ်ပေါက်လာရေးတွင် ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ လက်ရှိကျန်းမာရေးစနစ်၏ လုပ်ငန်းဆောင်ရွက်နိုင်မှုအခြေအနေ၊ အထူးသဖြင့် ဆေးရုံများတွင် ကုသမှုပေးနေသည့် အခြေအနေအဆင့်အတန်း၊ နိုင်ငံ၏ စီးပွားရေး၊ ငွေကြေးဘဏ္ဍာရေးအခြေအနေနှင့် ဦးတည်ချက်လားရာ၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုရယူခြင်းအပေါ် ခံယူချက်၊ နားလည်မှု၊ အဆင့်အတန်းနှင့် အတိုင်းအတာ၊ နိုင်ငံအတွင်း လက်ရှိဖြစ်ပွားလျက်ရှိသော ရောဂါအမျိုးအစားများ၊ ဖြစ်ပွားမှုပမာဏနှင့် အနာဂတ်တွင် ဖြစ်ပွားနိုင်မှုအလားအလာ အခြေအနေများကို ထည့်သွင်းလေ့လာသုံးသပ်ရန် လိုအပ်ပါကြောင်း။

အဆိုပါအချက်များသည် မိမိတို့အကောင်အထည်ဖော်မည့် အမျိုးသားကျန်းမာရေးအာမခံစနစ်နှင့် ပုံသဏ္ဌာန်ကို ထင်ဟပ်ပုံဖော် လွှမ်းမိုးမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရန် ကမ္ဘာ့နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဆောင်ရွက်နေသော ကျန်းမာရေးအာမခံစနစ် အသီးသီးကို လေ့လာရမည်ဖြစ်ပါကြောင်း၊ ဖွံ့ဖြိုးပြီး ချမ်းသာကြွယ်ဝသော နိုင်ငံကြီးများတွင် ဆောင်ရွက်နေသောစနစ်ဖြင့် မိမိတို့နိုင်ငံတွင် ဆောင်ရွက်ရန်မှာ အံဝင်ခွင်ကျ မဖြစ်နိုင်သည်ကို သတိပြုရမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးအာမခံစနစ်တွင် တစ်ဦးချင်းစီမှ ကိုယ်ကျိုးအတွက် စနစ်ကိုအလွဲသုံးစားပြုလုပ်လာနိုင်သည့် အခြေအနေများကိုလည်း ကြိုတင်မျှော်မှန်းစဉ်းစားပြီး ကာကွယ်ဟန့်တားရေး အစီအမံများကို ချမှတ်ထားရန်လိုအပ်ပါကြောင်း၊ အမျိုးသားကျန်းမာရေးအာမခံစနစ် အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ မိမိတို့ဆေးရုံများ၏ ဝန်ဆောင်မှုပေးနိုင်သော အသင့်အနေအထား ရှိ၊ မရှိ အခြေအနေကိုလည်း ဘက်စုံထောင့်စုံမှ သုံးသပ်ရမည်ဖြစ်ပါကြောင်း၊ လက်ရှိလူမှုဖူလုံရေးစနစ်နှင့် လိုက်လျောညီထွေဖြစ်စေရန် မည်သို့ဆောင်ရွက်သင့်သည်၊ အမျိုးသားကျန်းမာရေးအာမခံစနစ်တစ်ခုလုံးကို အစမှစတင်ဆောင်ရွက်မည့်အစား လက်ရှိလူမှုဖူလုံရေးစနစ်ကိုသာ ပြုပြင်မွမ်းမံပြီး တိုးချဲ့ဆောင်ရွက်ရန် သင့်၊ မသင့် စသည့် အချက်များကိုလည်း မိမိတို့သေချာစွာ စဉ်းစားသုံးသပ်ရမည် ဖြစ်ပါကြောင်း။

**ဂရုပြုမိ**

ရှမ်းပြည်နယ်တောင်ပိုင်းတွင် ဂေါ်ဖီထုပ် (ဒေသ အခေါ် မုန်လာထုပ်)များ လှိုင်လှိုင်ထွက်ရှိနေသော်လည်း ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် ဈေးကွက်အတွင်း တင်ပို့ရောင်းချရန် အခက်အခဲဖြစ်ပေါ်နေမှုများကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ကျော်ဖြတ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် ရှမ်းပြည်နယ် သမဝါယမအသင်းစုချုပ်တို့က ချိတ်ဆက်ညှိနှိုင်း၍ ဈေးကွက်အခက်အခဲဖြစ်ပေါ်နေသော ဂေါ်ဖီထုပ် ၄၅၀၀ ကို ချောင်းဦးမြို့နယ်တွင် အခြေပြုသိုလှောင်၍ ဖြန့်ဖြူးပေးလျက်ရှိသည်။



ယခုလက်ရှိအချိန်တွင် ချောင်းဦးမြို့နယ်နှင့် အနီးတစ်ဝိုက်ဖြစ်သော မြောင်၊ မုံရွာ၊ အရာတော်မြို့နယ်များရှိ သမဝါယမအသင်းသား ပြည်သူများထံသို့ သက်သာသောဈေးနှုန်းဖြင့် ဆက်လက်ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အခြားမြို့နယ်များသို့ တိုးချဲ့ဖြန့်ဖြူးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူးထံမှ သိရသည်။

**သတင်းစဉ်**

# အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ရုရှားသမ္မတ ပူတင်အား G7 ထိပ်သီးဆွေးနွေးပွဲတက်ရောက်ရေး ဖိတ်ကြားရန်စီစဉ်



အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်



ရုရှားသမ္မတ ပူတင်

**ဝါရှင်တန် ဇွန် ၂**

စက်တင်ဘာလအတွင်း ကျင်းပမည့် G7 ထိပ်သီးဆွေးနွေးပွဲသို့ တက်ရောက်ရေး ရုရှားနိုင်ငံအား ဖိတ်ကြားရန် စီစဉ်နေ ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြား လိုက်သည်။ ဒေါ်နယ်ထရမ့်က ယမန်နေ့က ဖုန်းပြောဆိုမှု တစ်ခု အတွင်း ထိုစိတ်ကူးကို သမ္မတ ဗလာဒီမာပူတင်ထံ တရားဝင် ပြောကြားခဲ့သည်ဟု ရုရှားသမ္မတရုံးက ပြောကြားသည်။

**စောင့်ကြည့်မည်**

G7 ထိပ်သီးဆွေးနွေးပွဲကို စက်တင်ဘာလအတွင်း ရွှေ့ဆိုင်းမည်ဖြစ်ပြီး ရုရှားနှင့် အဖွဲ့ဝင်မဟုတ်သည့် အခြားသုံးနိုင်ငံကို ဖိတ်ကြားလိုကြောင်း ဒေါ်နယ်ထရမ့်က ယမန်နေ့တွင် ပြောကြားခဲ့သည်။ ဖိတ်ကြားမှုနှင့် စပ်လျဉ်း၍ စောင့်ကြည့်မည်ဟု ရုရှားသမ္မတရုံးကဆိုသည်။ ဒေါ်နယ် ထရမ့်၏ အဆိုပြုချက်ကို လက်ခံခြင်းရှိ မရှိမဆုံးဖြတ်မီ ရုရှားနိုင်ငံအနေဖြင့် သတင်းအချက်အလက်များ ပိုမိုရရှိရန် လိုအပ်ကြောင်း ရုရှားသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ ဒီမီထရီပတ်ချ်ကော့ဗ်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

**တန်းတူအခွင့်အရေး ရရှိရေးဖြစ်**

ရုရှား အထက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ ဥက္ကဋ္ဌကလည်း ပြတ်ပြတ်သားသားပြောရန် တောင်းဆိုခဲ့ သည်။ အရေးကြီးသောအချက်မှာ ထိပ်သီးဆွေးနွေးပွဲ တက်ရောက်သူအားလုံးက ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် တန်းတူအခွင့်အရေး ရရှိရေးပင်ဖြစ်ကြောင်း အထက်လွှတ်တော် နိုင်ငံတကာရေးရာကော်မတီ ဥက္ကဋ္ဌ ကွန်စတန်တင်ကိုဆာချက်ဗ်က ပြောသည်။

G7 အဖွဲ့ဝင် ကနေဒါနိုင်ငံ က ဒေါ်နယ်ထရမ့်၏အကြံကို ပယ်ချခဲ့သည်။ ခရိုင်းမီးယား ကို ကျူးကျော်ပြီးနောက် ရုရှားနိုင်ငံကို G7 အဖွဲ့မှ ဖယ်ထုတ်ခဲ့ကြောင်း ကနေဒါဝန်ကြီးချုပ် ဂျပ်စတင်ထရူဒေါက ပြောကြားခဲ့သည်။

နိုင်ငံတကာစည်းမျဉ်းများ၊ စံနှုန်းများအပေါ် ရုရှား နိုင်ငံ၏ မလေးစားမှုနှင့် မောက်မာမှုက G7 အဖွဲ့၏အပြင်ဘက်ကို ရောက်ရှိစေခဲ့ကြောင်း ၎င်းက ဆိုသည်။ G7 အဖွဲ့မှာ မဟာမိတ်များ၊ မိတ်ဆွေများနှင့် ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးရာ နေရာတစ်ခုဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ပြောသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ကျော်ထိုက်စိုး**




# စင်ကာပူနိုင်ငံ၏ အွန်လိုင်းသတင်းအမှားဆိုင်ရာ ဥပဒေအား ဖေ့စ်ဘွတ်ဝေဖန်

**စင်ကာပူ ဇွန် ၂**

အင်တာနက်ကုမ္ပဏီတစ်ခုဖြစ်သော ဖေ့စ်ဘွတ်က ၎င်း၏ အင်တာနက်စာမျက်နှာအား စင်ကာပူကပိတ်ပင်ခဲ့ပြီးနောက် စင်ကာပူနိုင်ငံ၏ အွန်လိုင်းသတင်းအမှားဆိုင်ရာ ဥပဒေသည် တင်းကျပ်ပြီး လွတ်လပ်စွာပြောဆိုခွင့်အပေါ် ဖိနှိပ်မှုရှိကြောင်း ယမန်နေ့က ပြောကြားသည်။

ဝန်ကြီးများအား အင်တာနက်တွင် ၎င်းတို့ မှားယွင်းသည်ဟု ယူဆသော သတင်းရေးသားချက်များကို သတိပေးရန်နှင့် အင်တာနက်စာမျက်နှာများအား ပိတ်ပင်တားဆီးရန် လုပ်ပိုင်ခွင့်ပေးထားသော အဆိုပါ ဥပဒေအား ဖေ့စ်ဘွတ်က ယခုကဲ့သို့ ဝေဖန်မှုပြုလုပ်ခဲ့ခြင်း ဖြစ်သည်။ နိုင်ငံရေးအစွန်းရောက် ဝက်ဘ်ဆိုက်တစ်ခုဖြစ်သော National Times Singapore က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာပေါ်တွင် အစိုးရ၏ ဝေဖန်မှုတိုင်းသည်အွန်လိုင်းသတင်းအမှားဆိုင်ရာ ဥပဒေအရ တရားမဝင်ကြောင်း ပြောကြားခဲ့ပြီးနောက် ၎င်းဖော်ပြချက်မှားယွင်းကြောင်း တောင်းပန်ရန် တာဝန်ရှိသူများက ညွှန်ကြားခဲ့သည်။ သို့ရာတွင် ယင်းညွှန်ကြားချက်ကို National Times Singapore က လိုက်နာဆောင်ရွက်ခြင်းမရှိသဖြင့် ဖေ့စ်ဘွတ်အား ၎င်း၏စာမျက်နှာကို ဖျက်သိမ်းပေးရန် တာဝန်ရှိသူများက ဖေ့စ်ဘွတ်အား ညွှန်ကြားခဲ့သည်။

လွတ်လပ်စွာ ရေးသားဖော်ပြခွင့်သည် အခြေခံကျသော လူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီးဖေ့စ်ဘွတ်အနေဖြင့် ထိုအချက်ကိုကာကွယ်ရန် ဆောင်ရွက်နေကြောင်း ဖေ့စ်ဘွတ်၏ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# ဩစတြေးလျမီဒီယာများအား ကြော်ငြာလုပ်ငန်းမှရရှိသော ဝင်ငွေကိုခွဲဝေပေးရေး တောင်းဆိုချက်ကို ဂူးဂဲလ်ငြင်းဆို

**ဆစ်ဒနီ ဇွန် ၂**

ဩစတြေးလျအစိုးရကချမှတ်ထားသော ဝင်ငွေမျှဝေသုံးစွဲရေး အစီအစဉ်အရ အင်တာနက်ကုမ္ပဏီတစ်ခုဖြစ်သော ဂူးဂဲလ်၏ နှစ်စဉ် အမေရိကန်ဒေါ်လာသန်းချီသော ဝင်ငွေအား ဩစတြေးလျသတင်းမီဒီယာများအား ခွဲဝေပေးရန် တောင်းဆိုချက်ကို ဂူးဂဲလ်ကုမ္ပဏီက ငြင်းဆိုခဲ့သည်။

**အစီအစဉ်များချမှတ်ထား**

ဂူးဂဲလ်အနေဖြင့် နှစ်စဉ်ဝင်ငွေ ဩစတြေးလျ ဒေါ်လာ ၁၀ သန်းမှာ သတင်းနှင့် ဆက်စပ်သော ကြော်ငြာလုပ်ငန်းများမှရရှိခဲ့ကြောင်း ဂူးဂဲလ်၏ ဩစတြေးလျနိုင်ငံဆိုင်ရာ အမှုဆောင်အရာရှိချုပ်က ပြောကြားသည်။ ဩစတြေးလျနိုင်ငံသည် အင်တာနက်ကုမ္ပဏီများအား ၎င်းတို့၏ သတင်းနှင့် ပတ်သက်သော ကြော်ငြာလုပ်ငန်းများမှရရှိသည့် ဝင်ငွေကို မျှဝေသုံးစွဲရေးအတွက် တွန်းအားပေးရန် အစီအစဉ်များချမှတ်ထားသည်။

ဩစတြေးလျနိုင်ငံမှ ACCC အဖွဲ့၏ ခန့်မှန်းချက်အရ ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်ကုမ္ပဏီတို့သည် ကြော်ငြာလုပ်ငန်းမှ တစ်နှစ်လျှင် ဝင်ငွေ ဩစတြေးလျဒေါ်လာ ၆ ဘီလီယံရရှိကြောင်း ပြောကြားသည်။ ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်တို့အား ၎င်းတို့နှစ်စဉ်ရရှိသော ဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို ဩစတြေးလျဒေသခံ သတင်းမီဒီယာများအားပေးအပ်ရန် ထိပ်တန်းသတင်းပုံနှိပ်ထုတ်ဝေရေး လုပ်ငန်းများကတောင်းဆိုခဲ့သည်။

ယင်းသို့ တောင်းဆိုရခြင်းမှာ ၎င်းတို့ ရရှိမည့် ကြော်ငြာဝင်ငွေအများစုကို ဂူးဂဲလ်နှင့် ဖေ့စ်ဘွတ်တို့က ရယူထားသောကြောင့်ဖြစ်သည်။

ကျွန်မတို့ သဘောတူထားတဲ့ အချက်ကတော့ သတင်းတန်ဖိုးမြင့်တဲ့ သတင်းတစ်ပုဒ်ဟာ လူမှုရေးအရ တန်ဖိုးရှိသကဲ့သို့ စီးပွားရေးအရ တန်ဖိုးရှိသည်ဟူသောအချက်ကို နားလည်ရမှာဖြစ်ပါတယ်”ဟု ဂူးဂဲလ်၏ ညွှန်ကြားရေးမှူး မယ်လ်စီးဗားက ပြောကြားသည်။

**ကိုးကား - အေအက်ဖ်ပီ**
**ဘာသာပြန်-စိုးသူရ**




# လက်တင်အမေရိက၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု အရှိန်မြင့်မားလာသည့်အတွက် ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၅၀၀၀ ရှိလာ



**ရီယိုဒီဂျနေးရိုး ဇွန် ၂**

လက်တင်အမေရိက၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှု ဆက်လက်အရှိန်မြင့်မားလျက်ရှိရာ ယခုအခါ ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၇၅၀၀၀ ရှိလာကြောင်း အေအက်ဖ်ပီသတင်းတစ်ရပ်တွင် ယနေ့ ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် လူ ၃၀၀၀၀ နီးပါး သေဆုံးခဲ့ခြင်းနှင့် အတူ လက်တင်အမေရိက တစ်ဝန်းလုံးရှိ ကျန်းမာရေးစောင့်ရှောက်မှုစနစ်များသည် ကိုဗစ်-၁၉ ရောဂါဖြင့် လွှမ်းမိုးထားကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

သို့သော် ဥရောပတိုက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ဒုတိယလှိုင်းတစ်ခု ထပ်မံဖြစ်ပွားနိုင်ဖွယ်ရှိသည်ဟု ပညာရှင်များက သတိပေးထားသော်လည်း စာသင်ကျောင်းများ၊ ရေကူးကန်များ၊ အရက်အဖျော်ယမကာအရောင်းဆိုင်များနှင့် ခရီးသွားလုပ်ငန်းများကို ကန့်သတ်မှု ထပ်မံဖြေလျှော့သည့်အနေဖြင့် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောကြားသည်။

၂၀၁၉ ခုနှစ် နှောင်းပိုင်းက တရုတ်နိုင်ငံမှ စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါသည် ယခုအခါ ကမ္ဘာ့နိုင်ငံနှင့် ဒေသအများအပြားသို့ ကူးစက်ပျံ့နှံ့သွားပြီး ကမ္ဘာတစ်ဝန်းတွင် အဆိုပါ ရောဂါ ကူးစက်ခံရသူပေါင်း ၆ ဒသမ ၂ သန်းထက်မနည်း ရှိလာကြောင်း သိရသည်။

ကမ္ဘာပေါ်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုအများဆုံး ၁၀ နိုင်ငံအနက် လေးနိုင်ငံသည် လက်တင်အမေရိကတွင်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အရေးပေါ်ဌာနမှ ညွှန်ကြားရေးမှူး မိခေးလ်ရီယန်က ပြောကြားသည်။

လက်တင်အမေရိကရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု အများဆုံးနိုင်ငံလေးနိုင်ငံမှာ ဘရာဇီး၊ ပီရူး၊ ချီလီနှင့် မက္ကဆီကို နိုင်ငံတို့ဖြစ်သည်။ ထို့အပြင် အာဂျင်တီးနား၊ ဘိုလီးဗီးယား၊ ကိုလံဘိုနှင့် ဟေတီနိုင်ငံတို့တွင်လည်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု မြင့်တက်လာဖွယ်ရှိကြောင်း ၎င်းက ထပ်မံပြောကြားသည်။

လက်ရှိအချိန်တွင် လက်တင်အမေရိက၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁ သန်းခန့်ရှိပြီး ၎င်းတို့အနက် ၅၀၀၀၀ ကျော်သည် အဆိုပါ ရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ဦးရေသည် လက်တင်အမေရိက တစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း၏ ထက်ဝက်ကျော်သည်။

ထို့အတူ ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူဦးရေသည် လက်တင်အမေရိကတစ်ဝန်းလုံးရှိ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း၏ ၆၀ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန် - ဂျေတီ**



# အိန္ဒိယနိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်မည်ဟု ဝန်ကြီးချုပ် မိုဒီ ပြောကြား

**နယူးဒေလီ ဇွန် ၂**

အစိုးရက အသီးသီးသောပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်နေခြင်းကြောင့် အိန္ဒိယနိုင်ငံက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသေချာပေါက်ပြန်လည်ရရှိမည်ဟု ဝန်ကြီးချုပ် နရန်ဒရာမိုဒီက ယနေ့ ပြောကြားလိုက်သည်။

အစိုးရက ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတိုက်ဖျက်ရန် တင်းကျပ်စွာဆောင်ရွက်ခဲ့သလို စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဂရုတစိုက်လုပ်ဆောင်ခဲ့ကြောင်း စက်မှုအသင်း၏ နှစ်ပတ်လည်နေ့အခမ်းအနား၌ မိန့်ခွန်းပြောကြားရာတွင် မိုဒီက ဆိုသည်။

**တစ်ဆင့်ချင်း ပြန်လည်ဖွင့်လှစ်**

“တစ်ဖက်မှာ ပြည်သူတွေရဲ့အသက်ဘေးအန္တရာယ်ကင်းအောင် ကျွန်တော်တို့ ဆောင်ရွက်သလို အခြားတစ်ဖက်မှာ စီးပွားရေးတည်ငြိမ်စေဖို့နဲ့ ပြန်လည်ကောင်းမွန်လာဖို့ ကျွန်တော်တို့ လုပ်ဆောင်ရပါတယ်” ဟု ၎င်းက ပြောသည်။ စီးပွားရေးဖွံ့ဖြိုးမှုပြန်လည်ရရှိမည်ဆိုသော ယုံကြည်ချက်ကို လယ်သမားများ၊ အသေးစားလုပ်ငန်းရှင်များထံမှ ရရှိကြောင်း မိုဒီက ပြောသည်။ “ကိုရိုနာဗိုင်းရပ်စ်က ကျွန်တော်တို့ရဲ့ ဖွံ့ဖြိုးတိုးတက်မှုကို နှေးကွေးစေခဲ့ပေမယ့် အိန္ဒိယနိုင်ငံက ယခုအခါ ကန့်သတ်မှုတွေ တစ်ဆင့်ချင်း ပြန်လည်ဖွင့်လှစ်နေပါပြီ” ဟု သူက ဆိုသည်။

ရည်ရွယ်ချက်၊ ပါဝင်မှု၊ ရင်းနှီးမြှုပ်နှံမှု၊ အခြေခံအဆောက်အအုံနှင့် ဆန်းသစ်တီထွင်မှုတို့က အိန္ဒိယနိုင်ငံ၏ စီးပွားရေး ပြန်လည်ကောင်းမွန်ရေးအတွက် အရေးကြီးကြောင်း မိုဒီက ပြောသည်။

မိမိတို့အတွက် ပြုပြင်ပြောင်းလဲမှုများက ဆုံးဖြတ်ချက်များ ချမှတ်ရန်နှင့် ကျိုးကြောင်းဆီလျော်သော သုံးသပ်ချက် ဆောင်ရွက်စေသည့် သတ္တိဟုဆိုလိုကြောင်း သူက ဆိုသည်။

**ကိုးကား–ပီတီအိုင်**
**ဘာသာပြန်–ကျော်ထိုက်စိုး**

# ကမ္ဘာတစ်ဝန်း၌ ကိုဗစ်-၁၉ ကြောင့် သတင်းထောက် ၁၂၇ ဦး သေဆုံး

**ဂျီနီဗာ ဇွန် ၂**

ယခုနှစ် မတ်လနှင့် မေလအကြားတွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါကြောင့် သတင်းထောက် ၁၂၇ ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဂျီနီဗာမြို့အခြေစိုက် အစိုးရမဟုတ်သောအဖွဲ့အစည်းဖြစ်သည့် Press Emblem Campaign (PEC) က ပြောကြားသည်။

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသွားသည့် သတင်းထောက် ၁၂၇ ဦးအနက် သုံးပုံနှစ်ပုံခန့်သည် ၎င်းတို့၏ တာဝန်ထမ်းဆောင်နေကြစဉ် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

သတင်းထောက်များသည် ရောဂါပိုးအသစ်တိုက်ဖျက်ရေးအတွက် အရေးပါသည့် အခန်းကဏ္ဍမှပါဝင်ကြပြီး ရောဂါပိုးအသစ် ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ အများပြည်သူထံသို့ အကြောင်းကြားလေ့ရှိကြောင်း၊ ယခုကဲ့သို့ သတင်းထောက်များ သေဆုံးမှုသည် ၎င်းတို့၏ တာဝန်ချိန်အတွင်း ရောဂါကာကွယ်ရေးဆိုင်ရာ လုံလောက်သော အစီအမံများမရှိခြင်းကြောင့်ဖြစ်ကြောင်း PEC ၏ အထွေထွေအတွင်းရေးမှူးချုပ် ဘလေးစ်လင်ပင်က ပြောကြားသည်။

အဆိုပါသေဆုံးမှု ကိန်းဂဏန်းအချက်အလက်များကို အမျိုးသားသတင်းထောက်များအဖွဲ့ချုပ်၊ ဒေသဆိုင်ရာမီဒီယာများနှင့် ကမ္ဘာတစ်ဝန်းရှိ PEC သတင်းထောက်များအပါအဝင် သတင်းရင်းမြစ်အများအပြားအပေါ် အခြေခံပြီး ကိုးကားဖော်ပြခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပီရူးနိုင်ငံတွင် ယခုနှစ် မတ်လနှင့် မေလအကြား ကိုဗစ်–၁၉ ရောဂါကြောင့် သတင်းထောက် ၁၅ဦးသေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင်အဆိုပါရောဂါကြောင့်သေဆုံးမှုအများဆုံးနိုင်ငံဖြစ်လာခဲ့သည်။ ထို့အတူ ဘရာဇီးနှင့် မက္ကဆီကို နှစ်နိုင်ငံစလုံးတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သတင်းထောက် ၁၃ ဦးသေဆုံးခဲ့ပြီး ကမ္ဘာပေါ်တွင် သေဆုံးမှု ဒုတိယနှင့် တတိယအများဆုံးနိုင်ငံများ ဖြစ်လာခဲ့သည်။ ထို့အပြင် အမေရိကန်ပြည်ထောင်စုတွင် ၁၂ ဦး၊ ရုရှားနှင့် ဗြိတိန်နှစ်နိုင်ငံစလုံးတွင် ငါးဦးစသည်ဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သတင်းထောက်များ အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

လက်တင်အမေရိက၌ ကိုဗစ်–၁၉ ရောဂါကြောင့် သတင်းထောက် ၆၂ ဦး သေဆုံးပြီး ကမ္ဘာ့ဒေသများတွင် အဆိုပါရောဂါကြောင့် သေဆုံးမှုအများဆုံးဒေသဖြစ်လာခဲ့သည်။ ထို့အတူ ဥရောပတိုက်တွင် ၂၃ ဦး၊ အာရှတိုက်တွင် ၁၇ ဦး၊ မြောက်အမေရိကတိုက်တွင် ၁၃ ဦးနှင့် အာဖရိကတိုက်တွင် ၁၂ ဦးစသည်ဖြင့် ကိုဗစ်–၁၉ ရောဂါကြောင့် သတင်းထောက်များ အသီးသီးသေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ**
**ဘာသာပြန် – ဂျေတီ**

# စင်ကာပူအမျိုးသားအနုပညာခန်းမမှ ကလေးငယ်များအတွက် အွန်လိုင်းအနုပညာပွဲတော်ကျင်းပ

**စင်ကာပူ ဇွန် ၂**


စင်ကာပူနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှု အကျပ်အတည်းနှင့် ကြုံတွေ့နေရချိန်တွင် ကလေးသူငယ်များအနေဖြင့် အတွေ့အကြုံနှင့် ပရိသတ်အဖြစ် ပါဝင်နိုင်မှုရရှိစေရေး အစိတ်အပိုင်းတစ်ရပ်အဖြစ် စင်ကာပူအမျိုးသားအနုပညာခန်းမမှ ပထမဆုံးအကြိမ်အဖြစ် ကလေးများအတွက် အွန်လိုင်းအနုပညာပွဲတော်ကို ယမန်နေ့မှ စတင်ကျင်းပခဲ့သည်။ ယင်းအွန်လိုင်းအနုပညာပွဲတော်တွင် ကလေးများအနေဖြင့် သင်ယူလေ့လာမှုများနှင့် ဖန်တီးနိုင်မှုများ ပြုလုပ်နိုင်သည်။

စင်ကာပူအမျိုးသားအနုပညာခန်းမတွင် နှစ်နှစ်လျှင်တစ်ကြိမ် ကျင်းပသော ကလေးများပွဲတော်ကို ကျင်းပခြင်းဖြစ်ပြီး ယင်းပွဲတော်မှာ ဒုတိယအကြိမ် ပြန်လည်ကျင်းပသည့်ပွဲတော်ဖြစ်ကြောင်း အမျိုးသားအနုပညာခန်းမကထုတ်ပြန်သည့် သတင်းကြေညာချက်တွင် ဖော်ပြသည်။

ယင်းပွဲတော်ကို ဇွန် ၁ ရက်မှ ၂၀၂၁ ခုနှစ် မတ် ၂၈ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး ယခုနှစ်အတွက် ပွဲတော်ခေါင်းစဉ်မှာ Small Big Dreamers At Home ဖြစ်သည်။ စင်ကာပူအမျိုးသားအနုပညာခန်းမအား ကိုဗစ်–၁၉ ရောဂါပျံ့နှံ့မှုများဖြစ်ပွားနေစဉ်အတွင်း ယာယီပိတ်ထားခြင်းဖြစ်သည်။

ယင်းပွဲတော်၌ အသက်ခြောက်နှစ်မှ ၁၂ အရွယ်ရှိ ကလေးငယ်များ ပါဝင်ဆင်နွှဲနိုင်သည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–ဇော်ဝင်း**




# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ မြေပြိုမှုကြောင့် ၁၉ ဦးသေဆုံး၊ နှစ်ဦး ဒဏ်ရာရရှိ

**ဂူဝါဟာတီ ဇွန် ၂**

အိန္ဒိယနိုင်ငံ အာသံပြည်နယ်တောင်ဘက် ဘာရာ့ခ်ချိုင့်ဝှမ်းဒေသရှိ ဟေလာကန်ဒီ၊ ကာရိမ်ဂန်ဂျာနှင့် ကာချာခရိုင်များတွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် ယနေ့အစောပိုင်းက မြေပြိုမှုများဖြစ်ပွားခဲ့ရာ လူ ၁၉ ဦးထက်မနည်း သေဆုံးပြီး နှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အာသံပြည်နယ် ဟိုင်လာကန်ဒီခရိုင် မိုဟန်ပူရ်ဒေသရှိ သွပ်မိုးနေအိမ်တစ်လုံး၌ ယနေ့ ဒေသစံတော်ချိန် နံနက် ၆ နာရီခန့်က ဖြစ်ပွားသည့် မြေပြိုမှုတစ်ခုတွင် ကလေးငယ်နှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် ခုနစ်ဦးသေဆုံးပြီး နှစ်ဦး ဒဏ်ရာအပြင်းအထန်ရရှိခဲ့ကြောင်း ခရိုင်အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။ ဒဏ်ရာရရှိသူနှစ်ဦးကို ခရိုင်ပြည်သူ့ဆေးရုံသို့ ချက်ချင်းပို့ဆောင်ထားကြောင်း သိရသည်။

ထို့အတူ ကာရိမ်ဂန်ဂျာခရိုင် ကရိမ်ပူရ်အရပ်၌ ယနေ့ ဒေသစံတော်ချိန် နံနက် ၃ နာရီခွဲခန့်ကဖြစ်ပွားသည့် မြေပြိုမှုတွင် ကလေးငယ်သုံးဦးနှင့် အမျိုးသမီးတစ်ဦးအပါအဝင် မိသားစုဝင် ငါးဦးသေဆုံးခဲ့ကြောင်း ခရိုင်ရဲမှူး ကူမာဆန်ဂျစ်ကရစ်ရှ်နာက ပြောကြားသည်။

ထို့အပြင် ကာချာခရိုင် ကိုလာပူရ်ကျေးရွာတွင် ယနေ့အစောပိုင်းက ဖြစ်ပွားသည့် မြေပြိုမှုကြောင့် ခုနစ်ဦးသေဆုံးခဲ့သည်ဟု ဒေသဆိုင်ရာ ရဲတပ်ဖွဲ့ဝင်များက ပြောကြားသည်။ ပြည်နယ်အရေးပေါ်တုံ့ပြန်ရေးအဖွဲ့မှ တာဝန်ရှိသူများသည် မြေပြိုမှုသတင်းရရချင်း အခင်းဖြစ်ပွားသည့် နေရာများသို့ ချက်ချင်းသွားပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တစ်ချိန်တည်းမှာပင် ပြည်နယ်ဝန်ကြီးချုပ် ဆာဘာနန်ဒါဆိုနိုဝါလ်က မြေပြိုမှုကြောင့် မိသားစုဝင်များ ဆုံးရှုံးသွားသည့် မိသားစုများနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

"ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့နဲ့ သဘာဝဘေးဒဏ်ခံခဲ့ရတဲ့ မိသားစုတွေအတွက် လိုအပ်တဲ့အကူအညီတွေ ပံ့ပိုးပေးဖို့ ကူညီကယ်ဆယ်ရေးလုပ်သားတွေကို အခင်းဖြစ်ပွားတဲ့ ခရိုင်သုံးခုသို့ စေလွှတ်ထားပါတယ်" ဟု ပြည်နယ်ဝန်ကြီးချုပ်က ၎င်း၏ တွစ်တာစာမျက်နှာပေါ်တွင် ရေးသားဖော်ပြထားသည်။

**ကိုးကား – ပီတီအိုင်၊ ဘာသာပြန် – ဂျေတီ**



# ကူးစက်မှုတွေမြင့်တက်နေစဉ် ကန့်သတ်ချက်တွေ ဖြေလျှော့ခဲ့တဲ့ ရုရှား

**အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၆၄၀၀၀၀၀ ကျော်ရှိနေပြီး သေဆုံးသူ ၃၇၈၀၀၀ ရှိနေချိန်မှာ ရုရှားနိုင်ငံဟာလည်း အမေရိကန်နိုင်ငံနဲ့ ဘရာဇီးနိုင်ငံတို့ပြီးရင် ကမ္ဘာမှာ တတိယ ကူးစက်မှုအများဆုံးနိုင်ငံအဖြစ် ရပ်တည်နေတာဖြစ်ပါတယ်။ အဲဒီလိုရုရှားနိုင်ငံမှာ ကိုရိုနာ ဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေ မြင့်တက်နေစဉ်ကာလမှာပဲ မော်စကိုအာဏာပိုင်တွေဟာ ခရီးသွားလာခွင့်ဆိုင်ရာကန့်သတ်ချက်တွေကို ဇွန် ၁ ရက်မှစပြီး ဖြေလျှော့ပေးလိုက်ပြီဖြစ်ပါတယ်။**



ရုရှားနိုင်ငံဟာ မတ်လနောက်ပိုင်း ကတည်းကစတင်ကာ နိုင်ငံရဲ့ဒေသ အများစုမှာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်တွေ ချမှတ်ခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် နိုင်ငံရဲ့မြို့တော် မော်စကိုမှာရှိတဲ့ ပန်းခြံတွေနဲ့ ဈေးဝယ်စင်တာတွေကို ဇွန် ၁ ရက်မှာ ပြန်လည်ဖွင့်လှစ်ခွင့်ပေးခဲ့ပြီး ပြည်သူတွေကိုလည်း သီတင်းပတ်ကိုးပတ်အတွင်းမှာ ပထမဆုံးအကြိမ်အဖြစ် ကန့်သတ်ထားတဲ့ လေ့ကျင့်ခန်းပြုလုပ်မှုတွေနဲ့ လမ်းလျှောက်ထွက်ခွင့်တွေကို ခွင့်ပြုပေးခဲ့တာပဲဖြစ်ပါတယ်။

**ကူးစက်မှုတွေမြင့်တက်နေဆဲ**

ရုရှားနိုင်ငံသမ္မတ ဗလာဒီမာပူတင်ကလည်း ရုရှားနိုင်ငံဟာ နိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု အထွတ်အထိပ်ရောက်တဲ့ကာလဟာ ပြီးဆုံးခဲ့ပြီလို့ ပြီးခဲ့တဲ့ တစ်ပတ်အတွင်းက ကြေညာခဲ့ပါတယ်။ ဒါပေမယ့်လည်း ကူးစက်မှုတွေဟာ မြင့်တက်နေဆဲအခြေအနေမှာ ရှိတာကြောင့် ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့တဲ့အတွက်လည်း မေးခွန်းထုတ်မှု တချို့ရှိခဲ့တာဖြစ်ပါတယ်။

ရုရှားနိုင်ငံဟာ ဇွန် ၁ ရက်မှာ ကိုရိုနာဗိုင်းရပ်စ် ထပ်မံကူးစက်သူဦးရေ ၉၀၃၅ ဦးနဲ့ သေဆုံးသူ ၁၆၂ ဦးရှိခဲ့တယ်လို့ သတင်းထုတ်ပြန်ထားပါတယ်။ ဒါကြောင့် ရုရှားနိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေ စုစုပေါင်းဟာ ၄၂၃၇၄၁ ဦးအထိ ရှိလာခဲ့တာဖြစ်ပြီး အဲဒီအရေအတွက်ဟာ အမေရိကန်နိုင်ငံနဲ့ ဘရာဇီးနိုင်ငံတို့ပြီးရင် ကမ္ဘာမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုမှာ တတိယအမြင့်ဆုံးကို ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။ သေဆုံးသူ အရေအတွက်ကတော့ လက်ရှိမှာ စုစုပေါင်း ၅၀၃၇ ဦးရှိခဲ့တာဖြစ်ပါတယ်။

တာဝန်ရှိသူတွေကတော့ ရုရှားနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှု အရေအတွက်ကို အမြင့်ဆုံး လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် သေဆုံးသူအရေအတွက် လျော့ကျလာတယ်လို့ ပြောပါတယ်။ ဒါပေမယ့် ဝေဖန်သူတွေကတော့ အမှန်တကယ် သေဆုံးသူအရေအတွက်ဟာ လက်ရှိမှာမြင့်တက်နေဆဲဖြစ်တာမို့ စိုးရိမ်နေတယ်လို့ ဆိုပါတယ်။

ရုရှားနိုင်ငံအပါအဝင် ဇွန် ၁ ရက်မှာ ဥရောပရဲ့နိုင်ငံတချို့ကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကြောင့် ချမှတ်ထားတဲ့ ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးခဲ့တာတွေရှိခဲ့ပါတယ်။ အဲဒီနိုင်ငံတချို့ထဲမှာ ဂရိနိုင်ငံနဲ့ အင်္ဂလန်နိုင်ငံတို့ဟာ မူလတန်းကျောင်းတွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး နယ်သာလန်နိုင်ငံမှာတော့ စားသောက်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေနဲ့ ပြတိုက်တွေကို ပြန်လည်ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။ ပေါ်တူဂီနိုင်ငံမှာ ရုပ်ရှင်ရုံတွေနဲ့ ကဇာတ်ရုံတွေကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး အီတလီနိုင်ငံကလည်း ရောမမြို့မှာရှိတဲ့ ဘဲဥပုံအမိုးမဲ့ပွဲကြည့်စင်ကြီးကိုလည်း ခရီးသွားတွေလာရောက်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

**ခရီးသွားလာသူတွေကို ခွင့်ပြုပေးလျက်ရှိ**

မော်စကိုမြို့တော်ဟာ ရုရှားနိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု ဗဟိုချက်ဖြစ်ပြီး ကူးစက်ခံရသူအရေအတွက်ဟာ ထုတ်ပြန်ထားတာထက် သုံးဆလောက် မြင့်တက်လာနိုင်တာကို စိုးရိမ်မိတယ်လို့ မော်စကို မြို့တော်ဝန် ဆာဂျီဆိုဘိုင်ယာနင်က မေလအတွင်းက ပြောကြားခဲ့တာဖြစ်ပါတယ်။

လက်ရှိအချိန်မှာတော့ ဈေးဝယ်စင်တာတွေ၊ ဒိုဘီဆိုင်တွေ၊ စာအုပ်ဆိုင်တွေ၊ ကားအရောင်းဆိုင်တွေ အပါအဝင် မော်စကိုမြို့အတွင်းမှာရှိတဲ့ စီးပွားရေးလုပ်ငန်းအတော်များများကို ဇွန် ၁ ရက်ကစပြီး ပြန်လည်ဖွင့်လှစ်ဖို့ မြို့တော်ဝန် ဆာဂျီဆိုဘိုင်ယာနင်က ညွှန်ကြားခဲ့တာဖြစ်ပါတယ်။

ဒါ့ပြင် ထုတ်ပြန်ကြေညာထားတဲ့ လေ့ကျင့်ခန်းလုပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းတွေနဲ့အညီ ပန်းခြံတွေကိုလည်း ခရီးသွားလာသူတွေကို ခွင့်ပြုပေးလျက်ရှိပါတယ်။ ပြည်သူတွေကိုလည်း သူတို့ရဲ့ အိမ်လိပ်စာနဲ့ ဖန်တီးပေးထားတဲ့ အလှည့်ကျထွက်ခွာခွင့်စနစ်တစ်ခုကို အသုံးပြုလျက် နံနက် ၉ နာရီကနေ ည ၉ နာရီ အကြား တစ်ပတ်ကို သုံးကြိမ်လမ်းလျှောက်ထွက်ခွင့်ပြုသွားမယ်လို့လည်း မြို့တော်ဝန် ဆာဂျီဆိုဘိုင်ယာနင်က ပြောကြားခဲ့ပါတယ်။

**ခြောက်သန်းကျော်ကြည့်ရှုခဲ့**

လေ့ကျင့်ခန်း လုပ်ဖို့အတွက်ကတော့ ဒေသခံတွေကို နှာခေါင်းစည်းတွေဝတ်ဆင်ပြီး နံနက် ၅ နာရီကနေ ၉ နာရီအကြားခွင့်ပြုပေးထားတာဖြစ်ပါတယ်။ ဒါပေမယ့် လူအများအပြားစုဝေးခွင့်ဆိုင်ရာ တားမြစ်ချက်တစ်ရပ်ကိုတော့ အနည်းဆုံး ဇွန် ၁၄ ရက်အထိ ဆက်လက်အသက်ဝင်နေဦးမှာဖြစ်တယ်လို့ အာဏာပိုင်တွေက ပြောကြားခဲ့ပါတယ်။

တချို့ကတော့ လေ့ကျင့်ခန်းလုပ်ခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေကို သရော်ခဲ့ကြပြီး ဟာသလူရွှင်တော် မက်ဇင်ဂယ်ကင်က မြို့တော်ဝန်နဲ့ သမ္မတပူတင်တို့ဟာ မော်စကိုမြို့သားတွေအတွက် ရင်အေးစေမယ့် အစီအစဉ်တစ်ရပ်ကို ဆွေးနွေးနေကြတယ်လို့ အင်စတာဂရမ်မှာ ဗီဒီယိုဖိုင်တစ်ခုတင်ခဲ့ရာမှာ လူဦးရေ ခြောက်သန်းကျော်ကြည့်ရှုခဲ့ကြတယ်လို့ဆိုပါတယ်။

**တိုက်ဆိုင်နေ**

အခုလို ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ကန့်သတ်ချက်တွေကို ဖြေလျှော့ပေးလိုက်ချိန်ဟာ တစ်ရက်မှာ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးသူ ၇၀ ခန့်ရှိနေစဉ်အချိန်နှင့် ရုရှားနိုင်ငံရဲ့ မြို့တော်မော်စကိုမှာလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုနှုန်း မြင့်တက်နေဆဲအချိန်နဲ့ တိုက်ဆိုင်နေတာလည်းဖြစ်ပါတယ်။

ဒါပေမယ့် အဆိုးရွားဆုံးအခြေအနေဟာ ပြီးဆုံးခဲ့ပြီဖြစ်ကြောင်းနဲ့ ရုရှားနိုင်ငံသမ္မတပူတင်ကလည်း အရွေ့တစ်ခုကိုသွားဖို့ အမှန်တကယ်ဆန္ဒရှိနေတယ်လို့ တာဝန်ရှိသူတွေက အခိုင်အမာပြောကြားခဲ့ပါတယ်။ သမ္မတပူတင်ဟာ (၇၅) နှစ်မြောက် ဗိုဒ်အောင်ပွဲအခမ်းအနားကိုလည်း အခုလနှောင်းပိုင်းမှာ ကျင်းပသွားဖို့ ပြန်လည်စီစဉ်ခဲ့ပြီးဖြစ်ပါတယ်။ သမ္မတ ပူတင်အား နောက်ထပ်သမ္မတသက်တမ်း နှစ်ဆက်ကို ခွင့်ပြုပေးလိမ့်မယ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးဆိုင်ရာ မဲပေးပွဲတစ်ခုကိုလည်း ဇူလိုင် ၁ ရက်မှာ ကျင်းပသွားမယ်လို့လည်း သမ္မတပူတင်က ကြေညာခဲ့ပါတယ်။

ရုရှားနိုင်ငံဟာ တစ်ရက်လျှင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူအရေအတွက် ၁၀၀၀၀ ကျော်နှုန်းနဲ့အတူ ရက်သတ္တတစ်ပတ်ကျော်ကြာ ကူးစက်ဖြစ်ပွားခဲ့တာဖြစ်ပြီး မော်စကိုတစ်မြို့တည်းမှာပဲ တစ်ရက်လျှင် ၆၀၀၀ ကျော် ကူးစက်ဖြစ်ပွားခဲ့တယ်လို့ သတင်းထုတ်ပြန်ခဲ့ပါတယ်။ လက်ရှိမှာတော့ နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုနှုန်းဟာ စတင်ကျဆင်းနေပြီလို့ဆိုပါတယ်။ ဒါပေမယ့် ထပ်မံကူးစက်မှုတွေ မြင့်တက်နေခြင်းနဲ့အတူ ကန့်သတ်ချက်တွေ ဖြေလျှော့ရေးဆုံးဖြတ်ချက်အပေါ် မေးခွန်းထုတ်မှုတွေရှိနေဆဲပဲဖြစ်ပါတယ်။ အဲဒီလို မေးခွန်းထုတ်မှုတွေ ရှိနေပေမယ့် ရုရှားသမ္မတ ဗလာဒီမာပူတင်ကတော့ ရုရှားနိုင်ငံသားတွေကို လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။

**ကိုးကား-ဘီဘီစီ**

## စပိန်နိုင်ငံ၌ သုံးလအတွင်း ပထမဆုံးအကြိမ် ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးမှုမရှိ

**မက်ဒရစ် ဇွန် ၂**

စပိန်နိုင်ငံ၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြီးခဲ့သည့် ၂၄ နာရီအတွင်းက လူသေဆုံးမှုမရှိခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ယင်းမှာ မတ်လမှစတင်ကာ သုံးလအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပထမဆုံးအကြိမ် လူသေဆုံးမှုမရှိခဲ့ခြင်းဖြစ်သည်။

မတ် ၃ ရက်နောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် ပြီးခဲ့သော ၂၄ နာရီအတွင်း ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူသေဆုံးမှုမရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ အကြီးတန်းပြောရေးဆိုခွင့်ရှိသူတစ်ဦးက ယမန်နေ့က ပြောကြားခဲ့သည်။ "ဒီနေ့ စပိန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် လူသေဆုံးမှုမရှိပါဘူး"ဟု ကျန်းမာရေးနှင့် အရေးပေါ်အခြေအနေများ ညှိနှိုင်းဆောင်ရွက်မှုဗဟိုဌာန အကြီးအကဲ ဖာနန်ဒိုဆိုင်မွန်က သတင်းထောက်များသို့ ပြောကြားခဲ့သည်။




ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု အရေအတွက်လည်း လျော့ကျခဲ့ကြောင်း ၎င်းက ပြောသည်။ စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ကြောင့် မတ် ၃ ရက်နောက်ပိုင်း နေ့စဉ် လူသေဆုံးခဲ့ပြီး အဆိုပါဗိုင်းရပ်စ်ကြောင့် ပထမဆုံး လူသေဆုံးမှုမှာ ဖေဖော်ဝါရီလ ၁၃ ရက်တွင် ဖြစ်သည်။ စပိန်နိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ဘေး အဆိုးရွားဆုံးခံရသည့် တိုင်းပြည်တစ်ခုဖြစ်ပြီး ခတ်ခွဲအတည်ပြု ကူးစက်သူ ၂၃၉၆၃၈ ဦးရှိပြီး သေဆုံးသူ ၂၇၁၂၇ ဦးရှိကြောင်း ဝန်ကြီးဌာန၏ နောက်ဆုံးအကြိမ် အချက်အလက်များအရ သိရသည်။

စပိန်နိုင်ငံက ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုခြေရာခံရာတွင် မြန်ဆန်လာခဲ့ကြောင်း ဆိုင်မွန်က ပြောသည်။ ကမ္ဘာပေါ်တွင် အတင်းကျပ်ဆုံး ကန့်သတ်ချက်များ တဖြည်းဖြည်း ဖြေလျှော့နေလင့်ကစား လူစုလူဝေးခြင်းများ မပြုလုပ်ရန် ပိတ်ပင်ထားသည့် လက်ရှိအစီအမံများကို လေးစားသမှုရှိရန် ၎င်းက သတိပေးခဲ့သည်။

**ကိုးကား - အက်စ်ဘီအက်စ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**

## တောင်ကိုရီးယား၌ ဘာသာရေးအစည်းအဝေးပွဲနှင့် ဆက်နွယ်မှုရှိသူ ၄၅ ဦး ဗိုင်းရပ်စ်ကူးစက်ခံရ

**ဆိုးလ် ဇွန် ၂**

တောင်ကိုရီးယားနိုင်ငံမြို့တော် ဆိုးလ်မြို့၏ ဆင်ခြေဖုံးဒေသတစ်ခုမှ ဘာသာရေးအစည်းအဝေးပွဲနှင့် ဆက်နွယ်မှုရှိသည့် လူအစုအပြုံလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု သတင်းထွက်ပေါ်ပြီးနောက်တွင် မြို့တော် ဆိုးလ်၏ ကျယ်ပြန့်သောဒေသ၌ ဗိုင်းရပ်စ်ပိုးကူးစက်ပျံ့နှံ့မှုများ ဖြစ်ပေါ်လာဖွယ်ရှိကြောင်း တောင်ကိုရီးယားအစိုးရက သတိပေးပြောကြားခဲ့သည်။

ယင်းလူအစုအပြုံလိုက် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုအသစ်အား ခြေရာခံစစ်ဆေးကြည့်ရာတွင် အင်ချွံမြို့ရှိ ဘာသာရေးအစည်းအဝေးပွဲနှင့် ဆက်နွယ်မှုရှိကြောင်း တွေ့ရှိရပြီး ဗိုင်းရပ်စ်ကူးစက်ခံရသူဦးရေမှာ ၄၅ ဦးထိရှိသွားပြီဖြစ်ကြောင်း တောင်ကိုရီးယားအစိုးရက ယနေ့တွင် ပြောကြားသည်။ အဆိုပါ ဘာသာရေးအစည်းအဝေးပွဲကို လွန်ခဲ့သည့်ရက်သတ္တပတ်အတွင်းက ကျင်းပခဲ့သည်။

တောင်ကိုရီးယားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုးကူးစက်ဖြစ်ပွားမှုအသစ်များ လွန်ခဲ့သည့်လအတွင်း ထပ်မံဖြစ်ပွားခဲ့ပြီး အဓိက ဖြစ်ပွားခဲ့သည့်ဒေသများမှာ မြို့တော် ဆိုးလ်၏ အနီးတစ်ဝိုက်တွင် ဖြစ်သည်။ ပမာဏကြီးမားသည့် လူအစုအပြုံလိုက် ဗိုင်းရပ်စ်ကူးစက်မှုအသစ်နှစ်ခုမှာ မြို့တော်ဆိုးလ်ရှိ ညကပွဲရုံတစ်ရုံနှင့် ဆက်နွယ်ဖြစ်ပွားသည့် လူ ၂၇၀ နီးပါးဗိုင်းရပ်စ်ကူးစက်မှုနှင့် မြို့တော်ဆိုးလ်၏အနီးရှိ ကုန်သွယ်မှုဌာနတစ်ခုဖြစ်သည့် ဘူချွန်တွင် လူပေါင်း ၁၀၀ ကျော် ဗိုင်းရပ်စ်ကူးစက်မှုအသစ်ဖြစ်ပွားမှုတို့ဖြစ်သည်။

ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုအသစ်များ ဖြစ်ပေါ်ခဲ့သည့်နေရာများရှိ ပြတိုက်များနှင့် အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အအုံများအား ဇွန် ၁၄ ရက်အထိ ပိတ်ထားရန် အာဏာပိုင်များက ဆုံးဖြတ်ခဲ့ပြီး ယင်းဒေသတွင်းရှိ ပြည်သူများအနေဖြင့် လိုအပ်မှုမရှိဘဲ အိမ်ပြင်သို့ မထွက်ကြရန် နှိုးဆော်ထားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ၊ ဘာသာပြန် - ဇော်ဝင်း**

## ပြင်ဦးလွင်မြို့နယ်၌ ငွေကျပ် ၁၈၄၅ သိန်းတန်ဖိုးရှိ အက်စီတုန်းအက်စစ်များနှင့် တော်လူအင်းအက်စစ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၃ နာရီက ပြင်ဦးလွင်မြို့နယ် အောင်ချမ်းသာကျေးရွာအုပ်စု အောင်ချမ်းသာကျေးရွာ မန္တလေး-လားရှိုး သွားကားလမ်း မိုင်တိုင်အမှတ် ၃၂/၆ တွင် မသင်္ကာဖွယ်ရပ်တန့်ထားသည့် ၂၂ ဘီးတွဲယာဉ်ကို စစ်ဆေးရှာဖွေရာ ယာဉ်မောင်းအား မတွေ့ရှိရဘဲ ယာဉ်ပေါ်မှ ငွေကျပ် ၁၈၄၅ သိန်းတန်ဖိုးရှိ အက်စီတုန်းအက်စစ် ၁၃၅၀၀ လီတာနှင့် တော်လူအင်းအက်စစ် ၁၄၄၀၀ လီတာတို့ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ယာဉ်မောင်းဖြစ်သူမှာ ကျောက်ဆည်မြို့နယ် ကုလားကျောင်းကျေးရွာအုပ်စု ရွာနန်းကျေးရွာနေ ပြုံးချို(ဖမ်းမမိ)ဖြစ်ကြောင်း သိရသည်။

အလားတူ မေ ၃၁ ရက် မွန်းလွဲ ၁ နာရီတွင် သီပေါမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် တုံစင့်ကျေးရွာအုပ်စု တုံစင့်ကျေးရွာနေ ဆန်းကျော်(ခ) အုန်းကျော်၏ နေအိမ်ကိုရှာဖွေရာ ၎င်းနှင့်အတူ ဇနီးဖြစ်သူ မအေးမုံအား တွေ့ရှိရပြီး ၎င်းတို့နှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၂၆၇၀ နှင့် ငွေကျပ် ၄၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား





## YBS(၄၀) ခရီးသည်တင်ယာဉ်နှင့် အငှားယာဉ်တိုက်မိ သုံးဦးသေဆုံး

**ရန်ကုန် ဇွန် ၂**

ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် ကမ်းနားလမ်း သဘော်ကျင်းမှတ်တိုင်အနီးတွင် ယနေ့နံနက် ၆ နာရီ ၂၂ မိနစ်ခန့်က YBS (၄၀) ခရီးသည်တင်ယာဉ်နှင့် အငှားယာဉ်တို့ တိုက်မိရာ အငှားယာဉ်ပေါ် ပါရှိသည့် အမျိုးသားနှစ်ဦးနှင့်အမျိုးသမီးတစ်ဦး သေဆုံးသွားကြောင်း ကမာရွတ်မြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ယာဉ်မောင်းဇော်ထိုက် (စုံစမ်းဆဲ) မောင်းနှင်လာသည့် YBS (၄၀) ခရီးသည်တင်ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကွန်ကရစ်တုံးအား ကျော်လွန်၍ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ယာဉ်မောင်းကျော်ဇော မောင်းနှင်လာသည့် အငှားယာဉ်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ယာဉ်တိုက်မှုကြောင့် အငှားယာဉ်မောင်း ကျော်ဇောနှင့် ယာဉ်ပေါ်တွင်ပါရှိသူနှစ်ဦးတို့ ဒဏ်ရာများရရှိ၍ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါယာဉ်တိုက်မှု ဖြစ်ပွားပြီးနောက် YBS (၄၀) ယာဉ်မောင်းဇော်ထိုက်မှာ ထွက်ပြေးတိမ်းရှောင်သွားသဖြင့် သက်ဆိုင်ရာက ဖမ်းဆီးရမိရေးဆောင်ရွက်နေကြောင်း သိရသည်။

သတင်း-အေးမင်းသူ

ဓာတ်ပုံ-MFSD

## ဖားကန့်မြို့နယ်၌ လူသတ်မှုကျူးလွန်သူအား ဖော်ထုတ်ဖမ်းဆီးရမိ

**ဖားကန့် ဇွန် ၂**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားကန့်မြို့မရဲစခန်းက လူသတ်မှုကျူးလွန်သူ ရာဇာထွန်းအား ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝေ့ခါကျေးရွာရှိ နေကြာရတနာ ကျောက်မျက်တူးဖော်ရေးကုမ္ပဏီဝင်းအတွင်းသို့ မေ ၂၇ ရက် မွန်းလွဲ ၂ နာရီတွင် ရေမဆေးကျောက်ရှာဖွေသူနှစ်ဦး ရောက်ရှိလာပြီး ရေမဆေးကျောက်ရှာဖွေရာ လုံခြုံရေးတာဝန်ကျသူ ကိုနေလင်းအောင်က ကုမ္ပဏီဝင်းအတွင်းသို့ ဝင်ရောက်၍ ကျောက်ရှာဖွေခြင်း မပြုလုပ်ရန် တားမြစ်ခဲ့ရာ ရေမဆေးကျောက်ရှာဖွေသူတစ်ဦးက အသင့်ပါလာသော ဓားဖြင့်ထိုးကာ ထွက်ပြေးသွားကြောင်း၊ ကိုနေလင်းအောင်တွင် ဝဲဘက်ရင်အုံထိုးသွင်းဒဏ်ရာ တစ်ချက်ရရှိပြီး သေဆုံးသွားခဲ့သဖြင့် ပြစ်မှုကျူးလွန်သူကို အရေးယူပေးရန် လုံခြုံရေးမှူး ဦးသန်းအောင်က တိုင်တန်းသဖြင့် ဖားကန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



အမှုနှင့်ပတ်သက်၍ စုံစမ်းခဲ့ရာ မေ ၂၈ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ရာဇာထွန်းအား ဖမ်းဆီးစစ်ဆေးခဲ့ရာ ၎င်းအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့ကြောင်း၊ အခင်းဖြစ်စဉ် အသုံးပြုခဲ့သည့် အရိုးအသွား ၁၀ လက်မခန့်ရှိ ဓားဦးချွန်တစ်ချောင်းကိုလည်း မေ ၂၉ ရက် ညနေ ၅ နာရီတွင် ၎င်း၏နေအိမ်မှ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

## ဆမီးမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအား ကြက်ခြေနီမှ လူမှုကရုဏာအကူအညီများ သွားရောက်ထောက်ပံ့ပေးအပ်



**ရန်ကုန် ဇွန် ၂**

မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီတို့သည် မေ ၂၆ ရက် မှ ၃၀ ရက်အထိ ဆမီးမြို့မှ ကြက်ခြေနီစေတနာလုပ်အားရှင် ၃၂ ဦးတို့နှင့်အတူ ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့ရှိ တိုက်ပွဲရှောင်ပြည်သူများအတွက် လူမှုကရုဏာဆိုင်ရာအကူအညီအထောက်အပံ့များကို သွားရောက်ထောက်ပံ့ပေးအပ်သည်။

အဆိုပါ လူမှုကရုဏာအကူအညီများ ပေးအပ်ရာတွင် ဆမီးမြို့တိုက်ပွဲရှောင်စခန်းရှိ အိမ်ထောင်စု ၇၂၈ စုမှ လူဦးရေ ၂၉၇၅ ဦးတို့အတွက် အစားအစာများ၊ အမျိုးသမီးတစ်ကိုယ်ရေသုံးပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ခြင်ထောင်များ၊ ယာယီအမိုးအကာဆောက်လုပ်နိုင်သည့် အထောက်အကူပစ္စည်းများ၊ တာပေါ်လင်များနှင့် နေရောင်ခြည်စွမ်းအင်သုံးမီးအိမ်များကို ပေးအပ်ခဲ့သည်။

ဝင်းအောင် (Red Cross)



# ကိုဗစ်- ၁၉ ထုတ်ပြန်ချက်နှင့် သတင်း



## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၂-၆-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၂၉) ခုနှင့် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ(၆၅၃)ခု၊ စုစုပေါင်း (၇၈၂)ခုတွင်–

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄) ဦး တွေ့ရှိရပါသည်။

၂။ (၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၃၂) ဦး ရှိပါသည်။

၃။ (၂-၆-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူအသစ် (၅) ဦး (Case– 106, 128, 181, 185, 186) ရှိခဲ့သဖြင့် စုစုပေါင်း (၁၄၃) ဦး ရှိပြီး ၎င်းတို့အနက် (၁၃၁) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁-၆-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂-၆-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၂) ဦး ရှိပါသည်။

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂-၆-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR)မှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၂၉) ခု |
| (၂-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၆၅၃) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၄) ဦး |

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂-၆-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၄) ဦး | (၂၃၂) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၁၄၃) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

**(၂-၆-၂၀၂၀)ရက်နေ့ ဓာတ်ခွဲစစ်ဆေးမှုများတွင် COVID–19 လူနာတွေ့ရှိမှု**
**ည (၈:၀၀) နာရီ**

| လူနာအမှတ်စဉ် | အသက် | ကျား/မ | နေထိုင်ခဲ့သည့်လိပ်စာ | COVID-19 ရောဂါအတည်ပြုလူနာများနှင့်ထိတွေ့မှု | ပြည်ပသို့ ခရီးသွားရာဇဝင် ရှိ/မရှိ | ဆေးကုသမှုခံယူနေသည့် ဆေးရုံ | COVID-19 ဓာတ်ခွဲအဖြေ | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| 229 | ၂၉ နှစ် | မ | [illegible] | မရှိ | ရှိ ([illegible]) | [illegible] | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ ([illegible]) |
| 230 | ၃၁ နှစ် | ကျား | [illegible]မြို့နယ် ရှမ်းပြည်နယ် ([illegible]) | မရှိ | ရှိ (တရုတ်) | [illegible] | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ ([illegible]) |
| 231 | ၃၁ နှစ် | မ | မူဆယ်မြို့ ရှမ်းပြည်နယ် (မြောက်ပိုင်း) | မရှိ | မရှိ | [illegible] မူဆယ်မြို့ | တွေ့ရှိ | - |
| 232 | ၂၇ နှစ် | ကျား | [illegible]မြို့နယ် ရှမ်းပြည်နယ် | မရှိ | ရှိ (မလေးရှား) | [illegible] | တွေ့ရှိ | အသွားအလာကန့်သတ်ထားရှိသူ ([illegible]) |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂-၆-၂၀၂၀) ရက်နေ့၊ နံနက်(၈:၀၀)နာရီ

၁။ (၁-၆-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၇၂၇) ခုအား ထပ်မံစစ်ဆေးခဲ့ရာ –

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၁,၁၈၇) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၅၉) ခု၊ စုစုပေါင်း (၁,၂၄၆) ခုအား စစ်ဆေးခဲ့ခြင်းဖြစ်ပြီး COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

၃။ (၂-၆-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၂၈) ဦး ရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**COVID–19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂-၆-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၁-၆-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁,၁၈၇) ခု |
| (၁-၆-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၅၉) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

## ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၂**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်–၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

**သွားရောက်ထောက်ပံ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ ကာမိုင်းလိုင်နှောင်း IDP စခန်းနှင့် လဝါး RC၊ နန့်စီးအင် ယာယီတိုက်ပွဲရှောင်စခန်းနှစ်ခုသို့ သွားရောက်၍ လက်သန့်ဆေးရည် ၈၆ ဘူး၊ ထုံးအိတ် ၃၀၊ ဆပ်ပြာ ၃၉၅ ခဲ၊ အဝတ်နှာခေါင်းစည်း ၂၆၈ ခု၊ အပူချိန်တိုင်းကိရိယာ သုံးခု၊ Hand Speaker သုံးခုနှင့် ကိုဗစ်–၁၉ ရောဂါ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခုတို့အား သွားရောက်ထောက်ပံ့ခဲ့သည်။



**IDP စခန်းနှစ်ခုသို့ သွားရောက်**

အလားတူ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်ရှိ (၅) ရပ်ကွက် နှစ်ခြင်းအသင်းတော်ရုံး၊ (၆)ရပ်ကွက်မူကြိုကျောင်း စုစုပေါင်း IDP စခန်းနှစ်ခုသို့ သွားရောက်၍ Hand Speaker နှစ်ခုနှင့် ကိုဗစ်–၁၉ ရောဂါ အသိပညာပေးအသံဖိုင်ထည့်သွင်းထားသော Memory Stick နှစ်ခုတို့ကို သွားရောက်ထောက်ပံ့ခဲ့သည်။

**စဉ်ဆက်မပြတ်ဆောင်ရွက်**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်–၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ပြည်တွင်းပြည်ပအလှူရှင်များမှ ဆေးပစ္စည်းများ လှူဒါန်းမှုစာရင်း

ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic)အဖြစ် ထုတ်ပြန်ထားသော Coronavirus Disease 2019(COVID–19)နှင့်ပတ်သက်၍ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာလုပ်ငန်းများအား နိုင်ငံတော်မှ အမျိုးသားအဆင့်အနေဖြင့် သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ လုပ်ငန်းများ ပိုမိုအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ကုမ္ပဏီများ၊ အသင်းအဖွဲ့များနှင့် ပြည်တွင်းပြည်ပအလှူရှင်များအနေဖြင့် အောက်ဖော်ပြပါအတိုင်း ဆေးရုံသုံးပစ္စည်းများ/ စက်ကိရိယာများကို စေတနာထက်သန်စွာဖြင့် လှူဒါန်းမှုပြုခဲ့ကြပါသည်–

## COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် ဗဟိုကော်မတီသို့ လှူဒါန်းသော အလှူရှင်များစာရင်း (၂၉-၅-၂၀၂၀)(၁၈:၀၀)နာရီ

| စဉ် | အလှူရှင်အမည် | အမျိုးအစား | ပမာဏ | ခန့်မှန်းတန်ဖိုး (ကျပ်သိန်းပေါင်း) |
|---|---|---|---|---|
| ၁ | နိုင်ငံတော်နှင့်အကျိုးတူ ကျောက်စိမ်းကျောက်မျက်တူးဖော်ရေးလုပ်ငန်းရှင်များအဖွဲ့နှင့် ဦးစိန်ဝင်း+ဒေါ်ခင်သန်းကြည်၊ ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီ | PPE full set | ၅၀၀၀၀ | ၂၂၀၀၀.၀၀ |
| ၂ | Korea Embassy | COVID test kit | | ၇၅၀၀.၀၀ |
| ၃ | Myanmar Shwenagar Agricultural group Co.ltd & China Merchants group | PPE<br>Goggles<br>mask | ၄၀၀၀<br>၄၀၀၀<br>၄၅၀၀၀ | ၁၅၁၅.၀၀ |
| ၄ | Rotary Club of Central Yangon (D3350), District 2570, Royal Club of Kawagoe and Rotary Club of Honjo Minami | Syringe Pump | ၁၅၅ | ၈၆၁.၀၀ |
| ၅ | Rotary Club of Central Yangon (D3350), District 3630 | Patients Monitors | ၇၄ | ၈၄၀.၀၀ |
| ၆ | Hyundai Engineering and construction | VTM | ၁၅၀၀၀ | ၇၈၇.၅၀ |
| ၇ | KOICA Myanmar | RNA Extration | | ၇၅၀.၀၀ |
| ၈ | Rotary Club of Central Yangon (D3350) | Patients Monitors | ၅၉ | ၇၀၀.၀၀ |
| ၉ | ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးမိသားစုနှင့်ကိုရီးယားနိုင်ငံရောက် မြန်မာနိုင်ငံသားများ | Hand Med Portable X–Ray machine | ၁ | ၃၈၄.၀၀ |
| ၁၀ | Pyrex Trading Co.ltd | inj Flumox | ၅၀၀၀ | ၇၅.၀၀ |
| ၁၁ | နိုင်ငံတော်အတိုင်ပင်ခံရုံး ဝန်ကြီးဌာန | KN 95 | ၁၄၄၀ | ၇၂.၀၀ |
| ၁၂ | ဦးကြည်အေး(ဗဟိုဘဏ်ဥက္ကဋ္ဌ၊ (ငြိမ်း)+ဒေါ်ခင်ခင်ဆွေ (အထွေထွေမန်နေဂျာ၊(ငြိမ်း)၊ကုန်သွယ်ရေး) | Video Laryngoscopes | ၂.၀၀ | ၆၅.၅၀ |
| ၁၃ | ဦးလှယုံ + ဒေါ်မီမီဝင်း ချူးရင့် မိသားစု (ကလေးမြို့) နှင့် Htunn Group Logistics | PPE, Goggles, Mask, Glove , Facesheild | ၁၀၀ | ၄၀.၀၀ |
| ၁၄ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန | KN95 | ၅၀၀ | ၂၅.၀၀ |
| ၁၅ | Advanced Synergy Co.ltd | PPE, Long Gloves, Goggles, Shoe, N95 | ၆၀ | ၂၁.၀၀ |
| | | **စုစုပေါင်း** | | ၃၅၆၃၆ |

ကျန်ရှိသော လှူဒါန်းငွေများနှင့် ဆေးရုံသုံးပစ္စည်း/ စက်ကိရိယာများ ထည့်ဝင်လှူဒါန်းမှုများကို ဆက်လက်အသိပေး ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း အသိပေးဖော်ပြအပ်ပါသည်–

**Coronavirus Disease 2019(COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး**
**အမျိုးသားအဆင့် ဗဟိုကော်မတီ**

# နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးရောင်းမော်တော်ယာဉ်ဖြင့် ရပ်ကွက်များနှင့် ဝန်ထမ်းအိမ်ရာများသို့ နေ့စဉ်အလှည့်ကျ လိုက်လံရောင်းချပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂**

ကိုဗစ်–၁၉ ဖြစ်ပွားနေသည့်ကာလအတွင်း ဈေးအသီးသီးသို့ သွားရောက်ဝယ်ယူရန် အခက်အခဲရှိသည့် ရပ်ကွက်များနှင့် ဝန်ထမ်းအိမ်ရာနေ မိသားစုများအတွက် သန့်ရှင်းလတ်ဆတ်သော မီးဖိုချောင်သုံး အစားအသောက်များဖြစ်သည့် ဟင်းသီးဟင်းရွက်၊ အသား၊ ငါးများနှင့် ကုန်စိမ်း၊ ကုန်ခြောက်များကို ဈေးအသီးသီးတွင် ရောင်းချနေသော ဈေးနှုန်းများအတိုင်း အလေးချိန်ခွင် တိကျမှန်ကန်စွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်ရန်အတွက် နေပြည်တော် စည်ပင်သာယာရေးကော်မတီဈေးများဌာနကဈေးရောင်းမော်တော်ယာဉ်ဖြင့် မေလမှစတင်ကာ လိုက်လံရောင်းချပေးလျက်ရှိသည်။

"တစ်နေ့တာ စားသုံးမယ့် မီးဖိုချောင်သုံးပစ္စည်းတွေကို ဈေးနှုန်း၊ အချိန်အတွယ် မှန်မှန်ကန်ကန်နဲ့ အလွယ်တကူ ဝယ်ယူနိုင်မယ်။ ဈေးမသွားရတဲ့အတွက် အချိန်ကုန်သက်သာလာမယ်။ နောက်ပြီး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေကိုလည်း လိုက်နာပြီးသားဖြစ်မယ်။ ဒီလို စနစ်တကျဈေးကားတွေကို နေပြည်တော်တစ်ခုလုံးမှာ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့က နမူနာလုပ်ပြတာပါ" ဟု နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်ဇင်လတ်က ပြောသည်။

**လိုက်လံရောင်းချ**

အဆိုပါ ဈေးရောင်းမော်တော်ယာဉ်ဖြင့် မေ ၃၁ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိ ရပ်ကွက်ရှိ စံပယ်အိမ်ရာ၊ လွှတ်တော်ကိုယ်စားလှယ်များ တည်းခိုနေထိုင်လျက်ရှိသည့် နေပြည်တော်စည်ပင်ဧည့်ရိပ်သာနှင့် ပုဗ္ဗသီရိမြို့နယ်ရှိ စည်ပင်ဝန်ထမ်းအိမ်ရာများသို့ လိုက်လံရောင်းချခဲ့သည်။





ထိုသို့ ရောင်းချရာတွင် ဇမ္ဗူသီရိမြို့နယ် ဇေယျာသိဒ္ဓိ ရပ်ကွက် စံပယ်အိမ်ရာအတွင်း ဈေးရောင်း မော်တော်ယာဉ်ဖြင့် ရောင်းချပေးနေမှုကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်၊ ၎င်းတို့၏ ဇနီးများနှင့် ဝန်ထမ်းများက လာရောက်ဝယ်ယူအားပေးခဲ့ကြသည်။

**စံနမူနာပြအဖြစ်**

"တစ်နိုင်တစ်ပိုင် ရောင်းချချင်တဲ့သူတွေ၊ စိုက်ခင်းရှိတဲ့သူတွေ၊ မွေးမြူရေးတွေလုပ်ပြီး ရောင်းချချင်တဲ့သူတွေ အပြင် ဥပမာ–ရေခဲမုန့်လုပ်တတ်တယ်။ ရေခဲမုန့်ကားနဲ့ ရောင်းချချင်တဲ့သူတွေအနေနဲ့ စိတ်ပါဝင်စားတယ်ဆိုရင် ကျွန်တော်တို့နဲ့ ဆက်သွယ်နိုင်ပါတယ်။ လုပ်ငန်းအတွက် ချေးငွေလိုအပ်ရင် နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်နဲ့ ညှိနှိုင်းဆောင်ရွက်ပေးမယ်။ ယခု ဈေးကားက ကျွန်တော်တို့အနေနဲ့ စံနမူနာပြအဖြစ် လုပ်ပြတာပါ။ ကျွန်တော်တို့ရဲ့ နမူနာလုပ်ပြထားတဲ့ ဈေးကားထက် ပိုပြီးဆန်းသစ်တဲ့ ဒီဇိုင်းနဲ့ ရောင်းချလိုသူရဲ့ စိတ်ကူးအတိုင်း ထုတ်ကုန်တွေကို ရောင်းချချင်တယ်ဆိုရင် နေပြည်တော်စည်ပင်သာယာရေးကော်မတီကနေ လိုင်စင်ရယူပြီး ရောင်းချနိုင်ဖို့ ကူညီဆောင်ရွက်ပေးသွားမှာပါ" ဟု ဦးကျော်ဇင်လတ်က ပြောသည်။

အဆိုပါ ဈေးရောင်းမော်တော်ယာဉ်ဖြင့် နေပြည်တော်အတွင်းရှိ ရပ်ကွက်နှင့် အိမ်ရာများသို့ နေ့စဉ်အလှည့်ကျ ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**တာရာ**

# ဇွန် ၂ ရက်တွင် ကိုဗစ် - ၁၉ ရောဂါပိုးရှိသူ လေးဦး ထပ်မံတွေ့ရှိ၊ ရောဂါပိုးရှိသူ စုစုပေါင်း ၂၃၂ ဦးရှိပြီဖြစ်

**နေပြည်တော်  ဇွန်  ၂**

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိသူ လေးဦးရှိပြီး ၎င်းတို့မှာ အိန္ဒိယ၊ တရုတ်၊ မလေးရှားနိုင်ငံတို့မှ ပြန်လည်ဝင်ရောက်လာသူ သုံးဦးနှင့် ပြည်ပသို့ ခရီးသွားရာဇဝင် မရှိသူ ရှမ်းပြည်နယ် မူဆယ်မြို့မှ အမျိုးသမီးတစ်ဦး တို့ဖြစ်ကြောင်း၊ သို့ဖြစ်၍ ရောဂါပိုးရှိသူ စုစုပေါင်း ၂၃၂ ဦး ရှိပြီဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

ရောဂါပိုးတွေ့ရှိသူ ၂၃၂ ဦးအနက် သေဆုံးသူ ခြောက်ဦး၊ ပိုးမတွေ့ရှိတော့သူ စုစုပေါင်း ၁၄၃ ဦး၊ ဆေးရုံမှ ဆင်းခွင့်ပြုခဲ့သူ ၁၃၁ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၂၈၃၀၄ | ၂၃၂ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၄၃ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၅၀၂၂

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၃၁ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၈၃ | ၅ |
| ၂ | ချင်း | ၁၀ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | မန္တလေး | ၃ | |
| ၆ | ရှမ်း(ရှေ့) | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၃ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ဧရာဝတီ | ၂ | |
| ၁၄ | ကချင် | ၁ | |
| ၁၅ | တနင်္သာရီ | ၁ | |
| ၁၆ | မွန် | ၁ | |
| စုစုပေါင်း | | ၂၃၂ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန  ၂-၆-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၈၅၉၇၇၂ | ၆၁၅၆၅၃ | ၁၀၆၉၂၉ |
| ဘရာဇီး | ၅၂၉၄၀၅ | ၂၁၁၀၈၀ | ၃၀၀၄၆ |
| ရုရှား | ၄၂၃၇၄၁ | ၁၈၆၉၈၅ | ၅၀၃၇ |
| စပိန် | ၂၈၆၇၁၈ | စိစစ်ဆဲ | ၂၇၁၂၇ |
| ဗြိတိန် | ၂၇၆၃၃၂ | စိစစ်ဆဲ | ၃၉၀၄၅ |
| အီတလီ | ၂၃၃၁၉၇ | ၁၅၈၃၅၅ | ၃၃၄၇၅ |
| အိန္ဒိယ | ၁၉၉၇၈၅ | ၉၅၈၇၅ | ၅၆၁၂ |
| ပြင်သစ် | ၁၈၉၂၂၀ | ၆၈၄၄၀ | ၂၈၈၃၃ |
| ဂျာမနီ | ၁၈၃၇၇၅ | ၁၆၆၄၀၀ | ၈၆၁၈ |
| ပီရူး | ၁၇၀၀၃၉ | ၆၈၅၀၇ | ၄၆၃၄ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၅၈၃၆ | ၂၃၁၇၅ | ၂၄ |
| အင်ဒိုနီးရှား | ၂၇၅၄၉ | ၇၉၃၅ | ၁၆၆၃ |
| ဖိလစ်ပိုင် | ၁၈၉၉၇ | ၄၀၆၃ | ၉၆၆ |
| မလေးရှား | ၇၈၇၇ | ၆၄၇၀ | ၁၁၅ |
| ထိုင်း | ၃၀၈၃ | ၂၉၆၆ | ၅၈ |
| ဗီယက်နမ် | ၃၂၈ | ၂၉၈ | ၀ |
| မြန်မာ | ၂၃၂ | ၁၄၃ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၂ |
| ကမ္ဘောဒီးယား | ၁၂၅ | ၁၂၃ | ၀ |
| လာအို | ၁၉ | ၁၆ | ၀ |




## အာမခံအလုပ်သမားများအား လူမှုဖူလုံရေးထောက်ပံ့ငွေ အကျိုးခံစားခွင့် ပေးအပ်

**ရန်ကုန်  ဇွန်  ၂**

ကိုဗစ် -၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ကျန်းမာရေးစစ်ဆေးခံရန် ယာယီပိတ်သိမ်းခဲ့ရသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်အတွင်းရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေးအကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအား ထောက်ပံ့ကူညီမှု အကျိုးခံစားခွင့်ငွေ ၄၀ ရာခိုင်နှုန်း ခွင့်ပြုထုတ်ပေးခြင်း အခမ်းအနားကို ယမန်နေ့က ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် လူမှုဖူလုံရေးရုံး၌ ကျင်းပသည်။

ထောက်ပံ့ငွေပေးအပ်ရာတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံးမှ တာဝန်ခံအရာရှိ ဦးထွန်းကြိုင်၊ မြို့နယ်လူမှုဖူလုံရေး ဦးစီးအရာရှိ ဒေါ်ညွန့်ညွန့်စိုး၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာနတို့မှ ဦးစီးအရာရှိများက ယင်းအလုပ်ဌာန ၁၂ ဌာနမှ အလုပ်သမား စုစုပေါင်း ၄၂၂၅ ဦးတို့အား ငွေကျပ်သိန်း ၅၈၀ ကျော်ကို သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနတို့မှ တာဝန်ခံများထံသို့ ပေးအပ်ခဲ့ကြသည်။ **ညဏ်ဟိန်း**

## ကမ္ဘောဇဘဏ်မှ ဝယ်ယူလှူဒါန်းသည့် ဂေါ်ဖီထုပ်များ နိုင်ငံတစ်ဝန်းရှိ အခြေခံပြည်သူများထံသို့ နေ့စဉ်ဖြန့်ဝေ

**တောင်ကြီး  ဇွန်  ၂**

ရှမ်းပြည်နယ်အတွင်းရှိ တောင်ရိုး၊ ကယန်း၊ ပအိုးဝ်နှင့် ဓနုတိုင်းရင်းသားများ စိုက်ပျိုးထားသော ဂေါ်ဖီထုပ် ၅၆၀၀၀၀ ကျော်ကို ကမ္ဘောဇဘဏ်မှ ဝယ်ယူကာ နိုင်ငံတစ်ဝန်းသို့ စနစ်တကျ ဖြန့်ဝေလှူဒါန်းလျက်ရှိသည်။

“ဒီရက်ပိုင်းမိုးရွာတယ်လေ။ မိုးရေထိရင် ဂေါ်ဖီတွေက ပျက်တာပဲ။ ဒီနေ့ မခူးနိုင်ရင် စိုက်ခင်းက ပျက်ပြီ။ ကိုယ်စိုက်ပျိုးခဲ့တဲ့စိုက်ခင်း ပျက်စီးတာကို မမြင်ရက်ဘူး။ စိုက်ခင်းကြည့်ပြီး စိတ်ထိခိုက်နေတုန်း အခုလို ကိုယ်တိုင်လာဝယ်တော့ အလွန်ကျေးဇူးတင်ပါတယ်” ဟု ဓနုလူမျိုး တောင်သူတစ်ဦးက ပြောသည်။

### ပို့ဆောင်ပေးလျက်ရှိ

ဇွန် ၂ ရက်အထိ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ စစ်ကိုင်း၊ ပခုက္ကူ၊ မြင်းခြံ၊ ရမည်းသင်း၊ မော်လမြိုင်၊ အေးသာယာ၊ ပုသိမ်၊ ဘားအံ၊ တောင်ငူ၊ သထုံ၊ စစ်တွေ၊ ညောင်ဦး၊ မိုးဖြဲနှင့် ဖယ်ခုံစသည့် မြို့နယ်များသို့ ကုန်တင်ကားကြီး အစီး ၁၀၀ ကျော်ဖြင့် ဂေါ်ဖီထုပ်များအား အရောက်ပို့ဆောင်ပေးလျက်ရှိပြီး နယ်မြေခံလူမှုရေးအသင်းများ၊ ပရဟိတအဖွဲ့အစည်းများက ပြည်သူများလက်ဝယ်အရောက် နေ့စဉ် လှူဒါန်းလျက်ရှိသည်။ အဆိုပါဂေါ်ဖီထုပ်များသည် စိုက်ပျိုးပြီး ဝယ်ယူသူမရှိ၍ ဖျက်ဆီးရတော့မည်ဖြစ်ခြင်းကြောင့် ယခုကဲ့သို့ ဝယ်ယူကာ လှူဒါန်းခြင်းဖြစ်သည်။

### ဖြန့်ဝေလှူဒါန်း

ထို့အပြင် ကမ္ဘောဇဘဏ်သည် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးရှိ အခြေခံပြည်သူများအတွက် ငွေကျပ်သိန်း ၆၀၀၀ ကျော် တန်ဖိုးရှိဆန်အိတ်များ ဖြန့်ဝေလှူဒါန်းခြင်း၊ ရှမ်းပြည်နယ်အစိုးရနှင့် ပူးပေါင်း၍ ငွေကျပ်သိန်း ၂၀၀၀ မတည်ကာ ရိက္ခာထုပ်ပေါင်း ၁၀၀၀၀၀ ကို နိုင်ငံတွင်း အရေးပေါ်လိုအပ်သော နေရာများကို ဖြန့်ဝေလှူဒါန်းခြင်း၊ ချင်းပြည်နယ်၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တွင် Facility Quarantine ဝင်နေသော စောင့်ကြည့်လူနာများအနက်မှ အခက်အခဲရှိသူများ၏ နေ့စဉ်စားစရိတ်အတွက် သက်ဆိုင်ရာ ပြည်နယ်အစိုးရများအား ငွေကျပ်သိန်း ၃၀၀ စီဖြင့် စုစုပေါင်း ကျပ်သိန်း ၉၀၀ ကို လှူဒါန်းလျက်ရှိသည်။

ကမ္ဘောဇဘဏ်သည် KBZ MS General Insurance၊ KBZ Life၊ Myanmar Airways International (MAI) နှင့် Air KBZ တို့နှင့်လက်တွဲပြီး ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ ယခုအချိန်အထိ ငွေကျပ်သိန်းပေါင်း ၃၇၄၈၈ သိန်း လှူဒါန်းထားကြောင်း သိရသည်။

**ကိုကျော်**

# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၂**

သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများပူးပေါင်း၍ ကိုဗစ် -၁၉ ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မေ ၂၈ ရက်က ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၃ မြို့နယ်ရှိ နေရာ ၁၀၄ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ၁၃၆ ဂါလန်၊ ပိုးသတ်ဆေးမှုန့် ရှစ်ကီလိုဂရမ်၊ ရေ ဂါလန်၈၆၄၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှု အားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ချင်းပြည်နယ် တီးတိန်မြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



# အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများနှင့် ၁၉၇၉ ကျောင်းသားဟောင်း မိသားစုများက နှာခေါင်းစည်းများ၊ အခြေခံစားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၂**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအတွက် အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများနှင့် ၁၉၇၉ ကျောင်းသားဟောင်းမိသားစုများက နှာခေါင်းစည်းများ၊ အခြေခံစားသောက်ကုန်နှင့် အလှူငွေများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်)အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများကိုယ်စား ဦးကြည်လွင်နှင့် ဦးသန်းနိုင်တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ အထက(၁) လမ်းမတော်(စိန့်ဂျွန်း)ကျောင်းသားဟောင်းများနှင့် ၁၉၇၉ ကျောင်းသားဟောင်းမိသားစုများက နှာခေါင်းစည်းများ၊ အခြေခံစားသောက်ကုန်နှင့် အလှူငွေကျပ် ၉၈၇၀၀၀၀ ကို ပေးအပ်လှူဒါန်းပြီး ညွှန်ကြားရေးမှူးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

**သတင်းနှင့်ဓာတ်ပုံ–ဇော်မင်းလတ်(MNA)**

# မရမ်းကုန်းမြို့နယ်၌ ဖျားနာကုသ အခမဲ့ဆေးခန်းဖွင့်လှစ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ စတင်ဆောင်ရွက်

**ရန်ကုန် ဇွန် ၂**

ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ဖျားနာကုသ အခမဲ့ဆေးခန်း(Fever Clinic) ကို ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက်ရှိ ကျိုက်ဝိုင်းဘုရား ဘောလုံးကွင်း၌ ယနေ့နံနက်ပိုင်းက စတင်ဖွင့်လှစ်ပြီး ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ အခမဲ့ဆေးခန်းကို မြို့နယ် ကိုဗစ်–၁၉ ရောဂါ ထိန်းချုပ်ရေးကော်မတီ၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများ၊ စေတနာ့ဝန်ထမ်း ဆရာဝန်များ၊ ကျန်းမာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စေတနာရှင်ပြည်သူများပူးပေါင်းကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ဖွင့်လှစ်ခြင်းဖြစ်သည်။

ယင်းဆေးခန်းတွင် ကျန်းမာရေးစောင့်ရှောက်မှုအနေဖြင့် ကိုယ်အပူချိန်တက်ခြင်း၊ လည်ချောင်းနာ၊ ချောင်းဆိုး၊ နှာစေးဖြစ်နေသည့်လူနာများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်နေသည့် လူနာများ၊ အနံ့/အရသာ ရုတ်တရက် ပျောက်သောလူနာများ၊ ကိုဗစ်–၁၉ ရောဂါပိုးရှိသောလူနာများနှင့် ထိတွေ့ခဲ့သူများ၊ ခရီးသွားရာဇဝင်ရှိသူများကို လက်ခံကုသပေးလျက်ရှိသည်။

ဆေးခန်းကို အပတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဖွင့်လှစ်၍ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသွားမည်ဖြစ်ရာ ထိုသို့ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဝန်ကြီး ဒေါ်မိုးမိုးစုကြည်နှင့် တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း အင်းစိန်၊ လှိုင်သာယာ၊ တာမွေ၊ မင်္ဂလာတောင်ညွန့်၊ ဗိုလ်တထောင်၊ သင်္ဃန်းကျွန်း၊ လှိုင်မြို့နယ်တို့အပါအဝင် အချို့မြို့နယ်များတွင်လည်း ဖျားနာကုသ အခမဲ့ဆေးခန်း(Fever Clinic)များကို ဖွင့်လှစ်ကာ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

**သတင်းနှင့်ဓာတ်ပုံ–ဇော်ကြီး**



# ကိုရိုနာဗိုင်းရပ်စ်နဲ့ တူညီစွာကျော်ဖြတ်ကြမယ် ဘဝသစ်ဆီသို့ကွယ် ...

❒ (ပါမောက္ခသိန်း၊ ဆေးတက္ကသိုလ်-၁-ရန်ကုန်)

**(ယမန်နေ့မှအဆက်)**

ပြည်သူ့ကျန်းမာရေးစွမ်းဆောင်နိုင်မှု အတိုင်းအတာ (public health capacity) အနေနဲ့ဆိုရင်လည်း လက်ရှိဆောင်ရွက်နေကြတဲ့ ရောဂါရှာဖွေထိန်းချုပ်ကာကွယ်ကုသနေတဲ့ လုပ်ငန်းအစုစုကို အရှိန်အဟုန်မချဘဲ ဆက်လက်ဖြည့်တင်းစုဆောင်းခြင်း၊ Surveillance လုပ်ငန်းတွေဖြစ်တဲ့ ရောဂါပိုးရှိသူတွေရှာဖွေခြင်း၊ လိုအပ်တဲ့လူစုတွေကို ပိုးရှိ၊ မရှိစစ်ဆေးခြင်း၊ ရောဂါပိုးရှိနေသူတွေနဲ့ အနီးကပ်တွေ့ထိမိသူများကို စေ့စေ့စပ်စပ်ရှာဖွေခြင်း၊ Contact Tracing လိုအပ်သူများကို Quarantine လုပ်ခြင်းတွေကို ဆက်လက်ဆောင်ရွက်နေရင်း ပွင့်လင်းမြင်သာစွာ လူထုအနေနဲ့ လက်ရှိအခြေအနေကို အမှန်အတိုင်း နားလည်လိုက်နာနိုင်အောင် အချိန်နဲ့တစ်ပြေးညီ ထုတ်ပြန်ပေးခြင်းတွေ လိုအပ်မှာပါ။

ကျန်းမာရေးစနစ်ကြီးတစ်ခုလုံးရဲ့ မျှဝေသုံးစွဲဆောင်ရွက်နိုင်မှု(health system spare capacity) အပိုင်းမှာလည်း အခုကြုံတွေ့နေတဲ့ ကပ်ရောဂါကြီးရဲ့ အားနည်းချက်၊ လိုအပ်ချက်တွေ ဥပမာ ကာကွယ်ရေးပစ္စည်းများ၊ အရေးပေါ်နှင့် အသည်းအသန်ကုသမှုအတွက် အဆောင်၊ ခုတင်၊ ကုသမှုဆိုင်ရာ ကျွမ်းကျင်သူများ မလုံလောက်မှုတွေကို မြေပြင်အခြေအနေအတိအကျသိရအောင် လေ့လာရှာဖွေပြီး ဖြည့်တင်းထားကြရမှာပါ။

### သင်ခန်းစာယူ

အရင်ကဖြစ်ခဲ့တဲ့ SARS နဲ့ MERS Outbreak တွေတုန်းက အဲဒီလို လိုအပ်ချက်တွေကို သေသေချာချာစိစစ်ပြီး ပြင်ဆင်ခဲ့တဲ့ ဟောင်ကောင်၊ ကိုရီးယားနဲ့ စင်ကာပူတို့ကို သင်ခန်းစာယူကြရပါမယ်။ Second Wave လို့ခေါ်တဲ့ ဒုတိယလှိုင်း ဒုတိယအကြိမ်များ ပြန်ဖြစ်လာရင် ကျန်းမာရေးဆိုင်ရာ ကာကွယ် စောင့်ရှောက်ကုသမှုလုံးဝလိုအပ်ချက်မရှိအောင် လက်ရှိထက်ပိုပြီးဖြည့်တင်းပြင်ဆင်ကြရပါမယ်။ နိုင်ငံတိုင်းမှာ အသည်းအသန် လူနာပြုစုကုသခြင်း (Intensive care training) ကို ဆရာဝန်၊ ဆရာမတိုင်းလိုလို ကျွမ်းကျွမ်းကျင်ကျင်ဖြစ်နေအောင် လေ့ကျင့်ပျိုးထောင်ပေးထားဖို့လိုသလို အရေးပေါ်လူနာတင် သယ်ယူပို့ဆောင်ခြင်း (Ambulance services) အတွက် ယာဉ်ရော၊ ကျွမ်းကျင်ဝန်ထမ်းအရေအတွက်ရော အရည်အချင်း မြှင့်တင်ထားဖို့လည်း လိုပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ ဒီလိုကျန်းမာရေးဝန်ဆောင်မှုတွေအပြင် အိမ်ခြေရာမဲ့လူတန်းစား (Homeless)၊ လူအိုရုံ/ဘိုးဘွားရိပ်သာ (Nursing / Care Home) တွေအတွက်ပါ ထည့်စဉ်းစားဆောင်ရွက်ကြပါတယ်။ အဲဒီလို Exit Strategy တွေကို ဆောင်ရွက်နေကြရာမှာ နိုင်ငံတစ်နိုင်ငံထဲမှာတောင် ပြည်နယ်တစ်ခုနဲ့တစ်ခု တူချင်မှ တူပါမယ်။

အခု မိမိတို့နိုင်ငံအပါအဝင် နိုင်ငံအတော်များများမှာ ကျင့်သုံးနေတဲ့ စနစ်ကိုပြန်ကြည့်လိုက်ရင် နိုင်ငံတကာနဲ့ ခရီးသွားလာရေးတွေ ရပ်ထားတယ်။ နေရပ်ပြန်တွေကို Quarantine လုပ်ထားတယ်။ ဆေးရုံ၊ ဆေးခန်းတွေမှာ တက်နေ၊ ပြနေတဲ့လူနာထဲက မသင်္ကာတဲ့လူတွေကို ပိုးရှိ၊ မရှိစစ်တဲ့အပြင် Quarantine လုပ်ထားတဲ့ နေရပ်ပြန်တွေကိုပါ ပိုးစစ်တယ်။ အဲဒီလူနာတွေ၊ ပိုးတွေ့လိုက်တဲ့လူတွေနဲ့ ထိတွေ့ဆက်ဆံဖူးတဲ့သူတွေကို Contact Tracing မရရအောင် စုံစမ်းရှာဖွေပါတယ်။ ဆေးရုံတက်ရောက်ကုသတဲ့လူနာတွေကို အဖန်ဖန်ညှိနှိုင်းဆုံးဖြတ်ထားတဲ့ Guideline အတိုင်း အကောင်းဆုံးပြုစုကုသစောင့်ရှောက်ပေးနေတယ်။

### အတန်တန်တားမြစ်

ပြည်သူလူထုအနေနဲ့ မလိုအပ်ရင် အိမ်ပြင်မထွက်ကြဘဲ Stay Home နေခိုင်းတယ်။ မဖြစ်မနေအပြင်ထွက်ရသူမှန်သမျှ ပါးစပ်နှာခေါင်းစည်း (Face Mask) မတပ်မနေတပ်ရတယ်။ Social/ Physical Distancing လုပ်ငန်းဌာနတွေမှာ လမ်းခရီးနဲ့ အိမ်အပြင်မှာ လူတစ်ယောက်နဲ့တစ်ယောက် ဖြစ်နိုင်ရင် ခြောက်ပေ၊ မဖြစ်နိုင်လွန်းရင် အနည်းဆုံး သုံးပေ ခွာနေခိုင်းထားတယ်။ မလိုအပ်ဘဲ လူစုလူဝေးမလုပ်ကြဖို့ အတန်တန်တားမြစ်ထားတယ်။ အဲဒါတွေအားလုံးကို တတ်နိုင်သမျှဆက်ပြီး ကျင့်သုံးဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

အရင်က အစာမစားခင်၊ စားပြီးနဲ့ အညစ်အကြေးနဲ့ ထိတွေ့ကိုင်တွယ်ပြီးမှ လက်ဆေးတတ်ကြတယ်။ ဆေးရင်လည်း သိပ်စနစ်တကျဖြစ်ချင်မှဖြစ်မှာ။ အခုတော့ ပုံမှန်အပြင် အပြင်ကပြန်လာတိုင်း၊ အရာဝတ္ထုတစ်ခုခုနဲ့ ထိတွေ့ကိုင်တွယ်ပြီးတိုင်း ဆပ်ပြာနဲ့ အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် စနစ်တကျ လက်ဖဝါး၊ လက်ဖမိုး၊ လက်ချောင်း၊ လက်မ ၊ လက်ကောက်ဝတ်မကျန် ဆေးတဲ့အကျင့်လုပ်ရတော့မှာပါ။ မိမိလက်ကိုလည်း အရင်လို အမှတ်တမဲ့ ဟိုကိုင်ဒီကိုင်မလုပ်မိအောင် ဥပမာ လှေကားသံတန်းတို့၊ တံခါးတို့ကို မထိမကိုင်မိအောင် ဂရုစိုက်ရတော့မယ်။ အမှတ်တမဲ့ ထိမိကိုင်မိတာနဲ့ လက်ကို စနစ်တကျ ပြန်ဆေးရတော့မယ်။ လူနေမှုစနစ်အနေနဲ့ တစ်ချိန်က လူတစ်ယောက်နဲ့တစ်ယောက် တွေ့လို့ နှုတ်ဆက်ရင် လက်ဆွဲနှုတ်ဆက်တာကို မလုပ်တော့ဘဲ ဦးခေါင်းလေးညွှတ်ပြီး နှုတ်ဆက်တာမျိုး၊ အရှေ့တိုင်းထုံးစံ လက်အုပ်ချီတာမျိုးတွေ ပြောင်းလုပ်ကြရတော့မယ်။ တချို့က ထွင်ပြီးနှုတ်ဆက်ကြပုံတွေလည်း တွေ့မှာပေါ့။

### အကျင့်လုပ်ရတော့မယ်

နောက်တစ်ခုက Cough Etiquette ပါ။ အရင်အချိန်တွေက တချို့လူတွေက လူကြားထဲပေမယ့် ဒီအတိုင်း နှာချေ၊ ချောင်းဆိုးလုပ်လိုက်တတ်ကြတယ်။ အခု Mask တပ်ထားတာမို့ အလိုလိုကာကွယ်ပြီးသားဖြစ်နေမှာ။ Mask မတပ်ထားတဲ့အချိန်ဆိုရင်လည်း လက်ကိုင်ပဝါဖြစ်စေ၊ တစ်ရှူးစက္ကူဖြစ်စေ၊ နောက်ဆုံး ကိုယ့်အင်္ကျီလက်မောင်း လက်ဖျံဖြစ်စေ ခံပြီး နှာချေချောင်းဆိုးတဲ့အကျင့် လုပ်ရတော့မယ်။

ဆေးဘက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းတွေအဖို့ လူနာတွေကိုကြည့်ရှုကိုင်တွယ်ကုသနေတဲ့အခါ အနည်းဆုံး Surgical Mask ကနေ လိုအပ်လာရင် N-95၊ KN-95၊ FFP-2/3 ဆိုတဲ့ Respirator ခေါ်တဲ့ Special mask တွေအထိ မဖြစ်မနေ သုံးကြရမှာပါ။ လူနာတွေနဲ့ ထိတွေ့နေတာမဟုတ်တဲ့ သာမန်လူတွေအဖို့ တတ်နိုင်လို့ Surgical Mask သုံးချင်ရင်သုံးလို့ရပေမယ့် N-95၊ KN-85 လို Special Mask တွေတော့ လုံးဝမလိုသလို ဝတ်လည်း မဝတ်သင့်ပါဘူး။

**နှစ်စဉ် ဒီအချိန်ဖြစ်နေကျ ရာသီတုပ်ကွေး၊ ဆင်တုပ်ကွေး၊ ကလေးတွေဆို သွေးလွန်တုပ်ကွေးတွေ လာတော့မှာပါ။ မိုးဦးကာလမို့ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်တွေလည်း ဖြစ်လေ့ရှိတာကို ဂရုစိုက်ပြီး အရင်နှစ်တွေလိုပဲ ဒီရောဂါတွေမဖြစ်ကြအောင် ကာကွယ်သင့်တာတွေလည်း မမေ့ကြဖို့လိုပါတယ်။ နဂိုက ရှိရင်းစွဲရောဂါရှိနေသူတွေအဖို့လည်း မိမိခံစားနေကြရတဲ့ရောဂါနဲ့ပတ်သက်လို့ သောက်နေကျဆေးတွေ မှန်မှန်သောက်၊ ပြနေကျ ဆရာဝန်တွေနဲ့ မှန်မှန်ပြ၊ ပုံမှန်အတိုင်း အိပ်ရေးဝဝအိပ်၊ သင့်တင့်မျှတတဲ့ အစားအစာ မှန်မှန်စား၊ သင့်တော်မျှတတဲ့ ကိုယ်လက်လေ့ကျင့်ခန်းတွေ မှန်မှန်လုပ်နေကြဖို့ တိုက်တွန်းပါရစေ။**

### နိစ္စဓူဝသုံးနိုင်ဖို့

သာမန်လူတွေ ဒါမျိုးတွေဝတ်တာဟာ ဒီပစ္စည်းတွေကို တကယ်လိုနေတဲ့သူတွေအတွက် လျော့နည်းသွားနိုင်လို့ သူတို့တွေအတွက် အခက်အခဲဖြစ်သလို သာမန်လူတွေအတွက်လည်း အားရပါးရ အသက်ရှူမရလို့ ကြာရှည်ဝတ်ထားရင် ကျန်းမာရေးထိခိုက်နိုင်ပါတယ်။ Surgical Mask က တစ်ခါသုံးပြီးရင် လွှင့်ပစ်ရမှာပါ။ ဒါပေမယ့် ပုံမှန်မိသားစုတွေ နိစ္စဓူဝသုံးနိုင်ဖို့ လက်တွေ့မှာ မဖြစ်နိုင်ပါဘူး။ ဒါကြောင့် WHO နဲ့တကွ အမေရိကန်၊ ဂျပန်၊ ကိုရီးယားလို နိုင်ငံကြီးတွေမှာပါ Home Made Cotton Face Mask လေးတွေသုံးဖို့ တိုက်တွန်းကြသလို မိမိတို့ဆီမှာလည်း အမေစုကိုယ်တိုင်လည်း ချုပ်ပြ၊ ပြိုင်ပွဲလည်း လုပ်ပေးခဲ့တာပါ။

Home Made Cotton Face Mask ကလည်း ဒီအတိုင်းအဝတ်နှစ်စကို တွဲချုပ်တာမျိုးလောက် မဟုတ်တော့ဘဲ သိပ္ပံနည်းကျ သုတေသနတွေလုပ်ကြပြီး ရောဂါပိုးကိုကာကွယ်နိုင်စွမ်း အတော်အတန်အဆင့်ရှိတဲ့ Home Made Cotton Face Mask တွေ ထွက်ပေါ်လာပါတယ်။ ဟောင်ကောင်က Scientist Dr.K Kwun ဆိုတဲ့ သိပ္ပံပညာရှင်က သူတို့ဟောင်ကောင်မှာ SARS ဖြစ်ပြီးကတည်းက သာမန်လူတွေအတွက် ကာကွယ်မှုပေးနိုင်တဲ့ Non Surgical Cotton Face Mask ကို တစိုက်မတ်မတ် သုတေသနလုပ်တီထွင်ခဲ့ပြီး အောင်မြင်မှုရခဲ့တာပါ။ ထည့်ထားတဲ့ Filter ကြောင့် ရောဂါပိုးကာကွယ်နှုန်း ၉၁ ရာခိုင်နှုန်းအထိရှိတယ်လို့ အသိအမှတ်ပြုထားကြပါတယ်။

ဒီ Mask ရဲ့အတွင်းဘက်မှာ Pocket လေးလို အိပ်လေးပါပါတယ်။ ဒီအထဲကို Kitchen Towel / Toilet Paper / Tissue Paper Filter လေးထည့်သုံးရပါတယ်။ အဲဒီ Filter လေးကိုတော့ လဲသုံးရပေမယ့် Mask ကို တစ်နေ့လုံးသုံးပြီး ညကျ Filter ထုတ်ပြီး အဝတ် Mask ကိုလျှော်၊ နောက်တစ်နေ့ ပြန်သုံးလို့ရပါတယ်။ ဒါမျိုး နှစ်ထည်၊ သုံးထည်ဆောင်ထားပြီး အလဲအလှယ်သုံးလို့ရတာပေါ့။ တချို့လူတွေက Mask တပ်ထားရင် လေမဝင်ဘူး၊ အသက်ရှူလို့မရဘူးလို့ထင်ကြတယ်။ တကယ်က Mask တပ်ထားပေမယ့် လေက Mask မတပ်ထားသလိုဘဲ အပြည့်အဝဝင်ပါတယ်။ Mask က အမှုန်အမွှားတွေနဲ့ ရောဂါကိုသာ မဝင်အောင်တားတာ၊ Filter လုပ်တာပါ။ အလေ့အကျင့်ရသွားရင် မျက်မှန်တပ်တဲ့လူ၊ လက်စွပ်ဆွဲကြိုးဝတ်တဲ့လူ ဝတ်နေကျ မဝတ်ရင်တောင် မနေတတ်သလို ဖြစ်ရမှာပါ။

### နှာခေါင်းနဲ့ပါးစပ် လုံအောင်ဝတ်

အပြင်ထွက်ရင် ဖိနပ်ကို လူတိုင်းဝတ်ပြီးမှ ထွက်ကြတာ၊ မဝတ်ဘဲ ဘယ်လိုမှ မထွက်ဖြစ်သလို Mask ကိုလည်း အပြင်ထွက်မယ်ဆိုတာနဲ့ Second Nature လို တပ်ကို တပ်ပြီးမှ ထွက်မိအောင်ကို အကျင့်လုပ်ကြရမှာပါ။ နောက်အရေးအကြီးဆုံးအချက်က Mask က Face Mask ။ ပါးစပ်နဲ့ နှာခေါင်းစည်းပါ။ တချို့က Mask ကိုဆွဲချပြီး မေးစေ့မှာ ချိတ်ထားတတ်ပါတယ်။ Face Mask ပါ၊ Chin Mask မဟုတ်ပါဘူး။ အဓိက နှာခေါင်းနဲ့ပါးစပ်ကနေ ရောဂါပိုးမဝင်အောင် ကာကွယ်တာမို့ နှာခေါင်းနဲ့ပါးစပ်လုံအောင်ဝတ်ကြရမှာပါ။ ဝတ်ထားပြီးရင်လည်း လက်နဲ့ မထိမိ မကိုင်မိအောင် သတိထားနေရမှာပါ။ တကယ်လို့ Mask က စိုသွားရင် Surgical Mask ဆို လုံးဝအသစ်လဲလိုက်ရမှာပါ။ ပြီးရင်တော့ သုံးပြီးသား Mask ရဲ့ မျက်နှာပြင်ကို လက်နဲ့မထိအောင် နားကွင်းကနေကိုင်ချွတ်ပြီး သတ်မှတ်ထားတဲ့ အမှိုက်ပုံးထဲကို စနစ်တကျလွှင့်ပစ်ကြရပါမယ်။ Cloth Mask ဆိုရင်လည်း လဲရမှာပါပဲ။ အထဲက Filter ကိုဖယ်ပြီး ပြန်လျှော်၊ Filter အသစ်ထည့်ပြီး ပြန်သုံးရမှာပါ။

### သတိထားရှောင်ရှား

အခုနပြောခဲ့သလိုပဲ တစ်ခုခုကိုင်ပြီးတိုင်း၊ အပြင်က ပြန်လာတိုင်း လက်မဆေးဘဲ မနေနိုင်တဲ့အကျင့် ဖြစ်နေအောင်လုပ်ကြရမှာပါ။ လက်ကိုလည်း အနည်းဆုံး စက္ကန့် ၂၀ ကြာ ခဏခဏပြောခဲ့သလို စနစ်တကျ ဆပ်ပြာနဲ့ဆေးဖို့၊ အပြင်ရောက်နေလို့ ဆပ်ပြာရဖို့မလွယ်ရင် Alcohol ၇၀ ရာခိုင်နှုန်းပါတဲ့ Hand Gel / Hand sanitizer ကို ဆောင်ထားပြီး သုံးသင့်ပါတယ်။ နောက်အရေးအကြီးဆုံးအချက်ကတော့ လက်နဲ့ တတ်နိုင်သမျှ ဘာပစ္စည်းကိုမှ မကိုင်မိအောင် ဥပမာ တံခါးလက်ကိုင်၊ လက်ရန်း စသည်ပေါ့။ လက်နဲ့ မျက်နှာကိုမထိ၊ မကိုင်မိအောင် သတိထားရှောင်ရှားကြရပါမယ်။ မကြာခင် ပြန်ဖွင့်ဖို့ တာဆူနေတဲ့ လုပ်ငန်းတွေ၊ ဆိုင်တွေ၊ ကျောင်းတွေမှာလည်း Social Distancing နဲ့လက်ဆေးနိုင်တဲ့ facilities တွေ မဖြစ်မနေထားရှိပေးကြရပါတော့မယ်။

ရောဂါလုံးဝမကူးတာ သိသာပါတယ်။ လူအများကြီးစုရုံးနိုင်တဲ့ လူမှုရေး၊ ဘာသာရေးပွဲတွေ၊ စည်းဝေးပွဲတွေ၊ ညီလာခံတွေ၊ ပွဲလမ်းသဘင် ပျော်ပွဲရွှင်ပွဲတွေကတော့ လောလောဆယ် ဘယ်လိုမှလုပ်ခွင့်မပေးနိုင်သေးပါဘူး။ မဖြစ်လို့ လူတောထဲနေရ သွားရရင်လည်း ရောဂါပိုးပျံ့နှံ့နိုင်တဲ့အကွာအဝေး၊ ဖြစ်နိုင်ရင် ခြောက်ပေအကွာမှာ နေကြ၊ လုပ်ကြရင် အန္တရာယ်ကင်းပါတယ်။ ဒါကြောင့် အခုပြန်စဖွင့်နေတဲ့ အလုပ်ရုံ၊ စက်ရုံတွေမှာ လုပ်သားတွေ၊ အလုပ်သမတွေတစ်ယောက်နဲ့တစ်ယောက်ခြောက်ပေကွာထားနိုင်အောင် စီစဉ်ပေးထားမှ အလုပ်ရုံ၊ စက်ရုံဖွင့်ခွင့်ပြုထားပါတယ်။ နောက်ဆက်လက်ဖွင့်လှစ်မယ့် ဆိုင်တွေ၊ လုပ်ငန်းတွေ၊ ကျောင်းတွေမှာလည်း ဒီလို စီစဉ်ကြရမှာပါ။

### အားလုံးက ပါဝင်ပူးပေါင်း

အဲဒီမှာ Store တွေ၊ Super Market တွေ၊ ဈေးဆိုင်တွေမှာ ဝယ်ခြမ်းကြမယ်ဆိုရင် အခုလို စုပြုံတိုးဝှေ့ဝယ်တဲ့အကျင့်အစား တန်းစီ(Queue)လုပ်ပြီး ဝယ်တဲ့ဓလေ့ကို အကျင့်လုပ်ကြရမှာပါ။ ဈေးဝယ်တာ၊ လက်မှတ်ဝယ်တာ၊ ပိုက်ဆံပေးတာ အရာရာမှာ Queue လုပ်ကြရတော့မှာပါ။ အဲဒီဆိုင်တွေ၊ ဌာနတွေအားလုံးကလည်း Queue လုပ်ရမယ့် အကွာအဝေး လူရပ်ဖို့နေရာလေးတွေ မြင်သာအောင် ဆွဲပေးထားကြဖို့လိုပါတယ်။ ဘတ်စ်ကားမှတ်တိုင်တွေနဲ့ ဘတ်စ်ကားပေါ်တက်တဲ့အချိန်မှာ အဲဒီကိစ္စလုပ်ရမှာ ခဲယဉ်းနိုင်ပေမယ့် ဖြစ်အောင် အားလုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ကြရပါမယ်။ Public Transport တွေနဲ့ သွားလာနေရတဲ့ ပြည်သူပြည်သားတွေအတွက် ဘတ်စ်ကား၊ ရထားတွေပေါ်မှာ Social Distancing ရနိုင်အောင် Spacing တွေ ပြန်လုပ်ပေးရမှာဖြစ်ပါတယ်။

အခု ကိုဗစ်-၁၉ ရောဂါကြီးဟာ အသစ်ပေါ်လာတဲ့ ရောဂါအဆန်း၊ တစ်ကမ္ဘာလုံးထိခိုက်သွားတဲ့ ကပ်ရောဂါပေါ့။ မိမိတို့ကမ္ဘာကြီးမှာ ဒီလိုရောဂါအသစ်တွေ အချိန်မရွေး ထပ်ဖြစ်ထပ်ပေါ်လာနိုင်တာကို ကျန်းမာရေးဆိုင်ရာ၊ အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူတွေက အမြဲသတိထားစောင့်ကြည့်လေ့လာနေကြရမှာပါ။။ နောက်တစ်ချက်က ကိုဗစ်-၁၉ ရောဂါဖြစ်နေလို့ နဂိုရှိနေဖြစ်နေကျရောဂါတွေ ကမ္ဘာပေါ်မှာ ပျောက်သွားတာမဟုတ်ပါဘူး။ မိမိတို့နိုင်ငံမှာ အခုတလော အပူဒဏ်ပြင်းလို့ Heat Stroke နဲ့ ဆေးရုံတက်ကုသရ၊ အသက်ဆုံးကြရတာတွေ သတိထားမိပါတယ်။

### မမေ့ကြဖို့လို

အခုဆို နှစ်စဉ်ဒီအချိန်ဖြစ်နေကျ ရာသီတုပ်ကွေး၊ ဆင်တုပ်ကွေး၊ ကလေးတွေဆို သွေးလွန်တုပ်ကွေးတွေ လာတော့မှာပါ။ မိုးဦးကာလမို့ ဝမ်းလျှောဝမ်းပျက်၊ ဝမ်းကိုက်တာတွေလည်းဖြစ်လေ့ရှိတာကို ဂရုစိုက်ပြီး အရင်နှစ်တွေလိုပဲ ဒီရောဂါတွေမဖြစ်ကြအောင် ကာကွယ်သင့်တာတွေလည်း မမေ့ကြဖို့လိုပါတယ်။ နဂိုက ရှိရင်းစွဲရောဂါရှိနေသူတွေအဖို့လည်း မိမိခံစားနေကြရတဲ့ရောဂါနဲ့ပတ်သက်လို့ သောက်နေကျဆေးတွေ မှန်မှန်သောက်၊ ပြနေကျ ဆရာဝန်တွေနဲ့ မှန်မှန်ပြ၊ ပုံမှန်အတိုင်း အိပ်ရေးဝဝအိပ်၊ သင့်တင့်မျှတတဲ့ အစားအစာမှန်မှန်စား၊ သင့်တော်မျှတတဲ့ ကိုယ်လက်လေ့ကျင့်ခန်းတွေ မှန်မှန်လုပ်နေကြဖို့ တိုက်တွန်းပါရစေ။ ဒီ ကိုဗစ်-၁၉ က အများသဘောပေါက်အောင်ပြောရရင် ဇာတ်လမ်းရှည်ဦးမှာပါ။

ဇာတ်လမ်းတွဲတွေ အရှည်ကြီးကြုံကြရ၊ ကျော်ဖြတ်ကြရဦးမှာပါ။ ဒီကာလမှာ Social Distancing မူအရ တတ်နိုင်သမျှ၊ ကိုယ်ချင်း ခွာနိုင်သမျှ ခွာနေကြရမှာဖြစ်ပေမယ့် စိတ်ဓာတ်ချင်းတော့ ပိုနီးကပ်အောင် ကြိုးစားကြပြီး စိတ်ခွန်အားဖြည့်ကြဖို့ အားပေးကြရမှာဖြစ်ပါတယ်။

**စာကိုး** (References)

- Coronavirus disease WHO(COVID-19) Situation Report – 129
- Walker P, Whittaker C, Watson O, Baguelin M, Ainslie KEC, Bhatia S, et al. Report 12– The global impact of COVID-19 and strategies for mitigation and suppression. London: Imperial College London; 26 March 2020
- Coronavirus Resource Center. Johns Hopkins University. (https://coronavirus.jhu.edu, accessed 19 April 2020).
- Wu Z, McGoogan JM. Characteristics of and important lessons from the coronavirus disease 2019 (COVID-19) outbreak in China: summary of a report of 72 314 cases from the Chinese Center for Disease Control and Prevention. JAMA. 2020;323(13):1239–1242. doi:10.1001/jama.2020.2648

## မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အဝေးပြေးယာဉ်လိုင်းများ ပြန်လည်ပြေးဆွဲခွင့်ပြု

**မန္တလေး ဇွန် ၂**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရုပ်ရှင်ရုံများအပါအဝင် ဖျော်ဖြေရေးလုပ်ငန်းများနှင့် အပန်းဖြေစခန်းများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ဇွန် ၁၅ ရက်အထိ ပြန်လည်ဖွင့်လှစ်ခွင့်မပြုသေးကြောင်း မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းပန်းဆိုင်က ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း၌ မတ်လနောက်ဆုံးပတ်မှစ၍ ယာယီပိတ်ထားခဲ့ရသည့်လုပ်ငန်းများအနက် မေလတတိယအပတ်မှစ၍ ဖြေလျှော့မှုများဖြင့် ဈေးများ၊ စည်ပင်နှင့်သက်ဆိုင်သည့်လုပ်ငန်းများ၊ စားသောက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်၍ ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ယခု ဇွန် ၁ ရက်မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်များသို့ အဝေးပြေးယာဉ်လိုင်းများအား ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့ကြောင်း သိရသည်။

''ကျွန်တော်တို့တိုင်းဒေသကြီးအတွင်းမှာ ဖြေလျှော့မှုနဲ့ ပြန်လည်ဖွင့်လှစ်ခွင့်ပေးတဲ့လုပ်ငန်းတွေထဲမှာ ရုပ်ရှင်ရုံတွေ၊ စင်တင်တေးဂီတတွေ၊ ကာရာအိုကေစတဲ့ဖျော်ဖြေရေးလုပ်ငန်းတွေနဲ့ အပန်းဖြေစခန်းတွေကတော့ မပါသေးဘူး။ ဒီလုပ်ငန်းတွေကို ဇွန် ၁၅ ရက်အထိ တားမြစ်မိန့်ကို ဆက်ပြီးထားမှာပါ။ ရုပ်ရှင်ရုံတွေ၊ ကာရာအိုကေလုပ်ငန်းတွေက Social Distancing လုပ်ဖို့မလွယ်တဲ့အပြင် အလုံပိတ်အခန်းတွေဖြစ်လို့ ပြင်ပကလေနဲ့ ထိတွေ့မှုမရှိတဲ့အတွက် ရောဂါကူးစက်မှု ပိုပြီးအခွင့်အရေးများနိုင်တယ်။ ဒါကြောင့် ဒီလုပ်ငန်းတွေကို ဆက်ပြီးပိတ်ထားတာပါ'' ဟု တိုင်းဒေသကြီးဝန်ကြီးက ဆက်လက်ပြောကြားသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ငမြောင်တောင်ပိုးကျရောက်သဖြင့် အစေ့ထုတ်ပြောင်းစိုက်ဧက ၂၀၀ကျော် ထိခိုက်

**ဒုံဟီး ဇွန် ၂**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့နယ် ဒုံဟီးမြို့တွင် ၂၀၂၀ ပြည့်နှစ် မိုးရာသီ အစေ့ထုတ်ပြောင်းစိုက်ဧက ၆၈၄ ဧက စိုက်ပျိုးခဲ့ရာ ငမြောင်တောင်ပိုးကျရောက်သဖြင့် အစေ့ထုတ်ပြောင်းစိုက်ဧက၂၀၀ ကျော် ထိခိုက်ခဲ့ကြောင်း နန်းယွန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးမြင့်ထံမှ သိရသည်။

ငမြောင်တောင်ပိုးကျရောက်သဖြင့် ထိခိုက်ခဲ့သည့် ကျေးရွာများမှာ ယောင်ကွန်ကျေးရွာတွင် ၁၀၈ ဧက၊ ကျားဝမ်းကျေးရွာတွင် ဧက ၉၀ နှင့် ရှိတ်ညို ကျေးရွာတွင် ဧက ၈၀ စုစုပေါင်း ၂၇၈ ဧကထိခိုက်ခဲ့ပါကြောင်း၊ ထိခိုက်မှုတွင် ဒေသအခြေအနေအရ သွားလာရခက်ခဲသည့်အပြင် တောင်သူများလည်း ပိုးမွှားကာကွယ်နှိမ်နင်းနိုင်ရန် လိုအပ်သည့်ပစ္စည်းများမရှိသည့်အတွက် မိမိတို့ဌာနမှ ဆေးဖျန်းပုံးနှင့် ပိုးသတ်ဆေးများကို လဟယ်မြို့မှဝယ်ယူပြီး ပိုးမွှားများနှိမ်နင်းပေးခဲ့ပါကြောင်း ဒုံဟီးမြို့ စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးကျော်စိုးကပြောသည်။

အလားတူ ဒေသတွင်းအလွယ်တကူရရှိနိုင်သောမီးဖိုပြာဖြင့် ခေါင်ညွှန့်အတွင်း ဖြူးချခြင်း၊ မိသားစုလုပ်အားဖြင့် ပိုးကောင်ကောက်ယူနှိမ်နင်းခြင်း စသည့် လုပ်ငန်းများဆောင်ရွက်ရန်ပညာပေးခြင်း၊ ဆေးဖျန်းပုံးနှင့် ပိုးသတ်ဆေးများလည်း အခမဲ့ ဖြန့်ဝေပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါကြောင်း ဒုံဟီးမြို့ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးကျော်စိုးက ဆက်လက်ပြောကြားသည်။

**မွေးကြူဇင်(မုံရွာကိုယ်ပွား)**

## ဒေသန္တရကျေးလက်ကျန်းမာရေးဌာနများ ပုံမှန်ကာကွယ်ဆေးထိုးအစီအစဉ် ဇွန် ၁ ရက်တွင်စတင်

**ရန်ကုန် ဇွန် ၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် ပုံမှန်ကာကွယ် ဆေးထိုး/ဆေးတိုက်အစီအစဉ်ကို ဧပြီ ၁ ရက်မှစတင်ကာ ယာယီရပ်ဆိုင်းထားခဲ့ရာမှ ဇွန် ၁ ရက်မှစကာ ပြန်လည်စတင်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။



**ကျန်းမာရေးစစ်ဆေး**

ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက်ငါးနှစ်အောက် ကလေးငယ်များအား ပုံမှန် ကာကွယ်ဆေးတိုက်ကျွေးခြင်း၊ ကာကွယ်ဆေးထိုးနှံပေးခြင်းများနှင့် ကလေးငယ်များ ကိုယ်အလေးချိန်နှင့် ကျန်းမာရေးစစ်ဆေးခြင်းလုပ်ငန်းများကို ဇွန် ၁ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

ကလေးငယ်များအား ကာကွယ်ဆေးများတိုက်ကျွေး၊ ထိုးနှံခြင်းကို အသက်နှစ်လနှင့် လေးလအရွယ် ကလေးများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး (Rotarix) ထည့်သွင်း တိုက်ကျွေးပေးသွားမည်ဖြစ်ပြီး ပြင်းထန် ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ရေး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ၊ အခြားကာကွယ်ဆေးများ၊ (ပိုလီယို၊ ဘီစီဂျီ၊ ငါးမျိုးစပ်)နှင့်အတူ တိုက်ကျွေးခဲ့ကြကြောင်း သိရသည်။

**မြင့်မောင်**

## မတ္တရာမြို့နယ်၌ စပါးအခြောက်ခံစက်ဖြင့် တောင်သူများအား ဝန်ဆောင်မှုပေးလျက်ရှိ

**မတ္တရာ ဇွန် ၂**


မတ္တရာမြို့နယ် အမှတ်(၄၃) စက်မှုလယ်ယာစခန်းအနေဖြင့် ရာသီဥတုကြောင့် အခြောက်ခံရန် ခက်ခဲသော တောင်သူများ၏ စပါးများအား စပါးအခြောက်ခံစက်ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိကြောင်း သိရသည်။



"၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှာ ဒီစပါးအခြောက်ခံစက်ကြီးကို စတင်တည်ဆောက်ခဲ့ပါတယ်။ မိုးရာသီနဲ့ တခြားရာသီဥတုဖောက်ပြန်ချိန်တွေမှာ တောင်သူလယ်သမားတွေအနေနဲ့ စပါးတွေကို နေမလှန်းနိုင်တဲ့အခါမှာ တိုက်ရိုက်အခြောက်ခံစနစ်နဲ့ အခြောက်ခံပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီစက်ကြီးနဲ့ စပါးအခြောက်ခံစနစ်ကိုဆောင်ရွက်နိုင်ပြီဖြစ်တဲ့အတွက် စပါးတလင်း ပြုလုပ်ပြီး နေလှန်းရတဲ့အခက်အခဲ၊ ရာသီဥတုအခြေအနေတွေကြောင့် လေလွင့်ဆုံးရှုံးမှုတွေ၊ လုပ်အားနှင့် ငွေကြေးကုန်ကျမှု သက်သာစေမှာဖြစ်ပါတယ်။ ထွက်ရှိလာတဲ့စပါးကိုကြိတ်ခွဲတဲ့အခါမှာလည်း ဆန်အရည်အသွေးက ပိုမိုကောင်းမွန်တာကြောင့် ဈေးကွက်မှာ ပိုမိုပြီး အကျိုးဖြစ်ထွန်းစေမှာဖြစ်ပါတယ်။ စပါးအခြောက်ခံစက်အပြင် လယ်ယာလုပ်ငန်းခွင်အတွက် မြေယာပြုပြင်ထွန်ယက်ခြင်း၊ စိုက်ပျိုးခြင်းနှင့် ရိတ်သိမ်းပေးတဲ့ ဝန်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးနေပါတယ်" ဟု စက်မှုလယ်ယာဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးအောင်ကျော်မိုးက ပြောကြားသည်။

အဆိုပါစပါးအခြောက်ခံစက်သည် တစ်ကြိမ်လျှင် တင်း ၅၀၀ ခန့် အခြောက်ခံနိုင်ပြီး စပါးအစိုဓာတ်ပေါ်မူတည်၍ အခြောက်ခံချိန် ပျမ်းမျှ ၇ နာရီသာကြာမြင့်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




## တပ်ကုန်းမြို့နယ် ရှားတောကျေးရွာ အဆင့်မြင့်လယ်ယာလုပ်ငန်းခွင် ၈၀ ရာခိုင်နှုန်းပြီးစီး

**တပ်ကုန်း ဇွန် ၂**

နေပြည်တော် တပ်ကုန်းမြို့နယ် ရှားတောကျေးရွာအုပ်စု ကွင်းအမှတ် (၂၀၄၅)၊ လယ်မြေ ၉၅ ဧကအား အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးမှုရန်ပုံငွေအဖွဲ့၏ ချေးငွေဖြင့် အဆင့်မြင့် စနစ်ကျ လယ်ယာမြေဖော်ဆောင်လျက်ရှိသော လုပ်ငန်းခွင်သို့ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်နှင့် တာဝန်ရှိသူများသည် မေ ၃၁ ရက် နံနက် ၁၀ နာရီခွဲက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက အဆင့်မြင့်စနစ်ကျ လယ်ယာမြေဖော်ဆောင်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဝင် ဦးအေးမောင်စိန်က အဆင့်မြင့်လယ်ယာမြေဖော်ထုတ်ခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး သတ်မှတ်ကာလတွင် လုပ်ငန်းအားလုံးပြီးစီးနိုင်ရေး၊ တောင်သူများ မိုးစပါး အချိန်မီစိုက်ပျိုးနိုင်ရေးကို ရှင်းလင်းမှာကြားခဲ့သည်။

အဆိုပါလုပ်ငန်းသည် စုစုပေါင်းကုန်ထုတ်လမ်း အလျား ၁၀၂၈၃ ပေ၊ စုစုပေါင်း ရေပေးမြောင်းအလျား ၁၃၁၈၆ ပေ စုစုပေါင်း ရေနုတ်မြောင်း အလျား ၈၄၃၅ ပေပါဝင်၍ လုပ်ငန်းများကို ဧပြီ ၂၀ ရက်က စတင်ပြီး ယနေ့ထိ လုပ်ငန်းအားလုံး ၈၀ ရာခိုင်နှုန်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဇွန် ၂**

လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# တောင်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်သွားမည်



နေပြည်တော် ဇွန် ၂
မြန်မာနိုင်ငံတွင် တောင်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို ယခုနှစ် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

“စိုက်ပျိုးသီးနှံတွေမှာ ရာသီဥတုပြောင်းလဲမှုတွေ၊ မိုးလေဝသမမှန်တာတွေကြောင့် သီးနှံထိခိုက်ပျက်စီးဆုံးရှုံးတာတွေရှိနိုင်တယ်။ အဲဒီလိုရှိနိုင်တဲ့၊ စွန့်စားရတဲ့အခက်အခဲတွေကို တောင်သူတွေက အများစုတာဝန်ယူရတယ်။ အဲဒီတောင်သူတွေခံစားနေရတဲ့ Risk ကို လုပ်ငန်းရှင်ကလည်း မျှဝေတာဝန်ယူသင့်တယ်လို့ မြင်တယ်။ အဲဒါကြောင့် အကျိုးတူလယ်ယာစနစ်ကို ဆောင်ရွက်ရခြင်းဖြစ်ပါတယ်” ဟု စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ပြောသည်။

ကန်ထရိုက်လယ်ယာစနစ် ပြောင်းလဲကျင့်သုံးခြင်းအားဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများနှင့်ပတ်သက်၍လည်း “ဘယ်သီးနှံအမျိုးအစားကို စိုက်ရမယ်ဆိုတာ တောင်သူတွေ သိရှိမှာဖြစ်သလို အခြေခံဈေးနှုန်း ဘယ်လောက်ရမယ်ဆိုတာကိုလည်း ကန်ထရိုက်ကသိလာမယ်။ သီးနှံတွေကို ဘယ်လိုစိုက်ပျိုးရမယ်ဆိုတဲ့ နည်းစနစ်ကိုပါ ပူးတွဲသိရှိလာပြီး ထုတ်လုပ်မှုတွေတိုးတက်လာမှာဖြစ်ပါတယ်။ ပုဂ္ဂလိက လုပ်ငန်းရှင်ဘက်ကတော့ အရည်အသွေးမီတဲ့ သီးနှံတွေရလာမယ်။ တစ်နေရာတည်းမှာ လိုချင်သလောက်ရတဲ့အတွက် မလိုအပ်တဲ့ အခြားကုန်ကျစရိတ်တွေ သက်သာလာနိုင်မယ်။ ရေရှည်ဈေးကွက်ရရှိရေးဆောင်ရွက်လာနိုင်မယ်” ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မြန်မာနိုင်ငံတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်သည့် တောင်သူလယ်သမားများနှင့် တန်ဖိုးကွင်းဆက်တစ်လျှောက်ရှိ လုပ်ငန်းစဉ်များတွင် ပါဝင်ပတ်သက်နေကြသည့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများကို စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေပုဒ်မ ၂၉ ပုဒ်မခွဲ (ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်ရာတွင် လိုက်နာရန် လုပ်ထုံးလုပ်နည်းများကို ယခုနှစ် ဇန်နဝါရီ ၃၁ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ လုပ်ထုံးလုပ်နည်းများတွင် တောင်သူများလိုက်နာဆောင်ရွက်ရန် အနေဖြင့် ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ပုံစံ-၇ သို့မဟုတ် လုပ်ပိုင်ခွင့်၊ ပိုင်ဆိုင်ခွင့် ရရှိထားသည့် အထောက်အထားတစ်ခုခု တင်ပြနိုင်သူဖြစ်ရမည်။ ထိုသို့ဆောင်ရွက်ရာတွင် စုပေါင်းတာဝန်ယူသည့်စနစ် (ငါးယောက်တစ်ဖွဲ့ ဝိုင်းကြီးချုပ်စနစ်)ကို သဘောတူညှိနှိုင်းဖွဲ့စည်းရန်နှင့် အဖွဲ့ခေါင်းဆောင် (Key Farmer) ကို ရွေးချယ်ပေးရမည်။

ထို့ပြင် ကန်ထရိုက်လယ်ယာစနစ် စာချုပ်ချုပ်ဆိုသော တောင်သူလယ်သမားများအနေဖြင့် စာချုပ်ပါ အချက်အလက်များကို အကျေအလည်ဆွေးနွေးပြီး ကောင်းစွာသိရှိနည်းလည်သဘောပေါက်အောင် ကြိုတင်ဆောင်ရွက်ထားရမည်။ နှစ်ဦးနှစ်ဖက် နစ်နာမှုမရှိစေရေးအတွက် ညှိနှိုင်းချုပ်ဆိုနိုင်ရန် စသည်ဖြင့် ကန်ထရိုက်လယ်ယာစနစ်ဆောင်ရွက်ရာတွင် တောင်သူများလိုက်နာရမည့် အချက်ကိုးချက်ပါဝင်သည်။

ထို့အတူ ကုမ္ပဏီ သို့မဟုတ် ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့က လိုက်နာဆောင်ရွက်ရန်မှာ တောင်သူလယ်သမားများနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်အသေးစိတ်၊ နှစ်ဦးနှစ်ဖက် ရရှိနိုင်သည့် အကျိုးကျေးဇူးနှင့် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို နားလည်လက်ခံနိုင်စေရန် သက်ဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်း၊ အစိုးရဌာနများနှင့်အတူ ကြိုတင်ရှင်းလင်းဆွေးနွေးရမည်ဖြစ်သည်။

ထို့ပြင် တောင်သူလယ်သမားများအား ပံ့ပိုးပေးမည့် အရည်အသွေးပြည့်မီသော မျိုး၊ မျိုးစေ့ ၊ အခြားသွင်းအားစုများနှင့် ထုတ်လုပ်မှုစရိတ်များကို နားလည်သဘောပေါက်စေရန် ရှင်းလင်းဆွေးနွေးရမည့်အပြင် နှစ်ဖက်သဘောတူထားသည့် အရည်အသွေးပြည့်မီသော မျိုး၊ မျိုးစေ့၊ အခြားသွင်းအားစု အမျိုးအစားများနှင့် ထုတ်လုပ်မှုစရိတ်များကို စာချုပ်ပါ သတ်မှတ်ပမာဏအတိုင်း သတ်မှတ်ချိန်အမီပေးရမည် စသည်ဖြင့် အချက် ၁၁ ချက် သတ်မှတ်ထားသည်။

ဌာနဆိုင်ရာများက ပံ့ပိုးကူညီဆောင်ရွက်ရမည့် အချက်များအနေဖြင့်လည်း ကန်ထရိုက်လယ်ယာစနစ်ကို အကောင်အထည်ဖော်ရာတွင် နိုင်ငံတော်၏ လက်ရှိပြဋ္ဌာန်းထားသော ဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းနှင့် သက်ဆိုင်ရာဌာနများက ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်ပေးရမည်။ သဘောတူစာချုပ်အပေါ် ပြင်ဆင်၊ ဖြည့်စွက်ခြင်း ပြုလုပ်လိုပါက နှစ်ဖက်သဘောတူညီချက်ရရှိရေးအတွက် ညှိနှိုင်းကူညီဆောင်ရွက်ပေးရမည်။ စိုက်ပျိုးမွေးမြူသူ တောင်သူလယ်သမားများအတွက် လိုအပ်သော အသိပညာများနှင့် နည်းပညာများကို ပံ့ပိုးဆောင်ရွက်ရမည်။

ထို့ပြင် တောင်သူနှင့် ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင်၊ အသင်းအဖွဲ့များအကြား မျှတမှန်ကန်သော ဆက်ဆံရေးရရှိစေရန်အတွက် ဘက်လိုက်မှုမရှိဘဲ ကြားနေအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ပေးပြီး စာချုပ်ပါစည်းကမ်းချက်များအပေါ် နှစ်ဦးနှစ်ဖက်စလုံးက လိုက်နာမှုရှိစေရန် ထိန်းကျောင်းကြီးကြပ်ပေးရမည် စသည်ဖြင့် ဌာနဆိုင်ရာများက ပံ့ပိုးကူညီဆောင်ရွက်ရမည့် အချက်ကိုးချက်ကို ထုတ်ပြန်ကြေညာထားသည်။

“ရိတ်သိမ်းတဲ့အချိန်ကျမှ ထုတ်လုပ်တဲ့သူက စိတ်ကြိုက်ရွေးချယ်ဝယ်မယ့်အစား တောင်သူနဲ့အတူတူ အကျိုးတူဆောင်ရွက်ကြမယ်ဆိုတဲ့ အနေအထားကို သွားချင်တာဖြစ်ပါတယ်။ ကျွန်တော်တို့ပြောတဲ့ အကျိုးတူဆိုတာ စိုက်ထုတ်တဲ့ ရင်းနှီးမြှုပ်နှံမှုအပေါ်မှာမူတည်ပြီး အကျိုးအမြတ်ခွဲဝေရရှိတဲ့ လုပ်ငန်းကို ဆိုလိုတာဖြစ်ပါတယ်။ အရင်က တောင်သူ၊ ကုမ္ပဏီ၊ ပုဂ္ဂလိကလုပ်ငန်းရှင် စသည်ဖြင့် မိမိတို့အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ခဲ့ကြပါတယ်။ ဒီလိုဆောင်ရွက်ကြမယ်ဆိုရင် လုပ်ငန်းရှင်နဲ့ တောင်သူရဲ့ ဘုံအကျိုးစီးပွားဖြစ်လာမယ်။ နှစ်ဦးနှစ်ဖက် (Win-Win) သူနိုင်ကိုယ်နိုင် အခြေအနေဖြစ်လာအောင် ကန်ထရိုက်လယ်ယာစနစ်ကို ပူးပေါင်းအထည်ဖော်သွားစေချင်ပါတယ်” ဟု ဒေါက်တာရဲတင့်ထွန်းက ဆိုသည်။

တာရာ



# ချယ်လ်ဆီးအသင်းက လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကို ခေါ်ယူရန်စီစဉ်နေ

ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းဟာ ဂျာမန်ဘွန်ဒက်လီဂါကလပ် လိုက်ဇစ်အသင်းမှ တိုက်စစ်မှူး တီမိုဝါနာကို ခေါ်ယူဖို့စီစဉ်နေတယ်လို့ သိရပါတယ်။

ချယ်လ်ဆီးအသင်းအနေနဲ့ နွေရာသီဈေးကွက်အတွင်းမှာ တိုက်စစ်ကစားသမားတစ်ဦးကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လိုင်ယွန်တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကိုလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။ လိုင်ယွန်အသင်းကတော့ တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီရဲ့ ပြောင်းရွှေ့ကြေးကို ပေါင်သန်း ၈၀ အထိ သတ်မှတ်ထားတာဖြစ်ပါတယ်။

ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုတွေကြောင့် ဘဏ္ဍာရေးအခက်အခဲတွေဖြစ်ခဲ့တဲ့အတွက် ချယ်လ်ဆီးအသင်းကတော့ လိုင်ယွန်အသင်းက သတ်မှတ်ထားတဲ့ ဈေးနှုန်းအောက်ကို လျှော့ချပေးဖို့ တောင်းဆိုထားတာဖြစ်ပါတယ်။ ချယ်လ်ဆီးအသင်းအနေနဲ့ လက်ရှိမှာ လိုင်ယွန်အသင်းဥက္ကဋ္ဌ မီချယ်လ်အောလက်စ်နဲ့ ညှိနှိုင်းဆွေးနွေးမှုတွေ ပြုလုပ်နေဆဲပဲဖြစ်ပါတယ်။ လိုက်ဇစ်တိုက်စစ်မှူး တီမိုဝါနာကတော့ ပြောင်းရွှေ့ကြေးပေါင် ၄၉ သန်းနဲ့ ရရှိနိုင်တာမို့ ချယ်လ်ဆီးအသင်းက တီမိုဝါနာကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး လက်ရှိမှာ လီဗာပူးအသင်းနဲ့ မန်ယူအသင်းတို့ကလည်း ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

# ဘာရာဇီးနောက်ခံလူ ဒေးဗစ်လုဇ် အာဆင်နယ်နဲ့ စာချုပ်သစ်ချုပ်ဆိုရန်ရှိနေ

ဘင်ဖီကာအသင်းဆီ ပြောင်းရွှေ့ကစားမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတဲ့ ဘာရာဇီးနောက်တန်းကစားသမား ဒေးဗစ်လုဇ်ဟာ ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းဆီ ပြောင်းရွှေ့ကစားမှာမဟုတ်ဘဲ လက်ရှိကလပ် အာဆင်နယ်အသင်းနဲ့အတူ စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုဖို့ရှိနေတယ်လို့ သိရပါတယ်။

နောက်ခံလူ ဒေးဗစ်လုဇ်ဟာ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်း ဇွန် ၃၀ ရက်မှာ ကုန်ဆုံးမှာဖြစ်တဲ့အတွက် အလွတ်ပြောင်းရွှေ့ကြေးနဲ့ ရရှိနိုင်တာကြောင့် ဘင်ဖီကာအသင်းက ဒေးဗစ်လုဇ်ကို ပြန်လည်ခေါ်ယူနိုင်ရေးကြိုးပမ်းဖို့ မျှော်လင့်နေတာဖြစ်ပါတယ်။ ဒေးဗစ်လုဇ်ဟာ ဘင်ဖီကာအသင်းမှာ ၂၀၀၇ ခုနှစ်ကနေ ၂၀၁၁ ခုနှစ် အထိ ပွဲပေါင်း ၇၂ ပွဲကျော် ပါဝင်ကစားခဲ့သူလည်းဖြစ်ပါတယ်။

လက်ရှိမှာ နောက်တန်းကစားသမားဒေးဗစ်လုဇ်ရဲ့ အေးဂျင့်ဖြစ်သူက အာဆင်နယ်အသင်းနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတာဖြစ်ပြီး ဒေးဗစ်လုဇ်အနေနဲ့လည်း စာချုပ်သစ်တစ်ရပ်ချုပ်ဆိုလိမ့်မယ်လို့ ပြောကြားထားတာဖြစ်ပါတယ်။

ဒေးဗစ်လုဇ်ဟာ ချယ်လ်ဆီးအသင်း၊ ပီအက်စ်ဂျီ အသင်းတို့မှာလည်း ပါဝင်ကစားပေးခဲ့သူဖြစ်ပြီး ချယ်လ်ဆီးအသင်းနဲ့အတူ ကစားသမားဘဝသက်တမ်းနှစ်ကြိမ်မှာ ပွဲပေါင်း ၁၆၀ အထိ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၁ ဂိုးအထိသွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။ ပီအက်စ်ဂျီအသင်းမှာတော့ ၅၆ ပွဲပါဝင်ကစားပေးခဲ့ပြီး သွင်းဂိုးသုံးဂိုးသွင်းယူပေးခဲ့တာလည်းဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## အနုပညာ

# ဂျော့ဖလွိုက်ရဲ့ နာရေးစရိတ်ကို ဖလွိုက်မေဝယ်သာ အကုန်အကျခံမည်

ကျော်ကြားတဲ့ လက်ဝှေ့ချန်ပီယံတစ်ဦးဖြစ်သူ ဖလွိုက်မေဝယ်သာက လတ်တလောမှာ ကွယ်လွန်သွားခဲ့တဲ့ လူမည်းအမျိုးသား ဂျော့ဖလွိုက်ရဲ့ နာရေးစရိတ်တွေကို အကုန်အကျခံကာ လုပ်ဆောင်ပေးသွားမှာဖြစ်ကြောင်းနဲ့ ဂျော့ဖလွိုက်ရဲ့ မိသားစုတွေနဲ့လည်းတွေ့ဆုံကာ သဘောတူညီမှု ရရှိခဲ့ပြီးဖြစ်ကြောင်း မီဒီယာတွေရဲ့ ရေးသားဖော်ပြချက်တွေကို ကိုးကားကာ အီးတီအွန်လိုင်းဒေ့ါကွန်းက ရေးသားဖော်ပြခဲ့ပါတယ်။

ဖလွိုက်မေဝယ်သာရဲ့ ပရိုမိုးရှင်းလုပ်ငန်းတွေကို တာဝန်ယူလုပ်ဆောင်ပေးနေသူ လီယိုနာအယ်လာ့ဘ်က ဖလွိုက်မေဝယ်သာဟာ လာမယ့် ဇွန် ၉ ရက်မှာ ဂျော့ဖလွိုက်ရဲ့ ဇာတိ ဟူစတန်မြို့မှာ ပြုလုပ်သွားမယ့် ဂျော့ဖလွိုက်ရဲ့ နာရေးအခမ်းအနားအတွက် ကုန်ကျစရိတ်တွေကို ကျခံသွားဖို့ရာ ကွယ်လွန်သူရဲ့ မိသားစုဝင်တွေနဲ့ တွေ့ဆုံကမ်းလှမ်းခဲ့ကာ အဆိုပါမိသားစုကလည်း လက်ခံခဲ့ပြီးဖြစ်တယ်လို့ ဆိုပါတယ်။

ဂျော့ဖလွိုက်ဟာ အမေရိကန်ရဲတွေရဲ့ ဖမ်းဆီးမှုခံရစဉ် ကွယ်လွန်ခဲ့ရတာဖြစ်ပြီး လူမည်းတစ်ဦးကို မတရားဖမ်းဆီးကာသေစေခဲ့တာကြောင့် လတ်တလောမှာ ဂျော့ဖလွိုက်ကွယ်လွန်မှုအတွက် တရားမျှတမှုကို တောင်းဆိုတဲ့ဆန္ဒပြမှုတွေလည်း အမေရိကန်မှာ ဖြစ်ပွားလျက်ရှိပါတယ်။ လူမျိုးရေးခွဲခြားမှုတွေ ပပျောက်ဖို့အတွက် လှုပ်ရှားမှုတွေလည်း လုပ်ဆောင်လျက်ရှိရာ ဟောလိဝုဒ်ကြယ်ပွင့်တွေအပြင် ကမ္ဘာတစ်ဝန်းက အနုပညာရှင်တွေလည်း အဆိုပါလှုပ်ရှားမှုတွေမှာ ပါဝင်လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရပါတယ်။

အေးပြည့် - ရေးသားသည်

# ဇာတ်လမ်းတွဲသစ်နဲ့ ပြန်လာမယ့် လီဆန်းဂီ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ လီဆန်းဂီဟာ မကြာမီမှာ တိုက်ခိုက်ရေးဇာတ်လမ်းတွဲရုပ်ရှင်သစ်နဲ့အတူ ပရိသတ်ရှေ့ပြန်လည်ပေါ်ထွက်လာမှာဖြစ်ကြောင်း စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

tvN ရုပ်သံလိုင်းက ရိုက်ကူးထုတ်လွှင့်သွားမယ့် အဆိုပါ ဇာတ်လမ်းတွဲရုပ်ရှင်ဟာ တိုက်ခိုက်ရေးရုပ်ရှင်အမျိုးအစားဖြစ်ပြီး ထိတ်လန့်ဖွယ်အကြောင်းအရာတွေ ပါဝင်မယ့် ဇာတ်လမ်းတွဲလည်း ဖြစ်ပါတယ်။ အဆိုပါ ဇာတ်လမ်းတွဲမှာ လီဆန်းဂီဟာ အဓိက ဇာတ်ဆောင်အဖြစ် ပါဝင်ထားတာလည်း ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲမှာ လီဆန်းဂီက အမှန်တရားကိုမြတ်နိုးသူ ရဲအရာရှိတစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပါတယ်။ ကွင်းဆက်လူသတ်သမားတစ်ဦးကြောင့် ဒေသတွင်း မငြိမ်မသက် ဖြစ်ခဲ့ရပြီး အဆိုပါ လူသတ်သမားကို လီဆန်းဂီပါဝင်ထားတဲ့ ဇာတ်ကောင်က ရှာဖွေဖော်ထုတ်ဖမ်းဆီးတာ ဖြစ်ပါတယ်။ လူသတ်သမားကို ရှာဖွေရင်း အဆိုပါ ရဲအရာရှိရဲ့ ဘဝဟာလည်း အတော်ပြောင်းလဲခဲ့ရကြောင်း သိရပါတယ်။

ဒီဇာတ်လမ်းတွဲကို Mouse လို့ အမည်ပေးထားပြီး ၂၀၂၁ ခုနှစ် နှစ်စပိုင်းမှာ စတင်ထုတ်လွှင့်နိုင်ဖို့ရာ ရည်ရွယ်ထားကြောင်းလည်း သိရပါတယ်။

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တက္ကသီလာ မြကျွန်းသာမှာ ပညာရည်နို့ သောက်စို့ခဲ့ပါသည် (အပိုင်း-၃)

စန်းနီလာဝင်း

**အမိရန်ကုန်တက္ကသိုလ်မှ ခေတ်အဆက်ဆက် ကျေးဇူးရှင် ဆရာ ဆရာမများနှင့် ကျောင်းတော်သူ ကျောင်းတော်သားကြီးတို့၏ ကောင်းမြတ်သောအမွေ အစဉ်အားကျမြတ်နိုးနေ**

သုံးလောကထွတ်ထားမြတ်ဗုဒ္ဓဘုရားက "ပညာ"၏ အနှစ်သာရနှင့်စပ်လျဉ်း၍ "ပညာနရာနံရတနံ = ပညာသည်ကား လူသားအားလုံး၏ ရတနာစစ် ရတနာမှန်ဖြစ်သည်" ဟုလည်းကောင်း၊ ပညာသည် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အလင်းရောင်ပေးသဖြင့် "ပညာသမာအာဘာနတ္ထိ= ပညာနှင့်တူသော အလင်းရောင်ဟူသည် မရှိနိုင်" ဟူ၍လည်းကောင်း ဟောပြောညွှန်ပြတော်မူခဲ့ပါသည်။

မည်သည့်ပညာရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပညာရေးနယ်ပယ်၌ "ပညာရှင်"ရော "ပညာသင်" တို့ပါ အစဉ်သဖြင့် "ပညာပြည့်ဝနှလုံးလှ" အောင်၊ "ပညာလည်းတတ် ကိုယ်ကျင့်မြတ်" အောင် အားထုတ်ကျင့်ကြံကြရပါမည်။ သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပျံ့သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိမူကား လွန်သည်မရှိပါ။ ပညာဟူသည် သိရုံသက်သက်သာ မဟုတ်၊ ကိုယ်ကျင့်တရားကောင်းမွန်အောင် အားထုတ်ရပါသည်။ ထို့ကြောင့် မြတ်ဗုဒ္ဓ၏ မင်္ဂလသုတ်တွင် "ဗာဟု သစ္စဉ္စ၊ ဝိနယောစသုသိက္ခိတော= အကြားအမြင် အသိပညာ အတတ်ပညာ တတ်မြောက်ခြင်းနှင့် ကိုယ်ကျင့်သိက္ခာရှိခြင်း"တို့ကို တစ်ဆက်တစ်စပ်တည်း ဟောကြားတော်မူခဲ့ပါသည်။

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်၌ ကျင်းပခဲ့သော ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်အခမ်းအနားကြီးတွင် အမိရန်ကုန်တက္ကသိုလ်မှ ခေတ်အဆက်ဆက်ကျေးဇူးရှင် ဆရာဆရာမများနှင့် မိဘအရွယ်၊ နောင်တော်ကြီး၊ အစ်မကြီးအရွယ် ကျောင်းတော်သူ ကျောင်းတော်သားအချို့နှင့် ဖက်လဲတကင်း ရင်းနှီးနွေးထွေးစွာ တွေ့ကြုံခဲ့ရသဖြင့် အလွန်ကုသိုလ်ထူးလှသည်ဟု ဆိုချင်ပါသည်။

၁၉၂၈ ခုနှစ် ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ် ငွေရတုခေတ်ဦးမှ အသက် ၈၉ နှစ်ရှိ အဘိုးအရွယ် ကျောင်းတော်သားကြီး ဦးဘိုကြီးက "ကျွန်တော်က ၁၉၂၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကို စရောက်တဲ့နှစ်မှာပဲ ပဲခူးဆောင်စဖွင့်လို့ အဆောင်မှာနေခဲ့ပါတယ်။ သည်တုန်းက ဆရာဦးဖေမောင်တင် (မြန်မာစာ) ပါဠိက အဆောင်မှူးပေါ့။ အဆောင်ခက ၂၅ ကျပ်၊ ကျောင်းလခက အိုင်အေ (IA= Intermediate of Arts) "ဥပစာတန်း" အပိုင်း(က) ရော(ခ) ပါ ၁၂ ကျပ်၊ အဆောင်မှာ နံနက်အစောပိုင်း ကော်ဖီတစ်ကြိမ်တိုက်တယ်၊ နံနက် ၈ နာရီခွဲမှာ နံနက်စာထမင်း၊ နေ့လယ်မှာ ကော်ဖီနဲ့ မုန့်တစ်ခုခုကျွေးတယ်၊ ညနေကျောင်းပြန်ချိန်မှာ ကော်ဖီနဲ့မုန့်ထပ်ကျွေးတယ်၊ ညပိုင်းမှာတော့ ညစာကျွေးတယ်။

ထမင်းစားကြရာမှာလည်း လေးဦးစီ ထိုင်ရတယ်၊ ဒါပေမဲ့ တစ်ဆောင်တည်းက လေးဦး မထိုင်ရဘူး။ ဥပမာ ပဲခူးဆောင်က နှစ်ဦး၊ သထုံဆောင်က နှစ်ဦး၊ တစ်ဦးနဲ့တစ်ဦး ခင်မင်စေရအောင် မျှတထိုင်ရတယ်။ ပဲခူး၊ စစ်ကိုင်းနဲ့ သထုံဆောင်တွေက ကျောင်းသားတွေ ထမင်းစားခန်းမှာ အတူတကွစားကြတယ်။ ထမင်းဟင်းကို တစ်ဆောင်စီက ကျောင်းသားကိုယ်စားလှယ်နှစ်ဦးစီ အလှည့်ကျပါဝင်ပြီး ကိုယ်စားလှယ် ခြောက်ဦးက ညွှန်ကြားတဲ့အတိုင်း အဆောင်ထမင်းဟင်းကို စားဖိုမှူးက ချက်ပေးရတယ်။

အဲဒီတုန်းက ကျောင်းအုပ်တွေကတော့ "မစ္စတာစလော့" နဲ့ "ဒေါက်တာပီးကော့"တို့ ဖြစ်တယ်။ ကျွန်တော်တို့ ကျောင်းတက်ခါစက ဝိဇ္ဇာဘာသာရပ်တွေကိုသာ သင်ပေးတယ်။ ၁၉၃၃ ခုနှစ်လောက်မှ သိပ္ပံပညာရပ်အချို့ကို စတင်သင်ကြားပေးတယ်။ အရင်တုန်းက အခုလိုစာသင်ခန်းတွေ မရှိသေးဘူးဗျ၊ ကျောင်းဝင်းထဲမှာပဲ အဆောင်နဲ့ ခပ်ဝေးဝေးမှာ သွားတက်ရတယ်။

၁၉၂၈ ခုနှစ် ပထမနှစ်မှာ ဝိဇ္ဇာဘာသာရပ်ကိုယူတယ်၊ သင်္ချာလည်းယူတယ်။ ၁၉၂၉-၃၀ ခုနှစ် ဒုတိယနှစ်မှာတော့ Public Health ဆိုတဲ့ ဘာသာရပ်အသစ်ကို ပြောင်းယူလိုက်တယ်။ သင်္ချာကိုလည်း မယူတော့ဘူး။ ကျွန်တော် တစ်ယောက်တည်း ခုံနံပါတ်ထုတ်ပေးဖို့ ကိုးလိုးကန့်လန့်ဖြစ်နေတယ်။ "မနှစ်ကတစ်မျိုး၊ ဒီနှစ်တစ်မျိုး ပြောင်းတယ်၊ သင်္ချာယူချင်ယူ၊ မယူရင်မဖြေရဘူး" လို့ ကျောင်းအုပ် "မစ္စတာစလော့"က ပြောတယ်။ "အီကို" (ECO) ပရော်ဖက်ဆာကြီးက ကျွန်တော့်ဘက်က လိုက်ပြောပေးတယ် မရဘူး။ ဒါနဲ့ ၁၉၃၀ ပြည့်နှစ် ဖေဖော်ဝါရီလလောက်မှာ ကျွန်တော် ကျောင်းထွက်လိုက်တယ်။

ပဲခူးဆောင်မှာနေခဲ့ရတာ သိပ်ပျော်ဖို့ကောင်းပါတယ်။ ဒီနေရာမှာတိုက်ဆိုင်တာနဲ့ ပျော်စေပျက်စေ ကလက်စေ သဘောပဲထားပါတော့၊ သူငယ်ချင်း "သခင်ဗစိန်" (နောင် ဂျပန်ခေတ်၌ ဆည်မြောင်းနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီးဖြစ်ခဲ့သူ)နဲ့ ကျွန်တော်က ဘာသာရပ်အတွဲတူတော့ အတူတူထိုင်ကြတယ်။ စာမေးပွဲနီးလို့ ပဲခူးဆောင် တတိယအဆောင်မှူး(Sub-Assistant Warden) ဦးသောင်းစိန်(နောင် အိုင်စီအက်စ်)ရဲ့အခန်းမှာ စာကျက်နေတုန်း သထုံဆောင် ဒုတိယအဆောင်မှူး ဦးလူဖေဝင်း (နောင် ကျောက်စာဝန်)က လှမ်းခေါ်တယ်၊ "ဟေ့ တပည့်တို့ရေလာကြစမ်းပါဦး" ဆိုတော့ ဘာတွေများဖြစ်နေသလဲဆိုပြီး ကျွန်တော်တို့က အပြင်ထွက်လာကြတယ်။ "ကြည့်စမ်းပါဦးကွာ" တဲ့၊ "ငှါတူမကိုကြိုက်တာနဲ့ ဦးလေးဖြစ်တဲ့ ငှါကိုစာပေးခိုင်းတယ်"ဆိုပြီး ဦးလူဖေဝင်းက ပြောလိုက်တယ်။ ဗစိန်က သထုံဆောင်လှေကားအနီး အခန်းမှာနေတယ်။ ဆရာဦးလူဖေဝင်းရဲ့တူမ သူငယ်မလေး အပေါ်ထပ်ကို တက်သွားတော့ ဗစိန်က မြန်မြန်နောက်ကလိုက်သွားတယ်။ သူငယ်မလေးက ဦးလူဖေဝင်းအခန်းထဲဝင်အသွား ဆရာဦးလူဖေဝင်းကထွက်အလာ "ဟေ့ဗစိန် ဘာလုပ်မလဲ" မေးလိုက်တော့ ဗစိန်က ကယောင်ကတမ်းနဲ့ ရှော့ရှော့ ဆရာ၊ ဟိုသူငယ်မလေးကို ပေးပေးစမ်းပါ" ဆိုပြီး ဆရာ့လက်ထဲကို စာထည့်လိုက်မိတယ်။ အခုတော့ ပြီးတာတွေပြီးပါပြီ၊ သခင်ဗစိန်လည်း ကွယ်လွန်ပါပြီ၊ ဦးလူဖေဝင်းလည်း ကွယ်လွန်ပါပြီ၊ "သူငယ်မလေးလည်း မရှိတော့ပါဘူး၊ ဒါပါပဲ"ဟု ပွင့်ပွင့်လင်းလင်း ပြောပြလိုက်ရာ အားလုံးမပြုံးဘဲဝါးလုံးကွဲ ရယ်မောခဲ့ကြရပါသည်။

ရန်ကုန်တက္ကသိုလ်စိန်ရတုသဘင်ပွဲကြီး ကျင်းပခဲ့စဉ်က ရဟန်းဘဝသို့ရောက်ရှိနေတော်မူသည့် ဦးပဥ္စင်း "ဦးပညာသာမိ(လူပုဂ္ဂိုလ်အမည် ဦးဘမျိုး)"သည်လည်း ကိုလိုနီခေတ် ၁၉၃၂ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ် ပဲခူးဆောင်နေ ဗိုလ်ချုပ်အောင်ဆန်းနှင့် ကျောင်းနေဖက်ဖြစ်ခဲ့ရာ ဦးပဥ္စင်းက "၁၉၃၂ ခုနှစ်မှာ ပဲခူးဆောင်ကို ရောက်လာပါတယ်။ အဲဒီတုန်းက ပဲခူးဆောင် အဆောင်မှူးက ဦးဘ ဖြစ်ပါတယ်။ လက်ထောက်အဆောင်မှူးက ဦးဖိုးသာဖြစ်ပါတယ်။ ပဲခူးဆောင်မှာ သုံးနှစ် နေခဲ့ပါတယ်။ ပဲခူးဆောင်က စည်းကမ်းကြီးတယ်။ ထမင်းစားခန်းကို အပေါ်အင်္ကျီမပါဘဲ မသွားရဘူး။ လေးယောက်တစ်စားပွဲ ထိုင်စားကြရတယ်။ ကျောင်းသားတွေ ကိုယ်တိုင်က တစ်နေ့တာအတွက် ဘာတွေစားကြမယ်ဆိုတာကို ဆန္ဒပြုရတယ်။ သက်သတ်လွတ်စားမယ်ဆိုရင် အနည်းဆုံး တစ်စားပွဲ လေးယောက် စုစည်းစားသောက်ရတယ်။ သက်သတ်လွတ်ဆိုပေမယ့် အချက်အပြုတ်ကလည်းကောင်း၊ အဆီအနှစ်ကလည်းရှိတယ်ဆိုတော့ အလွန်စားလို့ ကောင်းတယ်။ **စာမျက်နှာ ၂၃ သို့** ✪



ရန်ကုန်တက္ကသိုလ်ဝင်းအတွင်းရှိ ဂျပ်ဆင်ဘုရားကျောင်း။




ပြည်လမ်းဘက်မှ ရန်ကုန်တက္ကသိုလ်သို့ ဝင်ပေါက်။

**မည်သည့်ပညာရေးစနစ်ကို ကျင့်သုံးသည်ဖြစ်စေ ပညာရေးနယ်ပယ်၌ "ပညာရှင်"ရော "ပညာသင်" တို့ပါ အစဉ်သဖြင့် "ပညာပြည့်ဝနှလုံးလှ" အောင်၊ "ပညာလည်းတတ် ကိုယ်ကျင့်မြတ်" အောင် အားထုတ်ကျင့်ကြံကြရပါမည်။ သဒ္ဓါလွန်လျှင် ကွန့်သည်၊ ပညာလွန်လျှင် ဆွံ့သည်၊ ဝီရိယလွန်လျှင် ပျံ့သည်၊ သမာဓိလွန်လျှင် တွန့်သည်၊ သတိမူကား လွန်သည်မရှိပါ။ ပညာဟူသည် သိရုံသက်သက်သာ မဟုတ်၊ ကိုယ်ကျင့်တရားကောင်းမွန်အောင် အားထုတ်ရပါသည်။**

✪ စာမျက်နှာ ၂၂ မှ

ပဲခူးဆောင်မှာ လှုပ်ရှားမှုတွေလည်း များတယ်၊ သဟာယနဲ့စာဖတ်အသင်းမှာဆိုရင် ကျောင်းသားတွေ ဗဟုသုတရရှိစေဖို့ ဆွေးနွေးပွဲတွေ လုပ်ကြတယ်။ ကျောင်းသားတွေကပဲ ဦးဆောင်လုပ်တယ်။ ဆရာတွေက ကြီးကြပ်ပေးတယ်။

ကမ္ဘာ့စီးပွားရေးကျဆင်းနေတဲ့အချိန်မှာ မြန်မာနိုင်ငံမှာလည်း စီးပွားရေးအကျပ်အတည်းတွေဖြစ်လာတယ်။ မြန်မာနိုင်ငံရဲ့စပါးကို "ဘူလင်ဂျာပူး" အဖွဲ့က ထိန်းချုပ်ထားတာကြောင့် စပါးဈေးသိပ်ကျသွားတယ်။ စပါး တင်း ၁၀၀ ကိုမှ ၅၀ ကျပ်ပဲရတယ်။ စပါးဈေးကျလာတော့ တိုင်းပြည်ရဲ့စီးပွားရေးပါ ကျဆင်းလာတယ်။ အဲဒီအချိန်မှာ ပဲခူးဆောင် သဟာယနဲ့စာဖတ်အသင်းရဲ့ အစီအစဉ်တစ်ခုအနေနဲ့ စကားရည်လုပွဲပြုလုပ်တယ်။ "University education is not necessary at this juncture"ဆိုတဲ့ အကြောင်းအရာအပေါ်မှာ ဦးပဥ္စင်း၊ ဦးဘသွင်(မြိတ်)၊ မစ္စတာမိုဝပ် (Mouet) ဆိုတဲ့ ကပြား တစ်ယောက်ပါဝင်ပြီး အဆိုတင်သွင်းရတယ်။ အချေဘက်က ကိုအောင်ဆန်းနဲ့ သုံးဦးဖြစ်တယ်။ အင်္ဂလိပ်လို အဆို၊ အချေလုပ်ရတယ်။ ကိုအောင်ဆန်းက စားပွဲတွေ ထုထုပြီး မာန်နဲ့ပြောတယ်။

အနိုင်၊ အရှုံးကို ဒိုင်လူကြီးနဲ့ ဆုံးဖြတ်တာ မဟုတ်ပါဘူး။ အောက်ကနားထောင်တဲ့သူတွေက လက်ထောင်ပြပြီး ဆန္ဒပေးဆုံးဖြတ်ရတယ်။ ကိုအောင်ဆန်းတို့ အချေဘက်က နိုင်သွားပါတယ်" ဟု မိန့်ကြားတော်မူသွားခဲ့သည်မှာလည်း ကျွန်တော်တို့ ရွှေရတုသဘင်ခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် မတွေ့ကြုံခဲ့ဖူးသည့် အတွေ့အကြုံဆန်းများ ဖြစ်နေသောကြောင့် ဂုဏ်ယူလေးစားခဲ့ရသည်။

အလားတူ ဗိုလ်ချုပ်အောင်ဆန်း ရန်ကုန်တက္ကသိုလ် ကျောင်းသားဘဝတွင် ပဲခူးဆောင်၌ပင် အတူနေထိုင်ခဲ့သူ ဦးကိုကိုကလည်း "ကျွန်တော်က ၁၉၃၄ -၃၅ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ရောက်ပြီး ပဲခူးဆောင်မှာ နေခဲ့ပါတယ်။ တစ်ညနေမှာ ကိုအောင်ဆန်းက ကျွန်တော့်ရဲ့ အခန်းထဲရောက်လာပြီး ဘာတွေသင်သလဲဆိုပြီး Lecture Notes လာကြည့်တယ်။ "ခင်ဗျားကလည်း ခင်ဗျား အိပ်ရာပေါ်ထိုင်လည်း ကြိုက်တဲ့လူမဟုတ်ဘူး။ ပက်လက်ကုလားထိုင်လည်း မထားဘူး။ ဒီတော့ဗျာ၊ ကျွန်တော် ကုလားထိုင်မှာပဲ ထိုင်မယ်"တဲ့၊ အဲဒီနောက် Lecture Notes ကို ယူသွားဦးမယ်တဲ့။ ကျွန်တော်က "ညမှာပြန်ရေးဦးမှာ ပြန်ပေးဦးနော်၊ ပျောက်တော့ မပျောက်စေပါနဲ့" လို့ပြောတော့ ကိုအောင်ဆန်းက ရပါတယ်တဲ့၊ ကိုအောင်ဆန်းက မှတ်ဉာဏ်တကယ်ကောင်းတယ်ဗျာ။ တစ်ခေါက်ဖတ်ရင် အကုန်မှတ်မိတယ်၊ စာမေးပွဲနားနီးလို့ ဆွေးနွေးကြတဲ့အခါ ကျွန်တော်တို့ တစ်ခါတလေ မမှတ်မိတာရှိရင် သူကထောက်ပြတယ်။ ပြီးတော့ ပွင့်ပွင့်လင်းလင်းလည်း ပြောတတ်တဲ့လူပါ။

၁၉၃၄–၃၅ခုနှစ်မှာ ကျွန်တော်တို့ ပဲခူးဆောင်မှာ "ဟံသာကြေးမုံ" (Pegu Mirror) ဆိုတဲ့ လက်ရေးမဂ္ဂဇင်း ထုတ်ခဲ့တယ်။ ၁၉၃၅ – ၃၆ ခုနှစ်မှာလည်း မောင်ဘို (နောင် ဗိုလ်မှူးကြီးမောင်ဘို) တို့ ဆက်ပြီးထုတ်တယ်။ လက်ရေးစာမူစာအုပ်ထုတ်ပြီး အဆောင်မှာလှည့်ဖတ်ကြတယ်။ ကျွန်တော်က အင်္ဂလိပ်စာအယ်ဒီတာ လုပ်တယ်။ မဂ္ဂဇင်းမှာ ကိုအောင်ဆန်း၊ ကိုနု၊ ကေလင်း (နောင် စာပေဗိမာန်ကျော်လင်း)၊ ကိုဖေခင် (နောင် သံအမတ်ကြီး)၊ ကိုစိန်လင်း (နောင် တရားသူကြီးချုပ်)၊ ကိုသက်တင် (နောင် ကထိက)၊ ကိုလှရွှေ (နောင် ပါမောက္ခ) စတဲ့ ကျောင်းသားကြီးတွေ ပါဝင်လုပ်ဆောင်ကြတော့ မဂ္ဂဇင်းဖြစ်လာတယ်။

ကျွန်တော်တို့ ပဲခူးဆောင် သဟာယနှင့် စာဖတ်အသင်းဥက္ကဋ္ဌ ကိုဝင်း(ဘောလုံးလက်ရွေးစင်)က ခင်ဗျား ကိုအောင်ဆန်းကို ရေးခိုင်းဗျာ၊ တခြားလူပြောရင် ဘုပြောနေဦးမယ်၊ ခင်ဗျား ကိုအောင်ဆန်းနဲ့ အလွမ်းသင့်တယ်တဲ့၊ ပြောတာဆိုတာတွေ ကိုအောင်ဆန်းက တစ်ခါတလေ သိပ်ဘုနှိပ်တယ်။ ကျွန်တော့်ကိုလည်း ဘုနှိပ်တာ ရှိတာပဲ။ ဒါပေမဲ့ သူငယ်ချင်း ငါနောက်တာပါကွာ၊ ကျီစားတာ မခံနိုင်ဘူးလားဆိုပြီး ပြန်ချော့လေ့ရှိတယ်။

အဲဒီလို ကိုအောင်ဆန်းက ဟံသာကြေးမုံမှာ အင်္ဂလိပ်ရေးပေးတော့ အမှန်အတိုင်းပြောရရင် သူ့ရဲ့ အင်္ဂလိပ်စာ အဆင့်အတန်းက သိပ်မြင့်နေတော့ ကျွန်တော် မပြင်တတ်လို့ ဒီအတိုင်းပဲထည့်ပေးလိုက်တယ်" ဟု ပြောပြရာ ဗိုလ်ချုပ်၏ ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် အရည်အချင်းပြည့်ဝမှုကို အားကျစံထားလေးစားရပါသည်။



ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ။

ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝတွင် အင်္ဂလိပ်ပညာရေးအာဏာပိုင်များက တက္ကသိုလ်ကျောင်းသားအချင်းချင်း သွေးခွဲခဲ့ပုံနှင့်စပ်လျဉ်း၍ တော်လှန်ရေးကောင်စီအစိုးရ အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးမောင်ရွှေက "၁၉၃၇–၃၈ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်စတင်တက်ရောက်ပြီး ဝိဇ္ဇာဘာသာရပ်ကို ယူပါတယ်။ သည်တုန်းက ကြိုက်တဲ့အဆောင်မှာနေလို့ရတော့ ပဲခူးဆောင်မှာ နေခဲ့ပါတယ်။

ဟိုတုန်းက တက္ကသိုလ် အရန်တပ်ရင်း (UTC) က အင်္ဂလိပ်စစ်တပ်က ဝင်ရောက်စည်းရုံးဖွဲ့စည်းတဲ့ တပ်ဖြစ်တယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်း ယူတီစီနဲ့ သဘာဝချင်းမတူဘူး။ အင်္ဂလိပ်ခေတ်မှာ ယူတီစီထဲကို ကျောင်းသားတိုင်း ဝင်ချင်လို့မရဘူး။ ကျောင်းသားအများစုကတော့ ရိုင်ဖယ်ပစ်ချင်တယ်။ စစ်ယူနီဖောင်းနဲ့ စမတ်ကျကျနေချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ယူတီစီထဲဝင်ချင်ကြတယ်။ ဒ့ါအပြင် ရဲတပ်ဖွဲ့လိုနေရာမျိုးတွေမှာ ရာထူးကြီးပြီး ရစေရအောင်ဆိုတဲ့ ရည်ရွယ်ချက်လည်းပါတယ်။ နာမည်ကလည်း ဘိုနာမည်၊ ကျောင်းကလည်းဘိုကျောင်း၊ ယူတီစီကိုဝင်ထားတယ်ဆိုရင် အင်္ဂလိပ်ခေတ်မှာ ထိပ်တန်းအလုပ်အကိုင်ရနိုင်တာပေါ့။

ဒါပေမဲ့ အင်္ဂလိပ်ခေတ်က ယူတီစီမှာ လက်ခံဖို့က ဘယ်နယ် ဘယ်အရပ်ကလာတဲ့ ကျောင်းသားလဲ၊ ဘယ်ကျောင်းထွက်လဲဆိုတာ စိစစ်ပြီးမှ လက်ခံတယ်။ တက္ကသိုလ်ကျောင်းသားချင်းကို ခွဲခြားလက်ခံတာပေါ့။ ဥပမာ "စိုးမောင်" ဆိုရင် လက်မခံဘူး၊ "ထွန်းဦး" ဆိုရင် လက်မခံဘူး၊ "ပီတာမောင်မောင်"ဆိုရင် နည်းနည်းစဉ်းစားမယ်၊ "စတန်လီထွန်းရီ" ဆိုရင် နည်းနည်းစဉ်းစားမယ်။ "အက်ဒဝပ်" တို့၊ "မိုက်ကယ်"တို့ဆိုရင် စဉ်းစားမယ်။ ရှင်းရှင်းပြောရရင် နေရှင်နယ် (အမျိုးသားကျောင်း) ထွက်ဆိုရင် တောခပ်ကျကျကလာတယ်ဆိုရင် လက်ခံမစဉ်းစားဘူးပေါ့။ ကျွန်တော်တို့ သူငယ်ချင်းခပ်များများ ယူတီစီဝင်ဖို့ လျှောက်ကြတယ်။ တစ်ယောက်မှမရခဲ့ကြဘူး။

တိုင်းတစ်ပါးအင်္ဂလိပ်ကို တိုက်ထုတ်တော့မယ်လို့ ကြိုးပမ်းတဲ့ကာလရောက်လာတဲ့အခါ ဘီအိုင်အေတပ်ဖွဲ့စည်းကြတယ်။ ကျောင်းပိတ်လိုက်ပြီး လေး၊ ငါး၊ ခြောက်လလောက်အကြာမှာ ဘီအိုင်အေတပ်တွေက စစ်ကြောင်းကြီး (Column) တွေနဲ့ ဝင်လာကြတယ်။ အဲဒီမှာဘာတွေ့ရသလဲဆိုတော့ တက္ကသိုလ်မှာ အနယ်နယ်အရပ်ရပ်က ကျောင်းသားတွေဆုံစည်းမိကြ၊ ခင်မင်ကြပြီးတဲ့နောက် ကျောင်းပိတ်လို့ နေရပ်ပြန်ရောက်ကြပြီး အင်္ဂလိပ်ကို တိုက်ဖို့ စစ်ကြောင်းတွေ ချီလာတဲ့အခါ တက္ကသိုလ်ကျောင်းသားတွေဟာ တပ်မှူးတွေအနေနဲ့၊ လူကြီးတွေအဖြစ်နဲ့ အများအပြားပါလာကြတာကို တွေ့ရတယ်။

ဒီလိုပဲ ဂျပန်ကို ပြန်လည်တိုက်ထုတ်တဲ့ အချိန်အခါရောက်လာတဲ့အခါမှာလည်း တိုင်း ၁၀ တိုင်းမှာ ကျွန်တော်တို့ တက္ကသိုလ်ကျောင်းသားတွေ အများအပြားပါလာပါတယ်။ ဂျပန်ထွက်သွားပြီးတဲ့အခါမှာ ကျောင်းပြန်တက်သူတွေရှိပါတယ်။ ဥပမာ ဌာနချုပ်က တိုင်းကဆိုရင် မော်ဝင်း (မန္တလေး)၊ ဒုဗိုလ်မောင်မောင် (နောင်သမ္မတကြီး ဒေါက်တာမောင်မောင်)တို့အစရှိသဖြင့် ရှိကြတယ်။

အဲဒီလို နယ်ချဲ့အင်္ဂလိပ်နဲ့ ဖက်ဆစ်ဂျပန်တို့ကို တိုက်ထုတ်ရာမှာပါဝင်ခဲ့ကြတဲ့ တက္ကသိုလ်ကျောင်းသားတွေဟာ ဘဝမှာ အတွေ့အကြုံရင့်ကျက် ဖွံ့ဖြိုးလာကြတယ်။ ရည်မှန်းချက်ဆန္ဒ ပိုမိုပြင်းပြလာကြပြီး ဆက်လက်လျှောက်လှမ်းကြတဲ့ဘဝမှာ ပိုမိုကြိုးစားအားထုတ်လာကြတာတွေကို တွေ့ရပါတယ်"ဟု ရင်းနှီးပွင့်လင်းစွာ ပြောပြခဲ့ရာ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ်မြင့်မားရေးဆိုင်ရာ ကိုယ်တွေ့ဖြစ်ရပ်များမှာ ထူးခြားစွာ ဂုဏ်ယူစံထားဖွယ် ဖြစ်ပါသည်။

လွန်ခဲ့သည့် ၁၉၉၅ ခုနှစ်က ရန်ကုန်တက္ကသိုလ် စိန်ရတုသဘင်အခမ်းအနားကျင်းပစဉ် ထိုစဉ်က နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်လျက်ရှိသည့် "ဦးအုန်းဂျော်"ကလည်း "ကျွန်တော်က မြန်မာနိုင်ငံ လွတ်လပ်ရေးရတဲ့ ၁၉၄၈ ခုနှစ်မှာပဲ ရန်ကုန်တက္ကသိုလ် ရောက်ခဲ့ပါတယ်။ ပထမဦးဆုံး တက္ကသိုလ်ကျောင်းသား ဖြစ်လာတာနဲ့ တစ်ပြိုင်နက် မိမိကျင်လည်ကျက်စားခဲ့ရတဲ့ လူငယ်ဘဝရဲ့ အဆင့်အမြင့်ဆုံး အနေအထားကို


ဗိုလ်ချုပ်အောင်ဆန်း ကိုလိုနီခေတ် ရန်ကုန်တက္ကသိုလ်ကျောင်းသားဘဝက နေထိုင်ခဲ့သည့် ပဲခူးဆောင်။

စတင်ခံစားလာရတယ်။ ဒီအသက်အရွယ်ဟာ ကျွန်တော်တို့ ဘယ်လူနေမှုအသိုင်းအဝိုင်းမှာပဲဖြစ်ဖြစ် ရင့်ကျက်တယ်ဆိုတဲ့အဖြစ်ကို စပြီးကိုယ်တွေ့ခံစားရတယ်။ နှီးနှောယ်ပတ်သက်မှု (Involvement) ဖြစ်လာတဲ့ သဘောရှိတယ်။ ဟိုတုန်းကတော့ မိဘရဲ့သွန်သင်မှု၊ မိမိရဲ့အနီးကပ် ဆရာရဲ့ သွန်သင်မှုအောက်က လမ်းပြမှုတွေကို ခံပြီးမှ လက်ဝေခံသဘော နေလာခဲ့ရတဲ့ဘဝမှ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးနိုင်တဲ့အဆင့်ကို ရောက်မှန်းမသိ ရောက်လာရတယ်။

ကျွန်တော်တို့က နယ်ကျောင်းသားဆိုတော့ ဘယ်သိမလဲ။ ကိုယ့်နယ်မှာရှိတဲ့၊ ကိုယ့်မြို့မှာရှိတဲ့ တက္ကသိုလ်ကျောင်းသားဟောင်းတွေဆီ မေးရတာပေါ့။ ဘာတွေယူသွားရမလဲ၊ ဘာတွေလုပ်ရမလဲ စတဲ့မျိုးစုံပေါ့။ ဆွေတွေမျိုးတွေကလည်း လာပြီးတော့ တစ်ခါတည်း အကုန်လုံးသွန်သင်ဆုံးမပေးတာတွေ ရှိပါတယ်။

ထမင်းစားပြီး အင်းလျားကန်ပေါင်ကို အမြဲတမ်း လမ်းလျှောက်တဲ့သူတွေရှိတယ်။ တချို့ကျတော့လည်းပဲ ကိုယ့်မြို့ကိုယ့်နယ်က အမျိုးသမီးတွေကို စောင့်ရှောက်ဖို့ အနေနဲ့ အမျိုးသမီးအဆောင်တွေကို ညနေပိုင်းမှာ သွားလည်တဲ့သူတွေ ရှိတယ်။ တချို့ရည်ငံလာတဲ့ သူတွေ အနေနဲ့ကတော့ သူတို့ဘာသာသူတို့ သွားတာတွေရှိတယ်။

ရန်ကုန်တက္ကသိုလ်ရောက်တဲ့အခါ အဆောင်မှာ ၁၀ ပေပတ်လည်အခန်းနဲ့ နေကြရတယ်။ အဲဒီအခါကျတော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ကိုယ့်လိုကိုယ့်ကြမ္မာကို ကိုယ်ဖန်တီးကြရမယ့် လူတွေနဲ့ ဖြုန်းခနဲတွေ့တဲ့ သဘောပေါ့။ အဲဒီအခါမှာ တချို့ကျတော့လည်း ကိုယ့်ရဲ့ အနေအထားကို ထင်ပေါ်ကျော်ကြားတဲ့ အနေအထားကြောင့် အဲဒီထင်ပေါ်ကျော်ကြားတဲ့ အရှိန်အဝါကို အသုံးချပြီး အောက်ခြေလွတ်သွားတဲ့ လူတွေလည်း ရှိတယ်။ လူ့ဘဝကို တကယ့်အတိအကျအဆုံးအဖြတ်ပေးတဲ့ ကာလဟာ တက္ကသိုလ်ကျောင်းသားဘဝလို့ပဲ ကျွန်တော်ထင်မြင်ပါတယ်။ ကျွန်တော်တို့ မျက်စိရှေ့မှာတင် ကသောင်းကနင်းဖြစ်သွားတဲ့ လူတွေရှိသလို တိုးတက်ကြီးပွားသွားတဲ့ လူတွေလည်းရှိတယ်" ဟူသော ဩဝါဒကထာမှာ မျိုးဆက်သစ်တက္ကသိုလ် ကျောင်းသူကျောင်းသားများအတွက် စံထားမှတ်သားလိုက်နာစရာ ဖြစ်နေပါသည်။ ။

■ နိုင်ငံခြားရေးဝန်ကြီးဌာန အသိအမှတ်ပြုစာရေး ■ လက်တွေ့လုပ်ငန်းသုံးပြည်ပမှတ်တမ်းစာရေး POST ရောထူးဝင်ခွင့် PGDMA အသိအမှတ်ပြုဘွဲ့/ဆရာဝင်ခွင့် အမှတ် ၁၆၅၊ ဆိပ်ကမ်းသာလမ်း(လယ်)၊ ကျောက်တံတားမြို့နယ်၊ Tel : 09 420129333

## အသိပေးတောင်းပန်ခြင်း

ကျွန်တော် မောင်သက်ကို (၁၂/ကတတ (နိုင်) ၀၃၁၉၉၁) သည် ကျောက်တံတားမြို့နယ် စည်ပင်သာယာရေးကော်မတီ FB.Page တွင် (၂၁. ၅. ၂၀၂၀) နေ့တွင် ဥက္ကဋ္ဌအား မမှန်မကန်ပုတ်ခတ်ရေးသားခဲ့သည့်စာများနှင့် ပတ်သက်၍ ဥက္ကဋ္ဌအား အနူးအညွတ်ဝန်ချ တောင်းပန်အပ်ပါသည်။ (၂၈. ၅. ၂၀၂၀) နေ့တွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ အုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်လူကြီးများ ဆုံရာရှေ့တွင် ဝန်ချတောင်းပန်ခြင်း ပြုလုပ်ပြီးဖြစ်ပါကြောင်း အသိပေးကြေငြာအပ်ပါသည်။

မောင်သက်ကို
(၁၂/ကတတ (နိုင်) ၀၃၁၉၉၁)

## ခြံရောင်းမည်

မစိုးရိမ်ကျောင်းလမ်းသွယ်(၃)၊ (၉)မိုင်၊ မရမ်းကုန်း ၈၅'/၆၇' x ၈၅'/၇၀' ဘိုးဘွားပိုင်မြေ-ရေ/မီး၊ ခြံခတ်ပြီး၊ ဈေးနှုန်း (၆၉၀၀) သိန်း၊ **ဖုန်း-၀၉-၅၄၀၃၁၁၃၊ ၀၉-၉၆၅၄၀၃၁၁၃**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်( ၁ / ၂၀၂၀ )
## ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၃ ရက်

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းလက်အောက်တွင် လစ်လပ်လျက်ရှိသော လစာနှုန်း(၂၁၆၀၀၀-၂၀၀၀၀-၂၂၆၀၀၀)တန်း အငယ်တန်းအင်ဂျင်နီယာ(၂)ရာထူး (၉၃)နေရာအတွက် အောက်ဖော်ပြပါ အနည်းဆုံးသတ်မှတ် အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး | အနည်းဆုံး ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | အငယ်တန်းအင်ဂျင်နီယာ(၂) | A.G.T.I(EP),EGTI(EP), ETEC(EP),Dipin Technology(EP) | ၈၃ ဦး |
| (ခ) | အငယ်တန်းအင်ဂျင်နီယာ(၂) | A.G.T.I(EC/IT), EGTI(EC), ETEC(EC),Dip in Technology(EC/IT) | ၁၀ ဦး |

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၁-၇-၂၀၂၀ ရက်တွင် ပြင်ပပုဂ္ဂိုလ်အသက်(၃၀)နှစ်ထက်မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
(ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါ ပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
(ဃ) မြို့နယ်အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတစ်ခုခုတွင် မှတ်ပုံတင်ထားသူဖြစ်ရမည်။
(င) နေရာဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူများမှ စာမေးပွဲဝင်ကြေးငွေကျပ် ၃၀၀၀(ကျပ်သုံးထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၏ ဘဏ်စာရင်းအမှတ်(SEE.10316)သို့ ပေးသွင်းရမည်ဖြစ်ပါသည်။

၄။ လျှောက်လွှာကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ၊ ရုံးအမှတ်(၂၇) ၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ စီမံခန့်ခွဲရေးဌာန၊ နေပြည်တော်တွင် လျှောက်လွှာရယူ၍ ၃-၇-၂၀၂၀ရက်နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်)ကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ စာတိုက်မှတစ်ဆင့်ဖြစ်စေ ပေးပို့လျှောက်ထားရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကိုပူးတွဲပေးပို့ရမည်-
(က) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း။
(ခ) ဘွဲ့လက်မှတ် / ဒီပလိုမာအောင်လက်မှတ်မိတ္တူ( မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်။)
(ဂ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် ( သို့ ) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်။)
(ဃ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ (သို့မဟုတ်) အမျိုးသားမှတ်ပုံတင်မိတ္တူ
(င) (၁)လအတွင်းရိုက်ကူးထားသောပတ်စ်ပို့အရွယ်ဓာတ်ပုံအပို(၃)ပုံ (ဓာတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ် အမှတ်ရေးသားရန် )
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အကျင့်စာရိတ္တကောင်းမွန်ကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံချက်မူရင်း။
(ဆ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူနှင့် လွန်ခဲ့သော (၃)လက ရယူထားသောအကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်။
(ဇ) လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် ခန့်ထားခြင်းခံရပါကနေရာဒေသမရွေး သွားရောက်တာဝန်ထမ်းဆောင်ပါမည်ဟုကတိဝန်ခံချက်။

၆။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာကိုမိမိတာဝန်ထမ်းဆောင်သည့်ဌာန ၊ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် ခွင့်ပြုချက်ရယူပြီး ရုံးအမှတ်(၂၇)၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရုံးချုပ်၊ နေပြည်တော်သို့ ၃-၇-၂၀၂၀ရက်နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပါသည်။

၇။ ရေးဖြေစာမေးပွဲကို နေပြည်တော်တွင် ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၊ အင်္ဂလိပ်စာဘာသာရပ်နှင့် အင်ဂျင်နီယာဘာသာရပ်တို့ကိုဖြေဆိုရမည် ဖြစ်ပါသည်။

၈။ ရေးဖြေစာမေးပွဲကျင်းပပြုလုပ်မည့် ရက် / အချိန် / နေရာနှင့် စာမေးပွဲဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည့် ရက်/ အချိန် / နေရာများကို လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website www. moee. gov. mmနှင့် နေ့စဉ်ထုတ် နိုင်ငံပိုင်သတင်းစာများတွင် ထပ်မံကြေညာပါမည်။

၉။ ရွေးချယ်ခြင်းခံရပါက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတွင် အနည်းဆုံး(၅)နှစ်ဆက်တိုက် တာဝန်ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိစာချုပ် ချုပ်ဆိုရမည်ဖြစ်သည်။ စာချုပ် စည်းမျဉ်းစည်းကမ်းဖောက်ဖျက်ပါကငွေကျပ် ၁၀၀၀၀၀၀၀(ကျပ်တစ်ဆယ်သိန်းတိတိ)ကို ပေးလျော်ရမည်ဖြစ်ပါသည်။

၁၀။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက်မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ရုံးအမှတ်(၂၇)၊ စီမံခန့်ခွဲရေးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ ၊ ဖုန်းနံပါတ်- ၀၆၇- ၈၁၀၄၂၀၇ / ၈၁၀၄၂၂၁ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

# ကိုဗစ်-၁၉ ကာလအတွင်း စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ ကန့်သတ်စောင့်ကြည့်ထားသည့် အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်း လာရောက်ထုတ်ယူရန်အသိပေးနှိုးဆော်

**နေပြည်တော် ဇွန် ၂**

စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများတွင် ကိုဗစ် -၁၉ ရောဂါ ကာကွယ်ကုသနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိရာ လူမှုဖူလုံရေးအဖွဲ့သည် ကိုဗစ်-၁၉ ကာလအတွင်းကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမားများအား အသွားအလာကန့်သတ်ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်း ကန့်သတ်စောင့်ကြည့်ကာလကို မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်၍လည်းကောင်း၊ အာမခံအလုပ်သမားကိုယ်ဝန်ဆောင်မိခင်များအား တစ်ကြိမ်လျှင် ရှစ်ပတ်မှ အများဆုံး ၂၆ ပတ်အထိ မကျန်းမာမှုဆေးခွင့်အဖြစ် သတ်မှတ်ပေးကာ ထည့်ဝင်ကြေးလစာ၏ ၆၀ ရာခိုင်နှုန်းအား ငွေကြေးအကျိုးခံစားခွင့်အဖြစ် ထုတ်ပေးရန်အတွက် ညွှန်ကြားချက်ထုတ်ပြန်၍ စိစစ်ခွင့်ပြု ပေးလျက်ရှိသည်။

၂၀၂၀ ပြည့်နှစ် မေ ၂၈ ရက်အထိ စာရင်းများအရ ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမား ၉၁၂ ဦးနှင့်ကိုယ်ဝန်ဆောင်မိခင် ၅၉၈၅ ဦးရှိသည့်အနက် ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ ၂၁၂ ဦးအား ငွေကြေး အကျိုး ခံစားခွင့် ငွေကျပ် ၉၉၀၁၆၃၁ ကျပ်နှင့် ကိုယ်ဝန်ဆောင် မိခင် ၅၆ ဦးအား ငွေကျပ် ၆၄၆၃၉၅၀ တို့ကို ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများမှ မကျန်းမာမှု ဆေးခွင့်ခံစားနေသော ကန့်သတ်စောင့်ကြည့်ပြုလုပ်ထားသူ အာမခံအလုပ်သမားများနှင့် ကိုယ်ဝန်ဆောင်မိခင်များသည် မကျန်းမာမှုအကျိုးခံစားခွင့် ၆၀ ရာခိုင်နှုန်းကို ထုတ်ယူနိုင်ရန်အတွက် သက်ဆိုင်ရာမှ ထုတ်ပေးသော ကန့်သတ်စောင့်ကြည့်ရက်ပြည့်ပြီးကြောင်း ထောက်ခံချက်၊ လူမှုဖူလုံရေး ဆေးခန်းများမှ ထုတ်ပေးသော ဆေးသက်သေခံလက်မှတ်နှင့်အတူ သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးများသို့ ဆက်သွယ်၍ ငွေကြေးအကျိုးခံစားခွင့်များ ထုတ်ယူနိုင် ရန် အသိပေးကြေညာထားကြောင်း သိရသည်။

**သတင်းစဉ်**

# ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသောရေများကို ဒေသအလိုက် စိုက်ပျိုးရေ၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။ ထိုကဲ့သို့ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့ (WUG)များနှင့်အတူ “ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်” ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။ အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့် ဆုံးရှုံးမှု နည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာ ပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

**ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့မှ အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှုဖူလုံရေးအဖွဲ့၏သတင်းအချက်အလက်စနစ် (SSB Information System)အတွက် အောက်ဖော်ပြပါ Lot(၄)ခုအား အိတ်ဖွင့်တင်ဒါ ခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသည်-

Lot(1)- Data Center Main Site (Colocation) တည်ဆောက်တပ်ဆင်ခြင်း။
Lot(2)- Telecommunication infrastructure များတပ်ဆင်ခြင်း။
Lot(3)- SSB Information System ရေးဆွဲတည်ဆောက်ရန် Development License များ ဝယ်ယူခြင်း။
Lot(4)- SSB Information System ရေးဆွဲတည်ဆောက်ရန် Hardware များ ဝယ်ယူခြင်း။

၂။ စိတ်ပါဝင်စားသော ပြည်တွင်း၊ ပြည်ပကုမ္ပဏီများနှင့် ဖက်စပ်ကုမ္ပဏီများ အနေဖြင့် အိတ်ဖွင့်တင်ဒါအား ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ဝယ်ယူမည့်ဌာနအဖွဲ့အစည်း - အလုပ်သမား၊လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့။
(ခ) တင်ဒါခေါ်ယူသည့်အကြောင်းအရာ - SSB Information System အတွက် Lot(၄)ခုအား ဆောင်ရွက်ရန်။
(ဂ) တင်ဒါစတင်ရောင်းချမည့်ရက် - ၃-၆-၂၀၂၀ ရက်နေ့
(ဃ) တင်ဒါပိတ်မည့်ရက် - ၃-၇-၂၀၂၀ ရက်နေ့
(င) တင်ဒါတင်သွင်းရမည့်နေရာ - စီမံခန့်ခွဲရေးဌာန၊လူမှုဖူလုံရေးအဖွဲ့(ရုံးချုပ်)၊ အမှတ်-ဥ/၇၇၊ ရွှေတောင်သီရိလမ်း၊ ဇ၀န သိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။

၃။ တင်ဒါပုံစံများအား တစ်စုံလျှင် ကျပ်(၁၅၀၀၀/)ဖြင့် ရုံးချိန်အတွင်းဝယ်ယူနိုင်ပြီး၊ တင်ဒါအဆိုပြုလွှာများကို တင်သွင်းရာတွင် သတ်မှတ်ချိန်ထက် နောက်ကျတင်သွင်းခြင်း၊ ချိတ်ပိတ်စာအိတ်များ ပေါက်ပြဲ/စုတ်ပြဲနေခြင်းနှင့် e-mail ဖြင့် လျှောက်လွှာတင်သွင်းခြင်းများကို လုံးဝ(လုံးဝ)လက်ခံမည်မဟုတ်ပါ။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ www.mol.gov.mm Website တွင် လေ့လာနိုင်ပြီး၊ ဖုန်း-၀၆၇-၃၄၃၇၉၀၆၊ ၀၆၇-၃၄၃၇၉၀၄၊ ၀၆၇-၃၄၃၇၉၅၂၊ ၀၆၇-၃၄၃၇၉၂၅ များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဝန်ကြီးဌာနတင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

## မိခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အထကဖလုံ တက္ကသိုလ်တန်းဝင် ဆဘဗ-၂၈-ခုံအမှတ်တွင် ပညာသင်ကြားနေသော မောင်သက်ပိုင်လင်း၏ မိခင်အမည်မှန်မှာ ဒေါ်ခင်စန်းမြင့် [၇/လပတ (နိုင်) ၀၃၅၁၅၄] ဖြစ်ပါကြောင်း။

## တိုက်ခန်းရောင်းမည် ငှားမည်

(၁) ကန်တော်ကလေး 15'x50'မြေညီထပ်
(၂) Condo -အိပ်ခန်း(၃)ခန်း 1200S.F
**ဖုန်း-09-5063132၊ 01-385306**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)၊ ယုဇနလမ်း၊ မြေကွက်အမှတ်(၅၂၀/က) အကျယ်အဝန်းပေ (၁၀x၆၀)ရှိ ဦးသိန်းဆောင် အမည်ပေါက်ပါမစ်မြေကွက်ကို အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ယခုလက်ဝယ်ရှိ ပိုင်ဆိုင်သူ ဦးသွန်းပြည့်စုံအောင် [၁၂/စခန(နိုင်)၀၆၈၉၂၀]က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားပါမည်။

**ဒေါ်ခိုင်ခိုင်မြင့်[၁၂/ဒဂရ(နိုင်)၀၀၁၀၄၃]**
**ဖုန်း-၀၉-၂၅၀၁၈၈၂၇၅**
**အမှတ်(၁၀၄/က)၊ ရာဇဓိရာဇ်လမ်း၊ (၈)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

THE REPUBLIC OF THE UNION OF MYANMAR

**MINISTRY OF ELECTRICITY AND ENERGY**

ELECTRIC POWER GENERATION ENTERPRISE

GROUND MOUNTED SOLAR POWER PROJECTS IN MYANMAR

**(Tender No. EPGE PV 01/2019–2020)**

In accordance with section 8.2 “AMENDMENTS” of Request for Proposals (RFP) of **EPGE PV 01/2019–2020**, EPGE herewith would like to announce that **Bid Submission Date** shall be amended as **17th July 2020** and the Addendum No.2 shall be issued.

## အများသိစေရန်ကြေညာခြင်း

- ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင် [၁၂/ပဇတ(နိုင်)၀၂၈၁၁၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။
- ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်သည် ဦးမြင့်ခိုင်(၁၂/ပဇတ (ပြု) ၀၀၀၂၁၁) ချမ်းသာပြည့်စုံ (အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး) အမှတ်(၂၁၀-ဘီ)၊ ဆင်တဲလမ်း၊ စက်မှုဇုန် (၃) တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့ထံမှ သံချောင်းလုံး (ရွှယ်စုံ)များကို ကြိုတင်ငွေပေးချေပြီး ဝယ်ယူခဲ့ပါသည်။
- ဝယ်ယူခဲ့သည့်ပစ္စည်းများနှင့် ပတ်သက်၍ ချမ်းသာပြည့်စုံ (အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး) ငွေရပြေစာဆိုင်ဘောက်ချာများ၊ စာချုပ်စာတမ်းများဖြင့် အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့အတွက် ကျွန်ုပ်၏မိတ်ဆွေနှင့် ဦးမြင့်ခိုင် (ချမ်းသာပြည့်စုံ အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး)တို့ ပြုလုပ်ခဲ့သည့် အရောင်းအဝယ်ကိစ္စများတွင် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူခဲ့သည့် ပစ္စည်းဖိုး ပေးရန်ကျန်ငွေ လုံးဝ မရှိခဲ့ပါ။ ထို့ကြောင့် လက်ရှိအချိန်တွင် ဖြစ်ပေါ်နေသော ဦးမြင့်ခိုင် ပေးရန်ရှိနေသော အကြွေးကိစ္စများမှာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးခင်မောင်နှင့် လုံးဝပတ်သက်ခြင်း မရှိပါကြောင်းကို အသိပေးအပ်ပါသည်။
- ဦးမြင့်ခိုင် (ချမ်းသာပြည့်စုံ အိမ်ဆောက်ပစ္စည်းနှင့် သံထည်ရောင်းဝယ်ရေး)ကသာ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်ထံသို့ ပေးရန်ရှိသည့်အပေါ်တွင် ပြေလျော့ပေးပါရန် ဦးမြင့်ခိုင်အပါအဝင် ၎င်း၏ဇနီး ဒေါ်မူမူချစ်၊ ဦးမြင့်ခိုင်၏အစ်မ ဒေါ်ဝေဝေဟန်နှင့် လူကြီးများဖြစ်သော ဦးကျော်ဝင်းနှင့် ဦးချစ်လှိုင်တို့၏ မေတ္တာရပ်ခံချက်အရ ဦးခင်မောင်မှ ဦးမြင့်ခိုင်အား လူမှုရေးအရ ထောက်ထားပြီး (၄-၂-၂၀၂၀) ရက်နေ့တွင် “နှစ်ဦးနှစ်ဖက် သဘောတူကတိစာချုပ်”ဖြင့် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပါသည်။ ယနေ့အချိန်တွင် ဦးခင်မောင်နှင့် ဦးမြင့်ခိုင်တို့မှာ မည်သည့်စီးပွားရေး ဆက်ဆံမှုမျိုးမှ မရှိတော့ပါ။
- သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးခင်မောင်၏ဂုဏ်သိက္ခာနှင့်ပတ်သက်၍ ဦးမြင့်ခိုင်မှ အထက်ပါ ၄-၂-၂၀၂၀ တွင် ချုပ်ဆိုခဲ့သော စာချုပ်ပါ ဝန်ခံကတိပြုခဲ့သည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိဘဲ ပြုမူပြောဆိုဆောင်ရွက်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြအောင် (အောင်ကြီး)**
**ဥပဒေတွဲ့ (စဉ်-၃၉၁၃/၂၅.၁၁.၈၆)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၁၆၃၊ ၄-လွှာ)၊ (၃၈) လမ်း**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**၀၉- ၅၁၅၁၂၄၆**

AYA Bank

AYA PAY

AYA mBanking 2.0

AYA iBanking




ဝန်ဆောင်ခ FOC

= = = = = = = = = =

ပြည်တွင်းအခွန်များဦးစီးဌာနသို့

ရောဝတီဘဏ်မှ AYA Internet Banking၊ AYA Mobile Banking နှင့် AYA Pay တို့ဖြင့် Online မှပေးချေနိုင်သည့်အပြင် ၂၅-၅-၂၀၂၀ ရက်နေ့ မှစ၍ ၂၀၂၀ ဇွန်လကုန်အထိ ဝန်ဆောင်ခများကို လုံးဝကောက်ခံမှာ မဟုတ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။




ဆေးပညာ၊ လူနေမှုဘဝနှင့် အစားအစာများ စသည့် ကျန်းမာရေးဗဟုသုတ အကြောင်းအရာများစွာကို စုံလင်စွာ လေ့လာဖတ်ရှုနိုင်စေရန်အတွက် ပြန်လည်ဖြည့်စွက်မွမ်းမံကာ **ဒုတိယအကြိမ်** အဖြစ် ထုတ်ဝေဖြန့်ချိလိုက်ပါသည်။

၂၀၀၆ ခုနှစ်အတွက် သုတစွယ်စုံ (အသုံးချသိပ္ပံ) စာပေဆုရ

**သဘာဝမှရသောကျန်းမာသုခ**

ဒေါက်တာခင်မောင်လွင် (FAME)



ကျန်းမာသုခစာအုပ်များ အားလုံးကို ရန်ကုန်မြို့တွင်း **အိမ်အရောက်** ပို့ပေးနေပါပြီ။

09-752721908, 09-954271908


## Transferring Distributor for Registered Product

Distribution of following(1) Pesticides registered by Shanghai E-Tong Chemical Co.,Ltd. is transferring from Net Work Marketing Limited. to Wah Wah Agricultural Chemicals Trading Co.,Ltd. Any objection regarding to this transfer can notify at Myanmar Pesticide Registration Board within(7) days.

| No | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1. | E-T Metanil 440SC | Chlorothalonil 40% + Metalaxyl 4%SC | Full | F2019-2079 |
| 2. | E-T Chlotin 50EC | Abamectin 1.5%+ Chlorpyrifos 48.5%EC | Provisional | P2018-2073 |

Wah Wah Agricultural Chemicals Trading Co.,Ltd.
Contant No- 09-400 902 044, 09- 420 021 530

## [illegible]

Shanghai E-Tong Chemical Co.,Ltd မှ [illegible] Net Work Marketing Limited မှ Wah Wah Agricultural Chemicals Trading Co., Ltd. [illegible] (၇)ရက် [illegible]

| No | Trade Name | Active Ingredient | Registration Type | Registration Number |
|---|---|---|---|---|
| 1. | E-T Metanil 440SC | Chlorothalonil 40% + Metalaxyl 4%SC | Full | F2019-2079 |
| 2. | E-T Chlotin 50EC | Abamectin 1.5%+ Chlorpyrifos 48.5%EC | Provisional | P2018-2073 |

Wah Wah Agricultural Chemicals Trading Co.,Ltd.
Contant No- 09-400 902 044, 09- 420 021 530

## ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက် အင်းဝလမ်း(၂၀)၊ အမှတ်(၁၈၇)၊ ၅-လွှာ(ဝဲ)၊ (၁၂x၅၅)ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

အထက်ဖော်ပြပါတိုက်ခန်းအား ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဝင်းမြင့်[၁၂/ဥကတ(နိုင်)၀၅၅၃၆၈]မှ ၎င်းလက်ဝယ်ထားရှိ ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စောယုဝါက ယင်းတိုက်ခန်းအား ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်၊ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း) အထောက်အထားခိုင်လုံစွာဖြင့် ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဘေဘီအေး**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၇၂၁) ဖုန်း-၀၉-၅၀၆၆၆၀၂**
**အမှတ်(၃၉)၊ ၇-လွှာ(ဝဲ)၊ အိမ်ကြီးလမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၁၄၀/ခ)၊ မြနန္ဒာကျောကပ်လမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးမောင်မောင်သိန်း(CE-021414) [၁၂/ဥကမ(နိုင်)၀၇၆၀၉၂] အမည်ပေါက် ပါမစ်အမည်ပေါက်မြေ အလျား ပေ(၂၀)xအနံပေ(၆၀) မြေကိုဒေါ်နီနီဦး[၅/ကဘလ(နိုင်)၁၀၈၅၃၆]ထံမှ ဒေါ်ငွေငွေဝင်း[၁၂/သကတ(နိုင်)၁၅၄၂၄၄]မှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)ဖြင့် ကန့်ကွက်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ ထိုရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ငွေငွေဝင်း**

**ဖုန်း-၀၉-၇၆၆၁၁၀၇၃၂၊ ၀၉-၇၉၀၁၇၆၂၄၆**

## တစ်ဦးတည်းဖြစ်ကြောင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင်နေထိုင်သော မောင်ကျော်ညွှန့်ဦး[၁၀/မဒန(နိုင်)၁၀၄၅၉၁]၏ဖခင် ဦးမင်းအုန်းမြိုင်(ခ) ဦးအုန်းမြိုင်(ခ) ဦးအုံးမြိုင်[၁၂/ဒဂန(နိုင်)၀၂၀၁၅၄]မှာ တစ်ဦးတည်းဖြစ်ကြောင်း။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမောင်မောင်[၁/မညန(နိုင်)၁၅၇၈၄၂]၏ ကားနံပါတ် 1N/6804 ကားအမည်ပေါက် ငွေသွင်းအခွန်စိမ်းမူရင်း၊ ငွေသွင်းချလန်၊ ယာဉ်မှတ်ပုံတင်တို့မှာ ပျောက်ဆုံးသွားပါကြောင်း။

**ဖုန်း-၀၉-၉၅၅၀၆၆၆၈၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၉)၊ မြေကွက်အမှတ်(၁၁၄၁)၊ မြနန္ဒာကျောကပ်လမ်း၊ ၆၉-ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ဦးတင်ထွန်း(TSN-092064) [၁၂/အစန(နိုင်)၁၁၃၆၂၀] အမည်ပေါက် ပါမစ်အမည်ပေါက်မြေ အလျား (၃၀)ပေx အနံ(၆၀)ပေမြေကို ဒေါ်စန်းစန်းမော် [၁၂/လကန(နိုင်)၀၆၈၁၉၅]ထံမှ ဒေါ်ငွေငွေဝင်း [၁၂/သကတ(နိုင်)၁၅၄၂၄၄]မှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ဤကြော်ငြာပါပြီး (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)ဖြင့် ကန့်ကွက်နိုင်ပါကြောင်း လေးစားစွာဖြင့် အသိပေးအပ်ပါသည်။ ထိုရက်ကျော်လွန်ပါက မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်ငွေငွေဝင်း**

**ဖုန်း-၀၉-၇၆၆၁၁၀၇၃၂၊ ၀၉-၇၉၀၁၇၆၂၄၆**


သစ် တော နဲ့ သစ် ပင် ချစ် ခင် တဲ့ လူ မျိုး သစ် ပင် ကို နှစ် စဉ် စိုက် ရွေ တိုက် ကို စိုး

## Covid-19 အတွက် ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေပေးမည့်ကိစ္စ

မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေး ဝန်ထမ်းဟောင်းများအသင်း၏ ၂၀၂၀ ခုနှစ်၊ မေလ(၃၁) ရက်အထိ အသင်းဝင်ဖြစ်ပြီးသူများအား Covid-19 ကာလ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့ငွေအဖြစ် အသင်းသားတစ်ဦးလျှင် (၂၀၀၀၀/-)(ကျပ်နှစ်သောင်းစီ)ထောက်ပံ့မည်ဖြစ်ပါ၍ အသင်းရုံး တည်ရာ အမှတ်(၉၅/၉၇)၊ ၃၆-လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်သို့ ၂၀၂၀ ခုနှစ်၊ ဇွန်လ(၅)ရက်မှ (၃၀)ရက်အထိ နေ့စဉ် ၉:၀၀နာရီမှ ၁၅:၀၀နာရီအတွင်း အသင်းဝင်ကတ်/ မှတ်ပုံတင်ယူဆောင်၍ လူကိုယ်တိုင်လာရောက်ထုတ်ယူနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**စုံစမ်းရန်- ဦးစိုးမြင့်၊ ဖုန်း-၀၉-၇၃၁၇၉၆၄၉ နှင့် ၀၉-၄၄၄၇၀၀၀၂၆**
**မြန်မာနိုင်ငံအထွေထွေအုပ်ချုပ်ရေးဝန်ထမ်းဟောင်းများအသင်း၊ ရန်ကုန်မြို့။**

မောင်သန့်ဇေရွှေ(ထားဝယ်)၊
မောင်နေမျိုး၊ ရဲသျှမ်း၊
မောင်ရဲ့မာ(ကျောက်ကုန်း)၊ ခင်ခင်ထူး၊
တိုးနောင်မိုး၊ ယုယ၊ စံပယ်ဖြူနု၊
နိုင်မြင့်၊ အဖြူရောင်(ရွှေ)၊
ခင်သန္တာ၊ ထွန်းဟောက်ထွဋ်(သန်လျင်)၊
သတိုး၊ ကြည်ထွန်းလူ၊ ဆေးဆေး၊
မိုးသက်ဆွေ၊ ခန့်ညီဖေ၊
မော်မော့်မောင်၊ မြစ်ကျိုးအင်း၊
သံလွင်ကို(မော်လမြိုင်)၊
အယ်ကော်၊ ပိုင်ဒွေး(သန်လျင်)၊




မှုလျှင်ရှု-ဟောလျှင်သောက်
ရွှေတောင်
အမှတ်တံဆိပ်
ပန်းပေါင်းစုံ သွေးဆေး
TMR0000845(0519)
အမူးအမောများခြင်း၊ တိုင်မော၊ ထမော ဖြစ်ခြင်း၊ နှမ်းမြိုက်ရွာအိပ် မပျော်ခြင်း၊
အစားအသောက်ပျက်ခြင်း၊ အသားအရေ ဝါဖြူ ကင်းခြင်း၊ တင်းတိပ်ထွက်ခြင်း၊
မီးယပ်ကွက်များ ထွက်ခြင်းနှင့် မီးယပ်သွေးဆုံးရောဂါများအတွက်
မြန်မာ့ဆေးစွမ်းကောင်း

### ဘုတ်အဖွဲ့ဝင်ဥက္ကဋ္ဌ/ဒါရိုက်တာဝန်အပ်ခြင်းနှင့် နုတ်ထွက်ခြင်းအား အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း အမှတ် (၄၇/ဒီ) တွင် ရုံးချုပ်တည်ထောင် ဖွင့်လှစ်ထားသည့် DO Microfinance Co., Ltd အသေးစားငွေရေးကြေးရေးလုပ်ငန်း (လိုင်စင်အမှတ် - ၀၃၀၆/၂၀၁၉) ၏ ၂၁-၅-၂၀၂၀ တွင် ကျင်းပသော အစုရှယ်ယာရှင်များ အစည်းအဝေးဆုံးဖြတ်ချက်အရ လက်ရှိဘုတ်အဖွဲ့ဝင် ဥက္ကဋ္ဌ/ဒါရိုက်တာ Mr.Jumpei Nakamura (Passport No: TK6720241) သည် ရာထူးမှ နုတ်ထွက်မည်ဖြစ်ပြီး Mr.Kenichi Shimomoto (Passport No: TS1064627) အား DO Microfinance Co., Ltd ၏ဥက္ကဋ္ဌ/ဒါရိုက်တာအဖြစ် အစည်းဖြင့် ခန့်အပ်သွားမည်ဖြစ်ပါသည်။ ပြောင်းလဲခန့်အပ်ခြင်းသည် မေလ ၂၅ ရက်၊ ၂၀၂၀ မှ စတင် အကျိုးသက်ရောက်သွားမည်ဖြစ်သည်။ ကုမ္ပဏီနှင့် ငွေရေးကြေးရေး ပတ်သက်ဆက်နွှယ်ဆောင်ရွက်လျက်ရှိသော အသင်းသားများ၊ အခြားသော Stakeholders များနှင့် အများပြည်သူသိရှိနိုင်စေရန် ကြေညာအပ်ပါသည်။

ဆက်သွယ်ရန်
Mr.Savoeung Chann (CEO)
ဦးဆောင်မန်နေဂျာ (General Manager)
အမှတ် - ၄၇/ဒီ၊ ဂုမိုင်ခွဲ၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မြေကွက်များ ဝယ်လိုသည်**
ဒဂုံမြို့သစ် အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း၊ ဆိပ်ကမ်း၊
အိမ်ရောက်ငွေပေးချေမည်
ပွဲခပေးရန် မလိုပါ။
09-254118190
09-898580954

**Lucky Brother Group**
ဒဂုံမြို့သစ် ၄မြို့နယ်ရှိ မြေကွက်များကို
ကာလပေါက်ဈေးတိုင်း ပေးဝယ်ပါသည်။
ပွဲခပေးရန်မလိုပါ။
09-5173511, 09-250406914

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၃-သုဝဏ္ဏ)၊ မြေကွက်အမှတ် (၂၁၂/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၀/၂)၊ ခရေမြိုင်လမ်း၊(၂၃)ရပ်ကွက်၊ စုပေါင်းအိမ်ရာ၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးကျော်ကျော် [၇/တငန(နိုင်)၀၀၅၅၅၀]၊ ဦးအောင်မြင့်သန်း [၁၂/သဃက (နိုင်)၀၁၂၈၁၅]၊ ဦးဝင်းမြင့် [၁၂/သဃက(နိုင်)၀၁၂၉၀၁] ညီအစ်ကို(၃)ဦး အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်(၂)ဦးဖြစ်သည့် ဦးအောင်မြင့်သန်း (ခင်ပွန်း)သည် ၈-၃-၂၀၀၄ရက်တွင် လည်းကောင်း၊ ဦးဝင်းမြင့်သည် (လူပျိုကြီးဘဝ)ဖြင့် ၁၅-၇-၂၀၁၈ ရက်တွင် လည်းကောင်း အသီးသီး ကွယ်လွန်သဖြင့် ဒေါ်သီတာမြင့် [၁၂/သဃက(နိုင်)၀၁၃၇၀၆]နှင့် ကျန်အမည်ပေါက် (၁)ဦးဖြစ်သူ ဦးကျော်ကျော်တို့ ပူးတွဲ၍ ၎င်းတို့(၂)ဦးသာ တရားဝင်အမွေ ဆက်ခံခွင့်ရှိသော ဇနီးနှင့်ညီဖြစ်ကြောင်း၊ ၎င်းတို့(၂)ဦးမှလွဲ၍ အခြားသော အမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၀၁၇/၄-၉-၂၀၁၉)၊ သေစာရင်းများ၊ အိမ်ထောင်စုစာရင်း၊ ဂရန်မူရင်းတို့ တင်ပြပြီး ၎င်းတို့နှစ်ဦးထံမှ (GP)ရသူ ဒေါ်စုသန္တာအောင် [၁၂/သဃက(နိုင်)၁၅၈၇၆၈]မှ ပါဝါပေးသူများ သက်ရှိထင်ရှားရှိကြောင်းနှင့် ယနေ့ထက်တိုင် ပါဝါရုပ်သိမ်းခြင်း မရှိသေးကြောင်း ကျမ်းကျိန်လွှာအမှတ် (၆/၁၃၅၅/၂၁-၆-၂၀၁၉)၊ G/Pအမှတ် (၁၀၈၄၈/၁၁-၁၀-၂၀၁၈)တို့နှင့်အတူ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ လွတ်လပ်ရေးရပ်ကွက်၊ (၉၇)လမ်း၊ အိမ်အမှတ်-၁၄၊ (၃လွှာ)နေ ဒေါ်တင်တင်အေး [၁၂/မဂတ(နိုင်)၀၅၄၆၀၂]၏ သားဖြစ်သူ မောင်တင်လှ(ခ) ဗိုဘေရ် [၁၂/မဂတ(နိုင်)၁၀၃၅၇၅]သည် မိခင်နှင့် အစ်မ၏ ဆိုဆုံးမမှုကိုမနာခံဘဲ မိသားစုစိတ်ဆင်းရဲအောင်နှင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေရန် အကြိမ်ကြိမ်ပြုလုပ်ခဲ့သောကြောင့် ဤကြော်ငြာပါသည့်ရက်မှစ၍ မောင်တင်လှ(ခ)ဗိုဘေရ်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ သူ၏အရှုပ်အရှင်းကိစ္စ တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ကျွန်မဒေါ်တင်တင်အေးမှ ဖြေရှင်းပေးမည်မဟုတ်ပါ။ **စုံစမ်းမေးမြန်းခြင်းသည်းခံပါ။**

**မိခင် ဒေါ်တင်တင်အေး**




သွေးတိုးကျ သွေးတိုးကျ
သန္တိသုခ
သွေးတိုးကျ
ကြော်ငြာခွင့်ပြုချက်အမှတ်
014/0819
အမြို့မြို့ဆိုင်တိုင်းတွင် ရနိုင်ပါသည်။
TMR 012355 (0919)
ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ

## ဝမ်းနည်းကြေကွဲခြင်း
### ဒေါ်မေဒီမြင့်
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ (၁၀)မိုင်၊ မြကန်သာလမ်း၊ အမှတ်(၉၉)နေ [ဒုတိယဗိုလ်မှူးကြီးမင်းအောင်(ငြိမ်း)]၏ ချစ်လှစွာသောဇနီး ဒေါ်မေဒီမြင့်သည် ၂-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစု နှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ**

---

ရဟန်းဒါယိကာမကြီး
### ဒေါ်တင်ရွှေ
**အသက်(၉၀)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံတောင်ရပ်ကွက်၊ အမှတ်(၄၂)၊ ရတနာလမ်းနေ (ဦးဖေမြင့်)၏ ဇနီး၊ ဦးတင်ဦး-(ဒေါ်နုနုယဉ်)၊ (ဦးတင်ညွန့်)-ဒေါ်သီတာမြင့်၊ ဦးဘုန်းမြင့်-ဒေါ်ခင်မာချို၊ ဦးသက်မြင့်-ဒေါ်ခင်သန္တာဝင်း၊ ဦးသူရမြင့်-ဒေါ်နီလာခင်တို့၏မိခင်၊ မြေး ၁၂ ယောက်တို့၏အဘွား၊ မြစ်လေးယောက်တို့၏ ဘွားဘွားသည် ၁-၆-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဗိုလ်ကြီးဒေါ်ခင်အုံးကြည် (ဒေါ်အုံးသီး) (ငြိမ်း)
စစ်သူနာပြု အမှတ်စဉ်(၂)
**အသက်(၈၄)နှစ်**

မန္တလေးမြို့နေ (ဦးမောင်ကြီး-ဒေါ်စိမ်းရွှေ)တို့၏ သမီး၊ ရန်ကုန်မြို့နေ ဗိုလ်မှူးကြီးမြင့်ရွှေ(ရေ/ငြိမ်း)၏ ဇနီး၊ အမှတ်(၃၉၈)၊ လေးကျွန်းကြာခိုင်လမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်နေ ဦးခိုင်ထွဋ်လှ (ဒုတိယအတွင်းဝန်၊ မြန်မာသံရုံး Islamabad, Pakistan)-ဒေါ်သီသီမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မသက်သီရိထွဋ် (Grade-11, TTC)၏ ချစ်လှစွာသောအဘွားသည် ၂-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၂:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၆-၆-၂၀၂၀ (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်မှူးခင်မောင်နွယ် (ငြိမ်း)
(လေ/၁၄၅၈)

၂၇-၅-၂၀၂၀ရက်နေ့က သူငယ်ချင်း(၈လ-၂၈၆) ဒို့တစ်တွေနဲ့ ရုတ်တရက်ခွဲခွာသွားရပြီမို့ အစဉ်မှတ်ရ အောက်မေ့ပြီး၊ မိသားစုနဲ့ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အပတ်စဉ်(၇)**
**သူငယ်ချင်းများ**

---

### အထူးဝမ်းနည်းကြေကွဲခြင်း
### ဗိုလ်ကြီးအေးဆွေ (ငြိမ်း)
**အသက်(၅၀)**

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏရပ်ကွက်၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီဌာနချုပ်ဝင်းနေ ဒေါ်သန့်ချိုချိုဦး၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဖွဲ့ခန့်အောင်နှင့် မရင်အေးချမ်းမြေ့တို့၏ ချစ်လှစွာသောဖခင် ဗိုလ်ကြီးအေးဆွေ(ငြိမ်း)သည် ၂-၆-၂၀၂၀ ရက် (အင်္ဂါနေ့) ၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS-97 သူငယ်ချင်းများ**

---

### ဝမ်းနည်းကြေကွဲခြင်း
### ဆရာကြီး ဦးရဲသောင်း
**အသက် (၈၁) နှစ်**

မန္တလေးမြို့၊ အမှတ်(88/2/19)၊ ကန်သာယာရပ်ကွက်၊ (၅၈)၊ (103-104)လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်နေ ဒေါ်ခင်ဝင်း၏ ချစ်လှစွာသောခင်ပွန်း ဆရာကြီးဦးရဲသောင်း (လက်ထောက်ကထိက-ငြိမ်း၊ အစိုးရစက်မှုလက်မှုသိပ္ပံ-မန္တလေး)နှင့် (တောင်ကြီးစက်မှုလက်မှုအထက်တန်းကျောင်း) ဆရာကြီးသည် ၃၀-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျောင်းသားဟောင်းများ**
**စက်မှုလက်မှုအထက်တန်းကျောင်း (တောင်ကြီး)**
**(1968–1998)**

---

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးထွန်းကြည် (ခ) Mr.Kajal Chowdhury
**အသက် (၆၆) နှစ်**

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၃၀၇) သျှရီ သျှရီ ဒူရ်ဂါဘာရီ (စန္ဒီမယ်တော်)ဘုရားကျောင်းအမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးထွန်းကြည်(ခ) Mr.Kajal Chowdhury သည် ၁-၆-၂၀၂၀ (တနင်္လာနေ့)တွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး ဦးနှောက်နှင့် အာရုံကြောခွဲစိတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့**
**သျှရီ သျှရီ ဒူရ်ဂါဘာရီ (စန္ဒီမယ်တော်) ဘုရားကျောင်း**

---

ဘဝနတ်ထံပျံလွန်တော်မူခြင်း
## ဘဒ္ဒန္တပဏ္ဍိစ္စသာရ
### သိက္ခာတော် (၅၉)ဝါရ၊ သက်တော်(၇၉)နှစ်
**မကွေးတိုင်းဒေသကြီး၊ သံဃနာယကဥက္ကဋ္ဌ**

မကွေးတိုင်းဒေသကြီး၊ မကွေးမြို့၊ ကန်သာရပ်ကွက်၊ အောင်မြေရတနာစာသင်တိုက်၊ ပဓာနနာယက-မကွေးတိုင်းဒေသကြီး၊ သံဃနာယကဥက္ကဋ္ဌ၊ ဘဒ္ဒန္တပဏ္ဍိစ္စသာရ (အဂ္ဂမဟာပဏ္ဍိတ) သိက္ခာတော် (၅၉)ဝါရ၊ သက်တော်(၇၉)နှစ် မဟာထေရ်မြတ်သည် (၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်)၊ ၂-၆-၂၀၂၀ ရက် ညနေ ၄:၁၅ နာရီတွင် မကွေးမြို့၊အောင်မြေရတနာစာသင်တိုက်၌ဘဝနတ်ထံပျံလွန်တော်မူ၍ (၁၃၈၂ ခုနှစ်၊ နယုန်လဆုတ် ၁၃ ရက်)၊ ၁၈-၆-၂၀၂၀ ရက်တွင် အောင်မြေရတနာစာသင်တိုက်၌ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်ဆင်ယင်ကျင်းပ ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်၊ သံဃာ၊ ဒါယကာ/ဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

တပည့်သံဃာ၊ ဒါယကာ/ဒါယိကာမများ

---

### ဒေါ်ခင်စော
ရန်ကုန်စက်မှုတက္ကသိုလ်၊ ကျောင်းသားရေးရာဌာန (ငြိမ်း)
**အသက် (၈၂) နှစ်**

စစ်တွေမြို့နေ [ဦးကွန်ချုပ်(အရေးပိုင်ရုံးအုပ်ကြီး)-ဒေါ်မကျော့]တို့၏သမီး၊ စစ်တွေမြို့၊ ကျောင်းတက်လမ်းနေ [ဦးကျော်ဇံလှ(ပညာဝန်ထောက်)-ဒေါ်ရွှေမြသူ] တို့၏သမီးချွေးမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ သမိုင်း(၂)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၁၉၈)နေ [ဦးစံရွှေ(လဝက-ငြိမ်း)]၏ ချစ်လှစွာသောဇနီး၊ [ဒေါက်တာစောဖြူ(RIT၊ သတ္တုဗေဒ)]၏ ညီမ၊ ဦးခင်အောင်ရွှေ (Senior Engineer, Frontken, Singapore, PTE.,LTd)-ဒေါ်စီစီမြင့် (Singapore)၊ ဦးခင်ဇော်ရွှေ (Chief Engineer, ocean Tanker Pte.,Ltd-Singapore)၊ ဒေါ်တင့်တင့်မေ (Singapore)၊ ဦးနေလင်း(Bay Area Repaid Transit, USA)-ဒေါ် Julia Chan (University of California, USA) တို့၏ကျေးဇူးရှင်မွေးသမိခင်၊ မောင်ဘုန်းမြင့်၊ မဥမ္မာကျော်၊ မယဉ်မေဇော်၊ မောင်မျိုးတင့်ဇော်၊ မကြည်ပြာနေလင်းတို့၏ ချစ်လှစွာသောအဘွား ဒေါ်ခင်စောသည် ၁-၆-၂၀၂၀ (တနင်္လာနေ့) ည ၇:၃၀ နာရီတွင် SAKURA ဆေးရုံ၌ အလ္လာအရှင်မြတ်အမိန့်တော်ကို ခံယူသွားပါသဖြင့် ၂-၆-၂၀၂၀ (အင်္ဂါနေ့)တွင် ရေဝေးကဗ္ဗရ်စတန်၌ ဒဖနာပြီးစီးကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဦးလေးမောင်
**အင်ဂျင်နီယာမှူးကြီး (ငြိမ်း)၊ ဆောက်လုပ်ရေးဝန်ကြီးဌာန**
**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ ကံ့ကော်မြိုင်(၁)လမ်း၊ အမှတ်(၃၆/ခ)နေ (ဦးထုံစိန်-ဒေါ်သိန်းဟံ)တို့၏သား၊ ဒေါ်ခင်မေစီ၏ခင်ပွန်း၊ ဦးတေဇာလွင်-ဒေါ်ခင်လေးခိုင်(ကထိက၊ သမိုင်းဌာန၊ ပင်လုံတက္ကသိုလ်)၊ ဦးဇေယျာထွန်း-ဒေါ်မေလေးခက်(Seattle, USA)၊ ဦးရန်စိုးနိုင်(Insurance Agent)၊ ဒေါက်တာခင်လေးသွဲ့ (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ပတ်ဝန်းကျင်နှင့် ရေပညာဌာန၊ ရန်ကုန်တက္ကသိုလ်)တို့၏မွေးသဖခင်၊ မအေးမြတ်မြင့်မို(Amo)၏ချစ်လှစွာသောအဘိုးသည် ၁-၆-၂၀၂၀ (တနင်္လာနေ့) နံနက် ၁ နရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၇-၆-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးသန်းငွေး
ထောင်မှူး(ငြိမ်း)
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(မြောက်)ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၃၅)၊ မြေညီထပ်(A)နေ (ဦးတင်-ဒေါ်စောတင်)တို့၏သား၊ (ဒေါ်မိုးမိုး)၏ ခင်ပွန်း၊ ဦးတင်မောင်ငွေး-ဒေါ်ခင်ဆွေထွေးတို့၏ဖခင်၊ မဖြိုးသီရိမွန်-မောင်ဂျူလိုင်မိုး၊ မောင်ကျော်စွာငွေး-မယဝေမောင်၊ မအိမွန်ငွေး-မောင်ဖြိုးစည်သူဝင်းတို့၏ အဘိုး၊ မဖြိုးအိကျော်၏ဘိုးဘိုးကြီးသည် ၃၁-၅-၂၀၂၀ (တနင်္ဂနွေနေ့) ည ၇:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၂၀ ရက် မွန်းလွဲ ၁:၁၅ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်အရှုနာ
**အသက် (၇၀)**

ရန်ကုန်မြို့၊ အမှတ်(၁၇၀)၊ (ပ) ထပ်၊ (၃၃)လမ်းနေ [ဦးမူရာဂျ်ဆေးဂျပါးလ် (တောက်တောက်ဝင်းအော့ဖ်ဆက်)]၏ ချစ်လှစွာသောဇနီး၊ မပီရီတီ-ကိုသက်နိုင်(Super Electronic)၊ မတီနာ-ကိုဇော်ဝင်း(အကောက်ခွန်အရာရှိ-ငြိမ်း)၊ ကိုအောင်ကြီး (တောက်တောက်ဝင်းအော့ဖ်ဆက်)-မဒက်ရှာ၊ ကိုစိန်ဝင်း (တောက်တောက်ဝင်းအော့ဖ်ဆက်)-မဂျိုတီတို့၏ ချစ်လှစွာသောမိခင် ဒေါ်အရှုနာသည် ၂-၆-၂၀၂၀ (အင်္ဂါနေ့) မွန်းလွဲ ၁:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးဟိန္ဒူသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌အိပ်ပျော်ခြင်း
### ကိုကျော်သူရစိုး
BE(EC) CCNA
**အသက်(၂၉)နှစ်**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတော(လယ်)ရပ်ကွက်၊ ပုသိမ်လမ်း၊ တိုက်အမှတ်(၄၇)၊ ဒုတိယထပ်နေ ဦးအောင်၏မြေး၊ ဦးကျော်စွာစိုး (ပါမောက္ခချုပ်-ငြိမ်း)-ဒေါ်ခင်ပိုပိုအောင် (ဒုညွှန်/မှူး-ငြိမ်း)တို့၏ ချစ်လှစွာသောသား၊ Dr.မေနှင်းလှဲ့ဦး (ဆေး-၁)၏ မောင်လေး ကိုကျော်သူရစိုးသည် ၂-၆-၂၀၂၀ ရက်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၆-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ၌ ဝတ်ပြုဆုတောင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဦးခင်
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ ဇ/မြောက်ရပ်ကွက်နေ (ဦးခင်မောင်-ဒေါ်အေးမေ)တို့၏ သမီး၊ [ဦးတင့်လွင် (မန်နေဂျာ၊ ပြည်တွင်းရောင်းစက်၊ မြန်မာ့သစ်လုပ်ငန်း)]၏ ဇနီး၊ ဦးတင်ငွေ-(ဒေါ်သန်းနွဲ့)တို့၏ ညီမ၊ ဦးကျော်သန်း-ဒေါ်ပြုံးနွဲ့၊ ဦးရွှေမြင့်၊ ဦးသာထွန်း-ဒေါ်ခင်ခင်ဝင်း၊ ဒုဗိုလ်မှူးကြီးဟန်ထွန်း(ငြိမ်း)-ဒေါ်ဝင်းမာသိန်း၊ ဒေါ်ကြည်ကြည်ထွန်းတို့၏ အစ်မ၊ ဦးထွန်းအောင်ကျော်-ဒေါက်တာဝင်းဝင်းမြင့် (အရှေ့ပိုင်းတက္ကသိုလ်)၊ ဦးမြင့်ဆွေဦး (မြန်မာ့သစ်လုပ်ငန်း)-ဒေါက်တာသန္တာဦး (ပဲခူးတက္ကသိုလ်)၊ ဦးဇေယျာခိုင် (Uniteam Co.)-ဒေါ်ခင်ရည်မွန်၊ ဦးအောင်နိုင်လွင်(Green Ro-Ro Co.)-ဒေါက်တာချောနန္ဒီ (ကုသရေးဦးစီးဌာန၊ နေပြည်တော်)တို့၏ မိခင်၊ မောင်ကောင်းဆက်လင်း၊ မချမ်းမြေ့ခိုင်၊ မောင်ခန့်ဘုန်းလွင်တို့၏ ချစ်လှစွာသောအဘွား ဒေါ်ဦးခင်သည် ၁-၆-၂၀၂၀ (တနင်္လာနေ့) ည ၁၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၂၀ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးမြင့်အောင် (ကျိုက်ထော်)
A.G.T.I-MP
**အလုပ်ရုံစုမှူး (ငြိမ်း)၊ အမှတ်(၁) စက်မှုဝန်ကြီးဌာန**
**အသက် (၆၂) နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ ကျိုက်ထော်ကျေးရွာနေ (ဦးစစ်ပု-ဒေါ်ကြည်)တို့၏ သားလတ်၊ ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန)-ဒေါ်သန်းသန်းငွေးတို့၏ ညီ၊ ဦးကြီးမြင့်(ခ)ဦးချမ်း-ဒေါ်ဝင်းမြင့်တို့၏အစ်ကို၊ ရန်ကုန်မြို့၊ (၆)မိုင်ခွဲ၊ ခမ္မရုံ(၄)လမ်းနေ ဒေါ်မြင့်မြင့်သန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ထက်ထက်အောင်(တည်ဆောက်ရေး-၉၊ ဆည်မြောင်းဦးစီးဌာန)၏ ကျေးဇူးရှင်ဖခင်ကြီး ဦးမြင့်အောင် အသက်(၆၂)နှစ်သည် ၂-၆-၂၀၂၀ ရက် နံနက် ၄:၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်ကို ၄-၆-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ (၆-မိုင်ခွဲ နေအိမ်မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

ဘုရား၊ သိမ်၊ ကျောင်း၊ ရေကန် ဒါယကာ
### ဦးသောင်းထွဋ်ဦး (ခ) သားငယ် (လမ်းသစ်ရိပ်သာ)
**အသက် (၅၁) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၃)လမ်း၊ အမှတ်(၅၆)၊ ပထမထပ်(ညာ)နေ [ဦးအောင်ညွှန့် (ဒုချုပ်၊ ဗိုလ်တထောင်သတင်းစာတိုက်)-ဒေါ်တင်တင်အေး]၊ [ဦးညွှန့်မောင်(စာရင်းစစ်ချုပ်ရုံး)]-ဒေါ်သန်းသန်းညိုတို့၏ သားငယ်၊ (ဒေါ်သန်းသန်းဦး)၊ ဦးသိန်းထွဋ်(တရားလွှတ်တော်ရှေ့နေ)တို့၏တူ၊ ဦးမောင်မောင် ကြည်၊ ဒေါ်မိမိခိုင်(လဝက-တောင်ပိုင်းခရိုင်ဦးစီးမှူးရုံး)-ဦးလှိုင်မြင့်၊ ဦးမင်းလွင်ဦးတို့၏ ညီ/မောင်၊ (ကျော်ထက်အောင်)၊ ကျော်ဆက်အောင်၊ (ရဲမင်းဟိန်း)၊ ဆုဝတီနွယ်၊ အိဖြူစင်မောင်၊ သန့်ဇော်အောင်တို့၏ဦးလေးသည် ၁-၆-၂၀၂၀(တနင်္လာနေ့) ညနေ ၆:၀၅နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂-၆-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## လှိုက်လှဲစွာ ကျေးဇူးတင်ပါသည်

၂၆-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားပါသော ဦးငြိမ်းချမ်းကြည်ညို (ကထိက၊ တရုတ်ဘာသာဌာန၊ မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်) (၄၈)နှစ်၏ဈာပနတွင် ဝိုင်းဝန်းကူညီခဲ့ပါသော မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဆရာမကြီးနှင့် ဘာသာရပ်ဆိုင်ရာ ဌာနအသီးသီးမှ ဆရာ၊ ဆရာမများ၊ စီမံရေးရာဌာနမှ အကြီးအကဲများ၊ ဝန်ထမ်းများနှင့် မကွယ်လွန်မီနှင့် ကွယ်လွန်ပြီးသည့်အချိန်အထိ အစစအရာရာ ဝိုင်းဝန်းကူညီစောင့်ရှောက်ပေးခဲ့ပါသောတရုတ်ဘာသာဌာန၊ ပါမောက္ခ(ဌာနမှူး) ဆရာမကြီးနှင့် လုပ်ဖော်ကိုင်ဖက် ညီအစ်ကိုမောင်နှမများ၊ ဖုန်းဖြင့် သတင်းမေးကြပါသော မိတ်ဆွေသူငယ်ချင်းများ၊ လိုလေသေးမရှိအောင် ပြီးစီးသည်အထိ ဆောင်ရွက်ပေးခဲ့ကြပါသော ဆရာ၏ချစ်တပည့်များအားလုံးအား လှိုက်လှိုက်လှဲလှဲ ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---




မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

---

### ဒေါ်မြို့ယဉ် (မွေ့လယ်ရွာ၊ ဂန့်ဂေါမြို့နယ်) (၇၁)နှစ်
(ယောနယ်အသင်းဝင်)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၉၁၆)နေ (ဦးသိုက်လွှမ်း)-ဒေါ်စာညွှန့်တို့၏ သမီး၊ (ဦးအေးသန်း)၏ ဇနီး၊ မောင်ကျော်ခင်ညိမ်း၏မွေးသမိခင် ဒေါ်မြို့ယဉ်သည် ၁-၆-၂၀၂၀ (တနင်္လာနေ့) ညနေ ၄ နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပ သင်ကြားရေးနှင့် ကုသရေး ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ယောနယ်အသင်း(ရန်ကုန်)

---

### ဒေါ်မြို့ယဉ်
(မွေ့လယ်ရွာ၊ ဂန့်ဂေါမြို့နယ်)
(ယောနယ်အသင်းဝင်)
**အသက် (၇၁) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၈)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်(၉၁၆)နေ (ဦးသိုက်လွှမ်း)-ဒေါ်စာညွှန့်တို့၏သမီး၊ (ဦးအေးသန်း)၏ ဇနီး၊ မောင်ကျော်ခင်ညိမ်း၏မွေးသမိခင် ဒေါ်မြို့ယဉ်သည် ၁-၆-၂၀၂၀ (တနင်္လာနေ့) ညနေ ၄နာရီတွင် ရန်ကုန်မြို့၊ မြောက်ဥက္ကလာပသင်ကြားရေးနှင့်ကုသရေး ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၃-၆-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါ သည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့်မဲရုံများ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂**

၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့် မဲရုံများ သတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် မဲဆန္ဒနယ်နှင့်မဲရုံများသတ်မှတ်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

### အိန္ဒိယနိုင်ငံ၏စီးပွားရေး ပြန်လည်ကောင်းမွန်မည်ဟု ဝန်ကြီးချုပ် မိုဒီ ပြောကြား

စာမျက်နှာ » ၁၂



### ကူးစက်မှုတွေမြင့်တက်နေစဉ် ကန့်သတ်ချက်တွေ ဖြေလျှော့ခဲ့တဲ့ ရုရှား

စာမျက်နှာ » ၁၃

### တောင်သူ၊ ပုဂ္ဂလိကလုပ်ငန်းရှင် အကျိုးတူပူးပေါင်းဆောင်ရွက်သည့် ကန်ထရိုက်လယ်ယာစနစ်ကို စတင်ကျင့်သုံးဆောင်ရွက်သွားမည်

စာမျက်နှာ » ၂၁

# ချင်းရွှေဟော်မြို့၌ နေရပ်ပြန်ပြည်သူ ၉၁ ဦး ထပ်မံဝင်ရောက်

**ချင်းရွှေဟော် ဇွန် ၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ယနေ့နံနက် ၁၀ နာရီခွဲတွင် မော်တော်ယာဉ်နှစ်စီးဖြင့် နေရပ်ပြန်ပြည်သူ ၉၁ ဦး ထပ်မံဝင်ရောက်လာကြောင်း သိရသည်။

အဆိုပါ နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိသည်။

လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၉၁ ဦးတွင် အမျိုးသား ၅၅ ဦး၊ အမျိုးသမီး ၃၆ ဦးတို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီးမှ ၂၅ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ကိုးဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၂၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၄ ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၄ ဦး၊ ရခိုင်ပြည်နယ်မှ နှစ်ဦးတို့ဖြစ်သည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ဧပြီ ၃၀ ရက်မှစတင်ပြီး စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်မှာ ယနေ့အထိ အမျိုးသား ၅၃၂၂ ဦးနှင့် အမျိုးသမီး ၃၉၅၁ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၉၂၇၃ ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**





# တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်အတွက် ဆက်လက်ကြိုးပမ်းနေသည့် သက်ထားသူဇာ

**ရန်ကုန် ဇွန် ၂**

မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် တိုကျိုအိုလံပစ်ပြိုင်ပွဲ ဝင်ခွင့်အတွက် ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပမည့်ပြိုင်ပွဲများအပေါ်မူတည်၍ ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

**ပြန်လည်သတ်မှတ်**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် အိုလံပစ်ဝင်ခွင့်အတွက် ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၄ ရက်မှ မေ ၂ ရက်အထိ သတ်မှတ်ထားပြီး ယင်းကာလအတွင်း ပြိုင်ပွဲ ၂၄ ခု ကျင်းပရန်စီစဉ်ထားကာ သက်ထားသူဇာ ပုံမှန်ဝင်ရောက်ယှဉ်ပြိုင်နေသည့် Grade-2 နှင့် Grade-3 ပြိုင်ပွဲအများစုပါဝင်လျက်ရှိသည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်အခြေအနေကြောင့် အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်ချက်များကို ပြန်လည်သတ်မှတ်ခဲ့ပြီး ယခင်ရရှိထားသည့်ရမှတ်များကို ဆက်လက်တွက်ချက်မည်ဖြစ်သလို ထပ်မံသတ်မှတ်ထားသည့်ကာလမှ ကျင်းပမည့်ပြိုင်ပွဲများတွင်ရရှိသည့် ရလဒ်များကိုလည်း ထည့်သွင်းတွက်ချက်သွားမည်ဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် Grade-2 ပြိုင်ပွဲများဖြစ်သော BWF Tour Super 100 ပြိုင်ပွဲ၊ BWF World Tour Super 300 ပြိုင်ပွဲ၊ BWF World Tour Super 500 ပြိုင်ပွဲ၊ BWF World Tour Super 750 ပြိုင်ပွဲ၊ Grade-3 ပြိုင်ပွဲများဖြစ်သော Future Series ပြိုင်ပွဲ၊ International Series ပြိုင်ပွဲနှင့် International Challenge ပြိုင်ပွဲတို့အပါအဝင် အခြားပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

ယင်းပြိုင်ပွဲများတွင် အာရှနှင့် ဥရောပနိုင်ငံများအပြင် တောင်အမေရိက၊ သမုဒ္ဒရာပိုင်းဇုန်နှင့် အခြားနိုင်ငံများ၌ ကျင်းပမည်ဖြစ်သည်။ သက်ထားသူဇာသည် အိုလံပစ်ဝင်ခွင့်အတွက် ဆက်လက်ကြိုးပမ်းမည်ဖြစ်ပြီး အာရှနှင့် ဥရောပနိုင်ငံများ၌ ကျင်းပမည့်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ဖွယ်ရှိနေသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**